


mgyoe.com
mgyoe.com

mgyoe.com

# မြောက်ပြန်လေတွင် တင်သောကမှည်း

ငြိမ်းကျော်



ငါချစ်ရာ သခင်ကို
ငါဆိုင်ပေ၏ ။
ငါ့ကိုလည်း သခင်ဆိုင်ပေ၏ ။ ။
ရှောလမုန်သီချင်း

FIC0171
3,500.00 KS

mgyoe.com

မြောက်ပြန်လေတွင်တင်သောကမ္ပည်း ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၆၈ မျက်နှာ၊ ၁၄ ・ ၅ စင်တီ × ၂၀ ・ ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၆ ဂန္ထဝင်စာပေ၏ ပထမအကြိမ်မူ၊
(၁၉၈၅၊ ဆောင်းသစ်စာပေ၊ ဒုတိယအကြိမ်)
(၂၀၁၇၊ ကုံကော်ဝတ်ရည်စာပေ၊ တတိယအကြိမ်)

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ခင် ဖတ်ဖို့ . . .

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

မြောက်လေ နိုးပါ။
တောင်လေ လာပါ။
ငါ့ဥယျာဉ်အပေါ်သို့
လာကြပါ။
မွှေးကြိုင်သော ရနံ့သည်
ပျံ့လွှင့်ပါစေ။

## ၁ ရှောလမုန်သီချင်း၊ ၄း၁၆။

ခန်းမဆောင်ထဲတွင် သံပြိုင်တေးသည် နိမ့်မြင့်တစ်ပြန်စီ ပဲ့တင်ပြုလျက်ရှိ၏။ ချမ်းမြေ့ဖွယ် နှစ်သစ်ဆုတောင်းသည် သီဆိုသူတို့၏နားသို့ လိုဏ်သံဖြင့် တစ်ဖန်ပြန်လည်စီးဝင်လေ၏။ အသံကို မှူဦး၍ချသည့်အခိုက်တွင် ငြိမ်သက်ခြင်းနှင့် ချမ်းမြေ့ခြင်းတို့ကို ဖြန့်ကြက်ပြီးသားဟု ခံစားသိရှိရလေသည်။ အတန်ကြာသည်အထိ အသက်ရှူသံကိုမျှ မကြားရအောင် တိတ်ဆိတ်နေသည်။ ဆောင်းအအေးနှင့် ဓမ္မတေးတို့ဖြင့် လိမ်းကျံသော အာရုံသည် နှလုံးသည်းပွတ်တွင် အခြေတကျ တစ်ခဏနေ၏။

နှစ်သစ်အရွှေ့အလျား၊ နှစ်သစ်အမူအရာ၊ နှစ်သစ်ဝင်သက် ထွက်သက်တို့၏ အစတွင် ဂယက်ပဲ့တင်သော ခေါင်းလောင်းသံကို ကြားရလေသည်။

သန်းခေါင်ယံ စည်းဝေးပွဲ အခမ်းအနား ပြီးဆုံးသွားလေပြီ။

နှစ်သစ်ကိုကြိုသော ခေါင်းလောင်းသံမှာ အထုအထည် ကြီးမားလှသော်လည်း တက်ကြွရွှင်လန်းဖွယ်ဟု ခံစားရ၏။ လေးလံ ထိုင်းမှိုင်းခြင်း ကင်းမဲ့သော၊ ချိုလွင်ပေါ့ပါးသောမဟာခေါင်းလောင်း၏ တုန်ခါမြည်ဟည်းသံသည် ဝေးရာအရပ်များသို့ပင်

mgyoe.com

တစ်သံကို တစ်သံဆင့်ကာ လွင့်နေသည်။ အနက်ဆုံးသော ညဥ့်၏ အမှောင်လွင်ပြင်တွင် ခေါင်းလောင်းသံသည် အတားအဆီးမဲ့စွာ ပြေးနေသည်။

နှုတ်ဆက်သံတွေ၊ စကားသံတွေ၊ ရယ်မောသံတွေကို ခေါင်းလောင်းသံများအကြားတွင် ကြားရ၏။ အားလုံး၏ မျက်နှာတွင် ဆွတ်ပျံ့ ရွှင်လန်းခြင်း အငွေ့အသက်များ လွှမ်းနေ၏။ ကလေးတွေ၊ လူငယ် လူရွယ်တွေ၊ လူလတ်ပိုင်းတွေ၊ လူကြီးတွေ၊ အဘိုးအို အဘွားအိုတွေ အားလုံးမှာ နှစ်သစ်နှစ်ဦး၏ ပျို့မျစ်ခြင်းကို ခွဲဝေရယူထားကြသကဲ့သို့ ရှိလေသည်။ ကိုယ်စီကိုယ်င ဝတ်ထားကြသော အနွေးထည်တို့၌ အသွေးအရောင် ကွဲပြားလှသော်လည်း စိတ်နှလုံးအေးချမ်းမှုအရာတွင် အတူတူပင်ဖြစ်မည်ထင်၏။

ခန်းမကြီးတစ်ခုလုံးသည် လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ ကုလားထိုင်မှ ထသံ၊ ခြေရွှေ့သံ၊ စကားပြောသံတွေက ပိုမိုပီသ များပြားလာလေသည်။

"မောင် ထလေ အုန်းနို့ခေါက်ဆွဲ သွားစားရအောင်"

နော်ဇာလွင်ကို သူငုံ့စောင်း၍ ကြည့်သည်။ အပြုံးမျက်နှာသည် သူနှင့်နီးလာ၏။

"ကြည်နူးစရာကောင်းတယ်နော် လွင်"

ပန်းနုရောင် ပါးပါးတင်ထားသော နှုတ်ခမ်းကိုကြည့်ရင်း သူပြောသည်။ နော်ဇာလွင် ခေါင်းညိတ်သည်။ သူ့မျက်လုံးသည် ရှေ့တူရူရှိ ခရစ်တော်၏ ရုပ်တုဆီသို့ တစ်ချက်ရောက်သွား၏။ ရှေ့နောက်ဝဲယာ အစိမ်းနုနုံရုံတို့မှာ မီးရောင်ပြန်ဟပ်နေ၏။ ဖြူဖွေးဖွေး မျက်နှာကြက်မှာ နေ့အလင်းသာသာ။ ဝေ့သွားသော သူ့မျက်လုံးသည် နော်ဇာလွင့်ထံပြန်ရောက်၏။ လေသံဖြင့် ပြောသံကို သူကြားရလေ၏။

"လွမ်းစရာလည်း ကောင်းတယ် မောင်ရယ်"

"လွင့်မှာ လွမ်းစရာရှိလို့ပေါ့"

နော်ဇာလွင် မဖြေ။ ပို၍နှစ်သက်ဖွယ် အပြုံးကိုသာ သူမြင်လေ၏။

"ခေါင်းလောင်းသံက ချစ်စရာကောင်းတယ်နော် မောင်"

နော်ဇာလွင့်လက်ဖဝါးကို သူတစ်ပါးမမြင်သာအောင် ဝှက်၍ ဖျစ်လိုက်၏။ ညဦးကနှယ် မအေးစက်တော့။ သူ့လက်ချောင်းတွေကို ပြန်လည်ဆုပ်ကိုင်ထားသည်။

"ခေါင်းလောင်းသံတွင်ပဲလား လွင်"

သံလွင်ခက်တွေရှိရာသို့ နော်ဇာလွင် လှမ်းကြည့်သည်။ ခေါင်းကို အသာဆွတ်

mgyoe.com

mgyoe.com


ပြသည်။ ခရမ်းရောင်ဆွယ်တာ ပခုံးပေါ်တွင်ကျနေသော ဆံပင်တွေ မသိမသာ လှုပ်သွားသည်။

"ဖြေချင်ပါဘူး"

စကားအဆုံးတွင် ခေါင်းငုံ့ပြီး မော့ကြည့်သည်။ သူ မမြင်လေဟန်ပြုလိုက်၏။

"ဘာဖြစ်လို့"

လက်ဝဲဘက် ထိုင်ခုံတန်းရှိ ပရိသတ်သည် အပြင်သို့ ရောက်နေပေပြီ။ လက်ယာဘက် ပရိသတ်သည် လက်ဝဲဘက် ထိုင်ခုံတန်းများ၊ ကုလားထိုင်များကို ဖြတ်သန်းစပြုနေ၏။

"မေးနေတယ်လေ လွင်"

မျက်ခွံကို ပင့်၍ ကြည့်သော မျက်လုံးအစုံတွင် ချစ်နွဲ့ပြုံးတွေ လဲ့နေသည်ဟု သူမြင်၏။

"မဖြေချင်ပါဘူးလို့ လွင်ပြောပြီးပြီပဲ"

ဖွဖွဖျစ်ထားသောလက်ကို သူ မဖြေ။ တိုး၍ဖျစ်ရင်း

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့ မဖြေချင်ရတာလဲလို့ မောင်က ထပ်မေးတာကို ကော"

"သိရဲ့သားနဲ့"

နော်ဇာလွင့်နှုတ်ခမ်းသည် စေ့လျက်သား။ အတန်ကြာမှ

"မသိပါဘူး တကယ်ပြောတာ"

"လွင် ညာတယ်၊ လွင်အညာမ"

"ဟုတ်ပါဘူး"

"လွမ်းစရာကောင်းတယ်တဲ့။ လွမ်းစရာရှိလို့လား ဆိုတော့လည်း စကားလွှဲပစ်တယ်"

"မလွှဲပါဘူး မောင်ကလည်း"

ခြေကိုအရွေ့တွင် သူ့လက်ကို ဖြုတ်လိုက်သည်။ ခန်းမ၏ လက်ယာဘက် နောက်ဆုံးတန်း ညာဘက်အစွန်ဆုံးတွင် သူ ထိုင်ခဲ့သည်။ အပြင်သို့ထွက်သောအခါ နော်ဇာလွင်သည် သူ့ရှေ့က။

"လွင်"

mgyoe.com

mgyoe.com

ခန်းမထဲတွင် လူလေးငါးဆယ်မျှသာ ကျန်တော့သည်။ သူတို့နှင့် ဝေးလှမ်းလှသည်။ ထို့ကြောင့် ထင်၏။ သူ့ခေါ်သံက အတန်မျှ ကျယ်လေ၏။ နော်ဇာလွင် လှည့်အကြည့်တွင် ပြောလိုက်သည်။

"မောင်တို့ ဒီနေ့ ကံကောင်းတယ်နော်"

"ဘာဖြစ်လို့လဲ မောင်"

"လွင့်ဖေဖေက ခရီးလွန်နေတယ်။ မေမေက ဖျားနေတယ်။ သူတို့နှစ်ယောက်စလုံး ဒီကို လာသာလာဖြစ်ရင် မောင်တို့ ခုလိုတွေ့ဖို့ မလွယ်ဘူးနော်"

ရယ်သံကို တိုးတိုးကြားရ၏။

"ညဘက်မှာ ချိန်းမတွေ့ဖူးတာကျနေတာပဲ"

သူ ခေါင်းခါသည်။

"ညဥ့်နက်သန်းခေါင်လည်း ဖြစ်မယ်၊ ပွဲလမ်းသဘင်လည်း ဖြစ်မယ်၊ နှစ်ယောက်တည်းလည်း တွေ့ရတယ်ဆိုတာက ဒါပထမဆုံးပဲ လွင်ရာ၊ မဟုတ်ဘူးလား"

လက်ဝဲဘက် ခုံတန်းများ၏အစသို့ ရောက်လာသည်။ နော်ဇာလွင်က အနောက်ဘက်သို့ ခြေဦးတည်သည်။ ဝင်ပေါက်တံခါးမကြီးဘက်သို့ လှမ်းသည်။ သွက်လက်စွာ လှမ်းသော သူ့ခြေလှမ်းအတိုင်း နော်ဇာလွင်ကပါ လှမ်းလိုက်လာ၏။ ဝင်ပေါက်သံတံခါးသို့ ရောက်သောအခါ နော်ဇာလွင်က ခြေစုံရပ်လိုက်၏။ ထို့နောက် လက်ညှိုးထိုးပြ၏။ သူကြည့်လိုက်၏။ ကားလမ်းဘက်သို့ နိမ့်ဆင်းသွားသော ကတ္တရာလမ်းထိပ်သို့ ရောက်နေသူ။

"ကိုကို ဘယ်အချိန်က ရောက်နေလဲ မသိဘူး"

သိုးမွေးဂျာကင်အဖြူ ဘောင်းဘီရှည်အဖြူ ဝတ်ထားသူသည် ခြေလှမ်းမှန်မှန် လျှောက်ကာ ဘုရားရှိခိုးကျောင်းကို ကျောခိုင်းသွားနေ၏။

"အိမ်ကို သူ အရင်ပြန်မယ် ထင်တယ်"

"မောင်က ကိုကို့ကို ပြောထားလို့လား"

"ဘာကိုလဲ လွင်"

လွင့်အပြုံးသည် မရွှံ့မရဲ။ သူ့ တိုက်ပုံအင်္ကျီလက်ကို အသာအယာ ဆွဲထား၏။

"ဒီမှာ လွင်နဲ့ ခဏနေရစ်ခဲ့ဦးမယ်ဆိုတာ"

သူ ပြုံးလေသည်။

mgyoe.com

mgyoe.com


"ပြောတော့ မပြောထားပါဘူး။ မပြောပေမဲ့ သူ့နားလည်မှာပါ"

နော်ဇာလွင်က မပွင့်တပွင့်ရယ်သည်။

"ကိုကိုက တကယ်နားလည်မှု ရှိတာပါပဲ"

"ငဘောင့်ကိုလည်း ညီတစ်ယောက်လိုချစ်တယ် လွင်"

"ကိုကိုနဲ့ ပတ်သက်လို့တော့ မေမေ မကောင်းတာ အမှန်ပဲ မောင်။ အိုလေ မင်္ဂလာရှိတဲ့နှစ်သစ်ကူးမှာ ဒီအကြောင်းတွေ ပြောမိတာ မကောင်းပါဘူး။ လာ မောင်ရယ်"

အထိုက်အလျောက် စိတ်ညစ်သွားဟန်တူ၏။ နော်ဇာလွင့်လက်မောင်းကို သူ ကိုင်ကာ ခြေလှမ်း၏။ ဆင်ဝင်အောက်သို့ဆင်းရာ လှေကားထစ်များကို နင်းလိုက်သည်။ မျက်နှာစာ မီးရောင်စုံသည် ပန်းခြံမီးရောင်စုံနှင့် ရောနေ၏။ မြောက်ဘက်မြက်ခင်းပြင်တွင် ဇည့်ပရိသတ်တွေ ပြည့်နေ၏။ ဗွန်းသံ၊ ပန်းကန်သံတွေ ကြားရ၏။

နော်ဇာလွင့်ပခုံးသည် သူ့ပခုံးနှင့် ထိနေ၏။

✧ ✧ ✧

"ခဏထိုင်ရအောင်"

လမ်းထိပ် အုတ်ခုံအနီးသို့အရောက်တွင် နော်ဇာလွင်က ပြောသည်။ သူ ခေါင်းညိတ်ပြလိုက်၏။ နော်ဇာလွင်ထိုင်ပြီးမှ သူ ထိုင်သည်။

"ဘယ်တော့များမှ အခုလို နေရပါ့မလဲ မသိဘူး"

သူ့ပခုံးကို မှီလိုက်ရင်း ဖြေသည်။

"သိပ်မကြာတော့ပါဘူး မောင်ရာ"

"အဲဒီ သိပ်မကြာခင် ကြားထဲမှာပဲ လွင့်မိဘက ဟုန်းနတ် ထလုပ်လိုက်ရင်ဒုက္ခ"

နော်ဇာလွင့်ရယ်သံသည် တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးလှစွာသော ညဝန်းကျင်တွင် ပီပီသသ လွင်နေ၏။ အုတ်ခုံတစ်ဝိုက်တွင် လမ်းမီးတိုင်အလင်း ရောက်မလာ။ မီးတိုင်ဘေးက ကုက္ကိုကိုင်းတွေ ဆိုင်းအုပ်နေ၏။ လဆန်း ၁၁ ရက်လသည် အနောက်ဘက် ကောင်းကင်အစွန်းသို့ ရောက်နေ၏။ စိန်ပန်းကိုင်းခက်တွေအောက်သို့ လျှိုနေသည် ထင်ရ၏။ အုတ်ခုံ၏ အရိပ်တွေ အတော်ရှည်နေသည်။

mgyoe.com

mgyoe.com


"ဘာသဘောကျလို့လဲ လွင်"

မျက်နှာချင်းဆိုင်ရှိ အုတ်ခုံဘက်သို့ ငေးကြည့်ရင်း ဖြေလေသည်။

"လွင့်ကို မောင် တော်တော်အထင်သေးတယ်နော်"

သူ တိုးတိုးရယ်လိုက်၏။ ရယ်နေစဉ် သူ့ကို ထပ်ပြီးမေးသည်။

"ဟုတ်တယ် မဟုတ်လား"

ခေါင်းခါပြသည်။

"မဟုတ်ပါဘူး အဘိုးကြီးနဲ့ အဘွားကြီးက လွင့်ကို မောင်နဲ့သဘောမှမတူတာ"

"လွင်သဘောတူရုံနဲ့ မောင် ရင်မအေးနိုင်သေးဘူးလားကွယ်"

ဝါဖန့်ဖန့် လရောင်သည် သစ်ရွက်ရိပ် ကြိုးကြိုးကျဲကျဲဖြင့် နှစ်ဦးစလုံး၏ ကိုယ်တွင် ထင်နေသည်။ သူ့ထံမှ စကား မကြားရ။ နော်ဇာလွင့် ပင့်သက်ရှည်ကို သူ ကြားနိုင်သည်။

"မလွယ်တာတော့ တော်တော့်ကို မလွယ်တဲ့ဇာတ်ပဲ လွင်"

မဲ့ပြုံးကို သူမြင်လိုက်သည်။ ဆက်၍ မပြောမိ။ မျက်လုံးသည် သွေ့ခြောက်နေသော လမ်းဘေးမြက်ခင်းသို့ မရည်ရွယ်လျက် ရောက်နေလေ၏။ လှုပ်ရှားလာသော ရင်သည် မျက်လုံးအစုံကို တစ်နေရာရာတွင် အတည်တကျ မရှိစေခဲ့။ လရောင်ကို ကာဆီးထားသော ပျဉ်းမပင်တွေကို တစ်ချက်ကြည့်သည်။ တောင်နှင့်မြောက် တန်းနေသော ကတ္တရာလမ်းပေါ်တွင် ယုန်အိမ်ပြတင်းမှ ဆင်းလာရာ အလင်းကို ပြောက်တိ ပြောက်ကျား မြင်ရ၏။

"သိပ်မကြောင့်ကြပါနဲ့လေ၊ မောင့်ဘက်မှာ လွင်ရပ်နေတာပဲဟာ"

"နည်းနည်းတော့ ကြောင့်ကြပါတယ်။ မောင့်ဘက်မှာ ရပ်နေမယ့်အစား လိုက်လာဖို့ကို မောင်ပိုလို့ မျှော်လင့်ပါတယ်"

နှုတ်ခမ်းမဖွင့်သော ရယ်သံမှာ ပါးပါးလှပ်လှပ်။ သို့သော် နားဝနှင့် ကပ်နေ၍ ကြားရလေ၏။ ရယ်သံအဆုံးတွင် သူ့ဘက်သို့ မျက်နှာမူသည်။ သူမျက်တောင်မခတ်နိုင်။ ကြည်လဲ့နေသောမျက်လုံးအစုံတွင် နစ်သွားမည် ထင်ရလောက်အောင် သူကြည့်သည်။ သေးသွယ်သော မျက်ခုံးပေါ်တွင် ဆံနွယ်မျှင်တချို့ တင်နေ၏။ ထူးထူးခြားခြား မပေါ်လွင်လှသော်လည်း စင်းနေသော နှာတံကို ငေးကြည့်မိသည်။ ပြည့်တင်းနီထွေးသော နှုတ်ခမ်းနှစ်လွှာသည် စေ့လျက်ရှိ၏။ ကြည့်နေခိုက်တွင် သူ့ကို ပြုံးပြလေသည်။ မျက်နှာသွယ်အလှဟု ခံစားရသည်။

mgyoe.com

mgyoe.com


"ကြည့်လှချည်လား ဟင်"

သူ မဖြေ။ အကျပြေသော ပခုံးနှင့် လက်မောင်းသို့ မျက်လုံးရွေ့သည်။

"စဉ်းစားမိလို့ပါ"

ဝိုင်းစက်သော မျက်လုံးကို တွေ့ရသည်။ နော်ဇာလွင် နှုတ်ခမ်းလှုပ်သွားသည်။

"ဘာကိုလဲ မောင်"

"လောကကြီးမှာ လူတွေဟာ အလှဆုံးလို့ ထင်ရတာကို လိုက်ရှာတယ်။ ဆုံးများဆုံးရှုံးရမယ်ဆိုရင် ဘယ်လိုနေမလဲလို့ တွေးမိတယ်လေ။ မောင်ဆိုရင်ကော ဘယ်လိုနေမလဲလို့ စဉ်းစားမိတယ်လွင်ရဲ့"

"ဟောရှင့် မောင်က စကားစတာနဲ့ လောကကြီးနဲ့ချီတော့တာကိုး။ တစ်ခုတော့ သတိပေးရမယ်"

"ဘာလဲ လွင်"

လက်သွားသော မျက်လုံးအစုံကို သူမြင်လိုက်သည်။

"တို့နှစ်ယောက်တည်းရဲ့ကိစ္စကို တစ်လောကလုံးနဲ့ချီပြီး ပြောတော့မှာလားလို့"

သူပြုံးလိုက်၏။ ရယ်သံမျှဉ်းမျှဉ်းကို နော်ဇာလွင် ကြားလေသည်။

"ဟုတ်တယ်လွင်။ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာလို့ တစ်လောကလုံးကို အပြစ်ပုံချချင်တဲ့စိတ်နဲ့တော့ မဟုတ်ပါဘူးလေ။ မတော်တဆများ လွင့်ကို ဆုံးရှုံးလိုက်ရမယ်ဆိုရင် မောင် သိပ်ခံစားရမှာ အမှန်ပဲ"

သက်ပြင်းချသံကို သူ ကြားရလေသည်။ သူ ဆက်၍ ပြောသည်။

"ချစ်တတ် ခင်တတ်တဲ့အရွယ်မှာ မောင် ပထမဦးဆုံး စတွေ့ခဲ့တဲ့သူက လွင်ပါ။ ဘဝရဲ့နောက်ဆုံးအချစ်ကလည်း လွင်တစ်ယောက်ပါပဲ။ ဥပမာပြစရာ စကားက ရိုင်းနေမလားတော့ မသိဘူး။ လောင်းကစား စကားနဲ့ပြောရရင် ပုံပြီး အောလိုက်တယ်ဆိုတာမျိုးပဲလွင်။ ရင်ထဲရှိသမျှ အချစ်အားလုံးနဲ့ ပုံအောပြီး ချစ်ရတဲ့အချစ်ပါ"

နော်ဇာလွင့်လက်မောင်းသည် သူ့ပခုံးပေါ်သို့ အသာအယာ ရောက်လာ၏။ ကိုယ်ငွေ့နွေးနွေး ဟပ်သည်ဟု ထင်ရ၏။

"လွင် မောင့်ကို တစ်ခွန်းတည်းပြောမယ်လေ။ မောင်ယုံမယ်လား"

"ပြောလေ"

"နှစ်သစ်ကူး လက်ဆောင်အဖြစ်နဲ့လေ"

mgyoe.com

mgyoe.com


"မောင် နားထောင်မယ်။ မင်္ဂလာသတင်း မဟုတ်လား"

နော်ဇာလွင် ခေါင်းအညိတ်တွင် သူပြုံးပြလိုက်သည်။

"ဒီဘဝတွင်မကပါဘူးကွယ်။ မောင့်ကို ဘယ်တော့မှ မခွဲဘူး။ ဘယ်သူတွေ ဖျက်ဖျက်၊ ဘယ်လိုဟုန်းနတ်မျိုးပဲ တားတား၊ ကဲ ကျေနပ်ပြီလား"

သူပြုံးလိုက်သည်။

"တော်တော် အေးတယ်နော် လွင်"

"မောင်က အနွေးထည်မှ ဝတ်မလာတာ။ တိုက်ပုံအင်္ကျီလေးနဲ့ဆိုတော့ အေးမှာပေါ့။ လွင့်ဆွယ်တာ ဝတ်မလား။ ချွတ်ပေးမယ်"

သူ့ရယ်သံက အတော်ကျယ်သွားသည်။ ရယ်ပြီးမှ သတိရသည်။ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့လိုက်သည်။ မည်သည့်အိမ်တွင်မျှ မီးရောင်မရှိတော့။

"အိမ်ပြန်လို့ ဆွယ်တာပါမလာမှ အဘွားကြီးက တစ်မျိုးတွေ ထင်ကုန်ဦးမယ်"

ရှက်ပြုံးကို တွေ့ရ၍။ သူ့လက်မောင်းကို တစ်ချက်ညှစ်လိုက်သည်။

"တံခါးဖွင့်ပေးဖို့ စောင့်နေမှာက မေမေ မဟုတ်ဘူး မောင်ရဲ့၊ ဒေါ်လေး"

"ဘုရားရှိခိုးကျောင်းမှာ မောင်စောင့်နေတာ ဒေါ်လေးသိတယ်မဟုတ်လား"

"အင်း"

"ဘာပြောသေးလဲ"

"သန်းခေါင်ယံ စည်းဝေးပွဲတော်ပြီးရင် မောင်ဝင်းအောင်က လိုက်ပို့မှာမဟုတ်လားတဲ့။ လိုက်ပို့ရင်လည်း ညည်းအမေ မမြင်စေနဲ့ဦးတဲ့။ မတော်တဆ အိပ်ရာက နိုးချင်နိုးနေမှာတဲ့။ ပြန်လာရင် လျှပ်စစ်ခေါင်းလောင်းနှိပ်ပြီး တံခါးမဖွင့်ခိုင်းနဲ့တဲ့။ ဒေါ်လေး အိပ်ခန်းက မှန်ပြတင်းကို အသာခေါက်တဲ့။ ဒေါ်လေးက တကယ်လိမ္မာတယ်"

"သူ့အတွက်လည်း ဆုတောင်းပေးလိုက်ကြရအောင်"

နော်ဇာလွင်က ထိုင်ရာမှထလိုက်ရင်း

"ဘယ်လိုလဲ မောင်"

"အပျိုကြီးဘဝက လွတ်မြောက်ပါစေလို့"

နှစ်ဦးသား တိုးတိုးရယ်လိုက်ကြသည်။ ဝင်းအောင့်မျက်နှာကို သူ့လက်ဖဝါးနှစ်ဖက်ဖြင့် လှမ်း၍ထိသည်။ အေးစက်သောလက်ကို သိလိုက်၏။ ပြန်ရန် သင့်ပြီဟု စကားမဆိုသော ပြောခြင်းတစ်မျိုး ဖြစ်ပေလိမ့်မည်။ ဝင်းအောင်က အလိုက်သိစွာ ပြောလေသည်။

mgyoe.com

mgyoe.com


"ပြန်ရအောင်နော်"

"တစ်နာရီခွဲလောက် ရှိပြီထင်တယ်"

ဝင်းအောင် ထမည်အပြုတွင် နော်ဇာလွင့် လက်နှစ်ဖက်က သူ့ပခုံးပေါ်သို့ လာ၍တင်၏။

"လက်ဆောင်ပေးမလို့"

မော့ကြည့်လိုက်သည်။ နဖူးပေါ်သို့ နော်ဇာလွင့် အနမ်းဖွဖွ တစ်ချက်ရောက်လာသည်။ နွေးထွေးသော နှုတ်ခမ်းကို အမှတ်ရလိုက်၏။ ဝင်းအောင် မတ်တတ်ရပ်လိုက်သည်။ တူညီသော လက်ဆောင်ကို နော်ဇာလွင်အား ပြန်လည်ပေးလိုက်သည်။

ထိုခဏတွင် သန်းခေါင်အလွန် ဆောင်းလေပြည်သည် နှစ်ဦးစလုံးကို ဝေ့ကာ စီးဆင်းသွား၏။

✧ ✧ ✧

စီးကရက် မီးခိုးတန်းက ပြတင်းပေါက် သံဆန်ခါများကို ဖြတ်၍ အပြင်သို့ ထွက်သွားသည်။ ပြာခြွေရန် မေ့လျော့နေသည်ထင်၏။ သမံတလင်းပေါ်သို့ ပြာကြွေကျသွား၏။ မျက်နှာထား အတန်ငယ် တင်းနေဟန်ရှိသော ကျော်နွယ်ကို အကဲခတ်သလို ကြည့်လိုက်သည်။ ကျော်နွယ် တစ်စုံတစ်ရာ တွေးတောနေသည်ဟု ဝင်းအောင်သိသည်။ ပြတင်းပေါက်တွင် ကိုယ်တစောင်းမှီကာ ခေါင်းငိုက်ငိုက်ထား၏။ ဘုရားရှိခိုးကျောင်းမှ ပြန်လာသည့်အတိုင်း ဝတ်စုံအဖြူနှင့်ပင်။ အံကြိတ်နေ၍လားမသိ၊ မေးရိုးက ပိုကားနေဟန်ရှိ၏။ ညနေနှင့် ညဦးပိုင်းတုန်းက ကြည်လင်ရွှင်ပျနေသော မျက်နှာမျိုးကို ကျော်နွယ့်ထံတွင် ယခုတော့ မတွေ့ရ။ ဝင်းအောင်တို့အိမ်သို့ ပြောင်းလာသည့် ငါးလအတွင်း သည်နေ့ကဲ့သို့ သပ်ရပ်ပုံမျိုး တစ်ခါမျှ မတွေ့ဖူးခဲ့။ နှုတ်ခမ်းကို အစဉ်သဖြင့် ခပ်စေ့စေ့ထားကာ မျက်ခုံးတွန့်လျက်သာ ရှိတတ်သော သူ့သဏ္ဌာန်ကို ယနေ့ ညနေ ညဦးတွင် မမြင်တော့။ ယခုတစ်ဖန် ပြန်လည် မြင်ရပြန်သည်။

"ကိုကြီးကျော်"

ဝင်းအောင် ခေါ်သည်။ ကျော်နွယ်က ခေါင်းငဲ့၍ ကြည့်သည်။ စီးကရက်တိုကို သမံတလင်းပေါ်သို့ ချရင်း ဖိနပ်ဦးဖြင့် နင်းခြေလိုက်၏။

"ဘာတွေများ တွေးနေတာလဲ"

mgyoe.com

mgyoe.com


ကျော်နွယ့်နှုတ်ခမ်းက ခပ်တွန့်တွန့် ဖြစ်သွား၏။ အခံရခက်သော စိတ်လှုပ်ရှားမှုကို ထိုနှုတ်ခမ်းတွင် မြင်သာသည်။ ဖြူဝင်းသော ပါးနှစ်ဖက်မှာ နီရောင်တင်းတင်း ဖြစ်နေ၏။ အကြည့်စူးရှသော မျက်လုံးအစုံသည် ယခုသော် ရီရီဝေဝေ ဖြစ်နေ၏။ ဝင်းအောင့်မေးခွန်းကို ချက်ချင်း မဖြေ။ အတန်ကြာမှ ငိုင်တွေတွေနေသည်။

"စိတ်မညစ်ချင်ပါနဲ့ကွာ"

တိုက်ပုံအင်္ကျီချွတ်နေသော ဝင်းအောင့်လက်နှစ်ဖက်သည် ခေတ္တမျှ တန့်သွား၏။ မကြားစဖူးသောအသံကို ကြားရသကဲ့သို့ အံ့အားသင့်သွားသည်။ ကျော်နွယ့်ဘဝနှင့်ပတ်သက်၍ မသိသည် မရှိသလောက် သိခဲ့သည်။ တစ်ဦးနှင့်တစ်ဦး သိကျွမ်းရင်းနှီးခဲ့သည်မှာ ၁၀ နှစ်ပင် ကျော်ပေရော့မည်။ စိတ်ဆင်းရဲစရာ များစွာကို ကြုံခဲ့သည့်တိုင် အားငယ်ခြင်းဟူ၍ ဝေးစွ။ တွေဝေခြင်းပင် မရှိခဲ့သော ကျော်နွယ်ကဲ့သို့သော သူထံမှ စိတ်ညစ်ညူးသံကို ကြားတောင့်ကြားခဲ ကြားရလေသည်။

ထိုမျှသာမက စိတ်ဓာတ်ကျဆင်းခြင်း ကြီးစွာဖြင့် ပြောလိုက်သံဟု သိလိုက်၏။

"ပြောပါဦး ကိုကြီးကျော်ရာ"

ပြတင်းတွင် မှီထားသော ကိုယ်ကို ခွာလေသည်။ ခုတင်ရှိရာသို့ လေးပင်စွာ လျှောက်သွားသည်။ ထို့နောက် ဝင်းအောင်နှင့် မျက်နှာမူပြီး ထိုင်ချလိုက်၏။ ဝင်းအောင်က တိုက်ပုံအင်္ကျီချွတ်အပြီးတွင် ရှပ်အင်္ကျီလက်ရှည်ကို ချွတ်သည်။ အင်္ကျီချိတ်တွင် ချိတ်ရင်း ဆွယ်တာလက်ရှည်ကို ယူသည်။ ထိုအခိုက်တွင် ကျော်နွယ့် ပင့်ရှိုက်သံကို ကြားလိုက်ရ၏။ ဝင်းအောင် လုံချည်လဲနေစဉ် ကျော်နွယ့်ရယ်သံသဲ့သဲ့ ထွက်လာ၏။ ကျော်နွယ့်ခုတင်အနီးရှိ ကုလားထိုင်တွင် ထိုင်ရင်း အနွေးထည်ဝတ်လိုက်သည်။

"ပြောလေဗျာ ကိုကြီးကျော်"

ပြုံးလိုက်တိုင်း ဖြစ်မြဲသော မဲ့ပြုံးမျိုးကို ဝင်းအောင် တွေ့ရ၏။ အစနှစ်ဖက်၌ ထူထဲပြီး အဖျားဘက်တွင် မျက်ခုံးရိုးအထက်သို့ ကွေ့တက်သွားသော မျက်ခုံးနှစ်ဖက်သည် နဂိုအတိုင်း မရှိသေး။ တွန့်နေသော နဖူးကြောတွေနှင့်အတူ ရှိနေလေသည်။

"ငါ အမေ့ကို သတိရလို့ပါကွာ။ ဒီနေ့မှာမှ ထူးထူးခြားခြား သတိရနေမိတယ် ဝင်းအောင်။ နှစ်သစ်ကူးတဲ့ညမှာ သီချင်းတွေဖွင့်၊ စားစရာတွေစား၊ နှစ်သစ်ကူးလက်ဆောင် အင်္ကျီအဝတ်အစားတို့၊ ဖောင်တိန်တို့ ဘာတို့ ပေးတာပေါ့ကွာ။ ကလေးဘဝတုန်းကဆိုလည်း ကစားစရာတို့ ဘာတို့ ဒီလိုညမှာ လက်ဆောင်ပေးတယ်ကွ။ တော်ပါ

mgyoe.com

ပြီကွာ မပြောချင်တော့ပါဘူး။ အနှစ် ၂၀ လောက်က အိပ်မက်ကို ပြန်မက်ချင်တာမျိုး ဖြစ်နေပြီထင်တယ်"

စကားအဆုံးတွင် တဟင်းဟင်းနှင့် ရယ်နေ၏။ မိခင်ကို တမ်းတသော သူ့မျက်နှာပေါ်တွင် နာကျင်စရာတချို့ ထင်နေသည်ဟု အောက်မေ့ရလေသည်။ တုတ်ခိုင်သန်မာသော သူ့ခန္ဓာကိုယ်၌ အင်အားတွေ လျော့ပါးနေသည်ဟု တွေးမိလေ၏။ မိမိတွင် မိဘနှစ်ပါး စုံစုံလင်လင် ရှိနေသော်လည်း အမိမဲ့ခဲ့သူ ကျော်နွယ့်ဘဝကို တွေးချင့်နားလည်သည်။ ထိုမှုမက အမိနေရာသို့ အစားဝင်လာသော မျက်နှာသစ်ကို မြင်ရသူတို့၏ရင်မှာ မည်သို့ဟု သူ စာနာသိ သိလေသည်။

"မက်မိမှာပါ ကိုကြီးကျော်။ စိတ်မချမ်းသာစရာတွေ သိပ်ကြုံလာရတဲ့အခါ စိတ်အချမ်းသာဆုံးကာလက အရာတွေကို ပြန်လည်တမ်းတကြမှာချည်းပဲ။ ပြန်မရမှန်းသိပေမဲ့ စိတ်ဖြေသိမ့်စရာသဘောမျိုးနဲ့ ဒီအိပ်မက်မျိုး မက်ကြမှာပါ။ မဟုတ်ဘူးလား"

သူ့ကို စိန်းစိန်းကြည့်ပြီး ကျော်နွယ်က ရယ်လိုက်၏။ ထို့နောက်

"မင်း စကားတွေ တယ်ပြီး တတ်နေပါကလား ဝင်းအောင်ရ"

ဝင်းအောင်က ပြုံးသည်။

"ဘဝက သင်လာတာကိုး ကိုကြီးကျော်ရ"

ကျော်နွယ့်ရယ်သံက စောစောကထက် ပို၍ ကျယ်လာ၏။ ခြောက်နေသော နှုတ်ခမ်းကို လျှာဖြင့် သိမ်းလိုက်ရင်း

"ဘဝက သင်ပေးလိုက်တယ် ဆိုတာထက် ဒေါ်ခင်ဝေက သင်ပေးလို့ စကားတတ်လာတယ်ဆိုတာက ပိုပြီးမှန်မှာပါ ဝင်းအောင်"

ဝင်းအောင် မျက်နှာမထားတတ်။ ဒေါ်ခင်ဝေဆိုသူမှာ ကျော်နွယ့်မိထွေး။ နော်ဇာ လွင့်မိခင်။

"ဟုတ်တယ် မဟုတ်လား"

သူ မဖြေ။ ရယ်ကျဲကျဲ လုပ်နေလိုက်သည်။ လေးပေမီးချောင်း အလင်းရောင်အောက်တွင် နီမြန်းသွားသော သူ့ပါးနှစ်ဖက်ကို ကျော်နွယ်က ကြည့်နေသည်။

"မင်းကို မိလွင်က ဘာတွေ ပြောလိုက်သေးသလဲ"

ခေါင်းကို အရင် ခါပြမိသည်။ ပြီးမှ မျက်လုံးလွှဲရင်း ဖြေသည်။

"ဘာမှ မပြောပါဘူး"

mgyoe.com

mgyoe.com

အားနာလေသံကို ကျော်နှယ် ရိပ်မိပေလိမ့်မည်။

"မင်း သတိ တော်တော်ထားရလိမ့်မယ်။ ဒေါ်ခင်ဝေက မင်းကိုပါ ရောပြီး အတော့်ကို မကြည်တာ။ သူ့စကားတစ်ခွန်းက အရေးကြီးတယ်။ အဖေက ငါ့ကို ကန်ချလိုက်တာပဲ ကြည့်။ အဘိုးကြီး အမေရိကားက ပြန်လာရင် မင်းတို့ကိစ္စကို ဘယ်လို နှောင့်ဦးမလဲ မသိဘူး"

❑

mgyoe.com

mgyoe.com

ငါချစ်သောနမ
သင်သည်
အပြစ်တစ်စုံတစ်ခုမျှ မရှိ။
တစ်ကိုယ်လုံး
လှပေ၏။

၂

ရှောလမုန်သီချင်း၊ ၄း၇။

အပြာရောင် ကောင်းကင်ပင်လယ်သည် အပြန့်ကျယ်လှစွာ၏။ ငြိမ်သက်စိုပြည်ခြင်း၌ အတုမဲ့သော အပြာရောင်သည် ဆောင်းရတု၏ အမွန်မြတ်ဆုံး အဆင်အသွေးတည့်။ အမြိုက်အဆာ အစအနကို တစ်မိုးလုံးတွင် ရှာမတွေ့နိုင်။ ညစ်မှိုင်းသောတိမ်တိုက် တစ်ဆုပ်တစ်ခဲကိုမျှ ထိုပင်လယ်တွင် မျောမနေစေခဲ့။ နေခြည်သည် မြေပြင်ပေါ်သို့ အခုအခံမဲ့စွာ ကျဆင်းစရာ ရခဲ့သည်။ အလင်းလက်ဆုံး နေရောင်။ အတောက်ပဆုံး အဖြူ။ နေ၏ တစ်ထောင်သောအလင်းရောင်ထဲတွင် ဆောင်းနေခြည်ဖြူသည် နုစ်သက်ဖွယ် အရှိဆုံး။ သစ်ရွက်ရိပ်တွေကြားမှ ကျလာသော နေပြောက်တို့၏ နှုတ်ခမ်းတို့သည် လှိုင်းဖြတ်ထားသကဲ့သို့ တိတိရိရိ မဟုတ်။ ဆေးဖွယ်ဖွယ် တို့ထားသကဲ့သို့ ခပ်ဖွာဖွာ။ နေကြတ်သည့်အခါ အရိပ်အထပ်ထပ် မွသည့်သို့ မရှိကြ။ ထိုအရိပ်မြွာမြွာကို မြင်ရစဉ် စိတ်ချောက်ချားရပုံမျိုး မခံစားရ။ ဆောင်းနေခြည်နှင့် အရိပ်ကျပုံမှာ ဆွတ်ပျံ့ဖွယ်ရာ။

"နောက်ပြီးတော့ ကိုကိုက ဘာဆက်ပြောသေးလဲ"

ကန်စပ်ရှိ တောပန်းပွင့်အဝါတွေသို့ လှမ်းကြည့်ရင်း မေးသည်။ ဖြေရန် နှုတ်လေးလျက်ရှိသည်။ ဖြေရမည့်စကားထဲတွင် သူ့မိခင် ဒေါ်ခင်ဝေ၏အကြောင်းက ကော်နှ

mgyoe.com

mgyoe.com


ပါရတော့မည်။ စကားတို့ မည်သည် နား၌ ခဏမျှသာ တည်းခိုချင်မှ တည်းခိုပေလိမ့်မည်။ ရင်ထဲသို့ လျှောဆင်းချင် လျှောဆင်းလိမ့်မည်။ ဆောင့်ဝင်က ဝင်တတ်သည့်အရာမျိုးလည်း ဖြစ်ချင်ဖြစ်တတ်၏။ စိတ်အခန့်မသင့်ပါက အရှည်အကြာ ကိန်းအောင်းနေတတ်ပြန်သည်။ သူကြားရလျှင် စိတ်မကြည်လင်စရာ ဖြစ်မည်အမှန်ဟု ဝင်းအောင်သိသည်။ ကြားသိပြီးဖြစ်နေကျ စကားမျိုးတွင် ပါဝင်နေသော်လည်း ထပ်မံကြားရဦးမည်ဆိုလျှင် မျက်နှာညိုးမည်မှာက အနည်းဆုံး။ မပြောပြလျှင်လည်း အတွေးတွေခြေရှည်နေမည်စိုးသည်။ အဘက်ဘက်မှ စဉ်းစားကြည့်နေချိန်တွင်

"လွင်တို့နဲ့ ပတ်သက်တဲ့ကိစ္စသက်သက်ကိုပဲ မေမေက ပြောလိုက်တာလား"

ဝင်းအောင်က မျက်နှာကို အောက်သို့ ခပ်စိုက်စိုက် ထားလိုက်၏။ သယောင်းစပြုနေသော မြက်ခြောက်တွေကို အကြောင်းမဲ့ ကြည့်မိသည်။ ထို့နောက်

"အဲဒါလည်း ပါတယ်။ ကိုကျော်နွယ် မောင်တို့အိမ်ကို ပြောင်းလာတဲ့ကိစ္စရော၊ လူကြီးချင်း မသင့်မြတ်ပါလျက်ကနဲ့ ကိုကျော်နွယ်က မောင်တို့အိမ်မှာနေနေတာ မကောင်းဘူးပေါ့ဆိုတာလည်း ပါရဲ့။ အဘိုးကြီးက အဲဒါကြောင့် ပိုပြီး စိတ်ဆိုးနေတယ် ဆိုတာလည်း လွင့်မေမေက ပြောပြတယ်တဲ့"

သူ့လေသံကို နော်ဇာလွင် အကဲခတ်ရလွယ်သည်။ ပြောချင်စိတ်ကင်းမဲ့စွာဖြင့် ပြန်လည်ပြောပြနေခြင်းဟု အထင်တရှား သိနိုင်သည်။ ပြောပြရသည့်အချိန်တွင်သာ လျှာ၌ အထစ်အငေါ့တွေ ဖြစ်နေသည် မဟုတ်ခဲ့။ ကြားရသည့်နေ့က နား၌လည်း အထုံးအဆစ်တွေ ဖိသိပ်ခြင်းခံရသည်နှင့်မခြား ခံခက်ခဲ့ရ၏။ ထိုနေ့က နော်ဇာလွင့်ဖခင် နိုင်ငံခြားမှ ပြန်လာမည့်နေ့။ ညနေတွင် ရောက်မည်ဟု သိရသည်။ မနက်ပိုင်းတွင် ကျော်နွယ်ထံသို့ လူလွှတ်သည်။ ဒေါ်ခင်ဝေက လွှတ်လိုက်သည်ဟု ကားမောင်းသူက ပြော၏။ ထိုစဉ်က ဝင်းအောင်တို့မိသားစုနှင့်အတူ ကော်ဖီဝိုင်းတွင် ဝင်းအောင်ကို ကျော်နွယ်က ပေါ်ဦးသက်၏ ပန်းချီကားတစ်ချပ်နှင့် စပ်လျဉ်း၍ ငြင်းနေသည်။ ဝင်းအောင်၏ စာေဒကတက်ချက်ကို အကျိုးအကြောင်း ရှင်းပြကာ ပြန်လည်ချေပနေသည်။ ဝင်းအောင့်ညီမက ပေါင်မုန့်မီးကင်ရင်း နားထောင်နေသည်။ ဝင်းအောင့်အမေက ကော်ဖီဖျော်နေသည်။ ဖခင်ကမူ ဆေးတံကို ဆေးသိပ်ရင်း စိတ်ဝင်စားစွာ နားထောင်နေ၏။ ထိုအချိန်တွင် တွင်ခုတ်နေသောစက်ဆရာက ဧည့်သည်တစ်ယောက်ရောက်နေကြောင်း လာပြောသည်။ ကျော်နွယ်နှင့် တွေ့လိုကြောင်း တစ်ဆက်တည်းပြောသည်။

mgyoe.com

mgyoe.com


ဝင်းအောင်နှင့် ပြောနေသော စကားစကို ဖြတ်ကာ ထွက်၍ တွေ့သည်။ မကြာခင်ပင် ထမင်းစားခန်းထဲသို့ ပြန်ရောက်လာ၏။

ရောက်ရောက်ချင်း ဝင်းအောင်ကို လှမ်းပြောသည်။ "မိထွေးတော် ဂေါတမီက စကားပြောစရာရှိလို့ အခေါ်လွှတ်တော်မူတာတဲ့" ဟူသော စကားအဆုံးတွင် အားလုံးက အံ့အားသင့်သွားကြ၏။ "ဦးကျော်နွယ့်အဖေ ဒီနေ့ပြန်ရောက်မှာကို သွားကြိုဖို့ကိစ္စနဲ့ တူတယ်" ဟု ဝင်းအောင့်ညီမက ထင်မြင်ချက် ပေး၏။ "အဲဒီကိစ္စအတွက် ငါ့ကို အရေးတယူလုပ်ပြီး ခေါ်မယ်မထင်ပါဘူးဟာ။ ဆီစက်က အမေ မသေခင် ငါ့နာမည်နဲ့ လုပ်ထားတာ။ ဒါကို သူတို့နာမည် လွှဲပေးဖို့ ပြောမယ်နဲ့တူပါတယ်။ ငါထင်တာတော့ ဒါပဲ ပိုပို" ဟု ပြောအပြီးတွင် တဟားဟား ရယ်နေ၏။ ကော်ဖီသောက်၊ မုန့်စားပြီး သောအခါ "ကဲ ဟိုကို အခစားသွားပြီး နားရင်း အတီးခံလိုက်ဦးမယ်" ဟု ပြက်လုံး ထုတ်ကာ ထွက်သွားသည်။

သူတို့ထံသို့ ပြန်နေရန် ခေါ်ခြင်းလည်း ဖြစ်နိုင်သည်။ မင်္ဂလာဒုံလေဆိပ်သို့ သွားကြိုရန်ကိစ္စလည်း ဖြစ်နိုင်သည်ဟု ဝင်းအောင် တွေးမိ၏။ ပထမအချက်ကို တွေး မည့်သာတွေးမိသည်။ ထင်တော့ မထင်လှ။ ဆေးတက္ကသိုလ်သို့ ရောက်ပြီး လေးနှစ် မြောက်တွင် စာမေးပွဲအကြိမ်ကြိမ် ကျပြီး ကျောင်းဆက်တက်ခွင့် မရတော့သည်မှစ၍ ကျော်နွယ့်ကို ငြိုငြင်ခဲ့သည်။ ပန်းချီဆွဲသောကြောင့် ပညာရေးခရီး ပျက်စီးခဲ့ရသည်ဟု ဆိုကာ စူစူအောင့်အောင့် ပြုခဲ့သည်။ အပေါင်းအသင်း များလွန်းသည်၊ ဆေးလိပ် သောက်လွန်းသည် ဟူသောစွဲချက်များ၊ အိပ်တန်းမမှန် ဟူသော ပြစ်ချက်များဖြင့် ကျော်နွယ့်ကို ဆူပူကြိမ်းမောင်းလာသည်။ ဖခင်ဖြစ်သူကပါ မိထွေးစကားအတိုင်း ပြောလာချိန်တွင် ကျော်နွယ်အဖို့ အနေအထိုင် ဘဝအခြေ ပျက်ပြားစပြုလာသည်။ အရေးအခင်းတစ်ခုတွင် ကျော်နွယ် အထိန်းသိမ်းခံရသည်။ ခုနစ်လကျော်ကျော် နေခဲ့ ရသည်။ ထိုခုနစ်လအတွင်း ဖခင်ဖြစ်သူကလည်း လာမတွေ့။ ဒေါ်ခင်ဝေက ပို၍နေသာ သည်။ နော်ဇာလွင်ကို ထောင်ဝင်စာ သွားမတွေ့ရဟု ပိတ်ထားသည်။ သို့သော် တစ်လ တစ်ခါ နှစ်ခါ ဆိုသလို ဝင်းအောင်ကို အဖော်ခေါ်ကာ အစ်ကိုဖြစ်သူကို သွားတွေ့သည်။ လွတ်လာချိန်တွင် အိမ်ပေါ်သို့ ပြန်မတက်ရတော့။ နိုင်ငံရေး အရှုပ်အရှင်းရှိသူကို လက်ခံထားခြင်းအားဖြင့် အိမ်ထောင်ဦးစီး၏ အလုပ်အကိုင်ကို ထိခိုက်စေနိုင်ကြောင်း ဒေါ်ခင်ဝေက ပြောပြသည်။ ထိုအခါက ကျော်နွယ့်ဖခင်သည် ယခုကဲ့သို့ ဝန်ကြီးဌာန

mgyoe.com

mgyoe.com

တစ်ခု၏ ညွှန်ကြားရေးမှူး မဟုတ်သေး။ ပါမောက္ခ။ ကျော်နွယ်က ဖခင်ကို တွေ့အောင် စောင့်သည်။ ဖခင်ဖြစ်သူ၏ သဘောထားကို သိလိုသည်။ တွေ့သောအခါ တစ်နေရာ ရာမှာနေ၊ အိမ်ငှားခ၊ စားစရိတ် ထောက်ပံ့မည်ဟု ပြောသည်။ ကျော်နွယ် ခေါင်းမညိတ်၊ ခေါင်းမခါခဲ့။ တစ်လ နှစ်လခန့် ဖြစ်သလိုပင် ဟိုနေသည်နေ နေခဲ့သည်။ ထိုအချိန်တွင် ဝင်းအောင်က သူ့အိမ်တွင် လာနေရန် ခေါ်၏။ လူကြီးချင်း မသင့်သည်ကို ကျော်နွယ် သိသည်။ သို့သော် ဝင်းအောင့်မိဘများက အမြင်ကွဲပြားသည်။ ရင်းနှီးခင်မင်နေသည် ကတစ်ကြောင်း၊ ကျော်နွယ့် သဘောသကန်ကို နားလည်ထားသည်က တစ်ကြောင်း ကြောင့် ဝင်းအောင့်မိဘကိုယ်တိုင်က လာနေရန် ခေါ်သည်။ ဝင်းအောင့်အိမ်တွင် နေစဉ် ကျော်နွယ်တွင် ဖအေတူ မအေကွဲနှမတစ်ယောက်သာ ဤလောကတွင် ရှိခဲ့သည်ဟု ထင်ရလောက်အောင် သူ့မိဘများက ပစ်ပစ်ပယ်ပယ် ထားကြသည်။ ထို့ကြောင့်ပင် ပြန်ခေါ်ရန် လူလွှတ်သည်ဟု ဝင်းအောင် မတွေးတတ်တော့။

မှန်းဆရန်မလွယ်ကူသော အတွေးတွေအားလုံးက ကျော်နွယ် ပြန်လာချိန်တွင် ပြတ်သွားလေသည်။ အကြောင်းစုံကို ရှင်းပြပြီးနောက် ကျော်နွယ်က အားပါးတရ ရယ်လိုက်သည်။ အက်ကွဲမာကျောသော ရယ်သံကို ယခုပင် ကြားယောင်သည်။

"မောင်တို့အိမ်မှာ ကိုကို့ကို မနေစေချင်တယ်ဆိုတာက ထား။ အိမ်ကို ပြန်နေဖို့ ကျတော့ကော မေမေက ပြောလို့လား"

ဝင်းအောင် မဖြေဘဲ နေလိုက်သည်။

"ကိုကို့ကို လွင် သနားတယ် မောင်ရာ"

သူ နားသာထောင်နေလိုက်၏။

"ကျောင်းတက်နေတုန်းကလည်း ကျောင်းသားလို့သာပြောရတာ။ အိမ်အလုပ်နဲ့ ပိနေတာပါပဲ။ ဆေးတက္ကသိုလ် တက်တုန်းကလည်း တက္ကသိုလ်ကျောင်းသားလို့သာ ပြောရတယ်။ အဝတ်အစားဆိုတာ ဖေဖေ့အကျႌ။ မုန့်ဖိုးက တစ်နေ့ နှစ်ကျပ်။ ကိုကို့ကို ဘယ်သူကမှ ပါမောက္ခတစ်ယောက်ရဲ့သားလို့ မထင်ဘူး။ အိမ်မှာ ခိုင်းစေထားတဲ့လူလို့ ထင်ကြတာ ခဏခဏကြုံရတယ်။ လွင် တွေးကြည့်မိတာကတော့ မအေ့မေတ္တာကို မရခဲ့လို့ ခံစားနေရတဲ့ကြားထဲ ဖအေ့မေတ္တာကိုပါ မရတော့ စိတ်နည်းနည်း လေသွား တယ် ထင်တာပဲ။ ကိုကို့ကို ချီးကျူးမိတာက မိထွေးကိုရော ဖအေကိုပါ ဘယ်တုန်း ကမှ ရိုင်းရိုင်းစိုင်းစိုင်း မပြောမဆို မဆက်ဆံတာပဲ"

mgyoe.com

mgyoe.com


"ကိုကြီးကျော်က စိတ်ကောင်းရှိတာ အမှန်ပဲ လွင်"

"ရိုးရိုးသားသား ချီးကျူးတာပါပဲနော် မောင်"

နော်ဇာလွင်က ခပ်တိုးတိုး ရယ်သည်။ ဝင်းအောင်က သဘောပေါက်သွားသည်။ ချစ်သူ၏အစ်ကို တော်စပ်သောကြောင့် တမင်ချီးကျူးခြင်း မဟုတ်ကြောင်း နော်ဇာလွင် ထက် သူ ပို၍သိသည်။ ဝင်းအောင်နှင့် ခင်မင်ရင်းနှီးခဲ့သည်မှာ ခြောက်နှစ်ကျော်ခဲ့ပြီ။ ၁၀ တန်းဖြေသည့်နှစ်တွင် ဝင်းအောင်၏ ပန်းချီလက်စလက်နများကို ပြပွဲအတော် များများ၌ တွေ့ရသည်။ ထိုအချိန်တွင် သူ့ဆရာ၏အိမ်၌ ကျော်နွယ်ကို စတင် တွေ့ဖူး သည်။ ဆရာ၏ မိတ်ဆက်ပေးချက်အရ သိကျွမ်းခဲ့သည်။ သူတို့လူငယ်တစ်သိုက်နှင့် ကျော်နွယ်မှာ ဝါသနာအရ ပေါင်းစည်းမိကြသည်။ ဝင်းအောင် တက္ကသိုလ်သို့ ရောက် သောအခါတွင် နေ့စဉ်လိုလို တွေ့ဆုံကြသည်။ ပန်းချီအကြောင်းကို မမောတမ်းပြော ကြသည်။ စိတ်ကူးတွေကို ပြောပြကြသည်။ တစ်ယောက်၏ကားကို တစ်ယောက် စေ့စေ့စပ်စပ် ဝေဖန် အကြံပေးကြသည်။ တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကိုသား ချင်းတွေလို အခင်မင်ကြီးလာသည်။ ထိုအချိန်တွင် မိဘချင်း၏ ပြဿနာကို မည်သူမျှ မသိကြသေး။

"ရိုးရိုးသားသား ပြောပါတယ်လို့ မောင်ဖြေရင် အဲဒီအဖြေကို လွင်တောင်မှ ယုံချင်မှ ယုံမှာ။ ကိုကြီးကျော်ကတော့ သံသယ တစ်စက်ကလေး မရှိမှာ သေချာပြီး သား။ အိမ်မှာ လာနေဖို့ ခေါ်တုန်းကတော့ ကိုကျော်နွယ်က ဘယ်လောက် ငြင်းတယ် ထင်လဲ။ မကောင်းဘူးထင်တယ်ကွာတဲ့ သိလား။ မင်းနဲ့ မိလွင်နဲ့ကိစ္စကို အကြောင်းပြု ပြီး ငါ အခွင့်အရေးယူရာ ကျမှာစိုးတယ်တဲ့။ ပြီးတော့ မင်းအဖေတို့၊ အမေတို့ကလည်း မင်းတို့နှစ်ယောက်ကိစ္စကို သိလည်း သိထားပြန်၊ ငါနဲ့ မိလွင်နဲ့ကလည်း မောင်နှမဆို တော့ နေဖို့မကောင်းဘူးပေါ့ကွာ။ မင်းအဖေနဲ့ ငါ့အဖေ ကမ္ဘာ့ရန်မကလို့ စကြဝဠာ ရန်ပဲဖြစ်ဖြစ် ငါ့စိတ်ထဲ ဘယ်လိုမှ မနေပါဘူး။ ဦးလေးတို့က ငါနဲ့ ငါ့မိဘကို ကံနဲ့ ကတ္တား သတ်သတ်စီခွဲပြီး မြင်တာပဲဟာတဲ့။ အတော့်ကို ပြောယူရတာ။ နေဖို့ကိစ္စကို။ လွင် သိပါတယ်။ ကိုကျော်နွယ်က လွင့်အစ်ကိုမဟုတ်လည်း မောင် အိမ်ကို ခေါ်ထား ရမှာပဲ။ ခင်တယ်လေ။ သူ့ပန်းချီလက်ကိုလည်း လေးစားတယ်"

ဆက်ပြောမည့်နှုတ်ကို အသာရပ်မိလိုက်၏။ နော်ဇာလွင့် ငုံ့စောင်းစောင်း အကြည့်ကြောင့် ထင်၏။ ပြောလှချည်လား ဟူသော အဓိပ္ပာယ်အကြည့်ဟု အောက်မေ့

mgyoe.com

mgyoe.com


၏။ ဒီက အပြောင်အပြက်ပြောတဲ့စကားကို အတည်မှတ်ပြီး ရှင်းပြလွန်းလှချည်လား ဟူသော မျက်လုံးဟု မလုံမလဲ တွေးမိသည်။ သူ နှုတ်ခမ်းပိတ်လိုက်သည်တွင် နော်ဇာလွင် တစ်ချက် ပြုံးလေ၏။

"ဆက်ပြီးပြောလေ၊ နားထောင်နေပါတယ်"

စကားဆက်ကို သူ မေ့သွားသည်။

"မဟုတ်ပါဘူး၊ မောင်က အကောင်းပြောပြတာပါ"

"ဟုတ်ပါတယ်၊ လွင်က နားထောင်နေတဲ့ဉစ္စာ"

"ရိုးရိုးသားသား ချီးကျူးတယ်ဆိုတဲ့အကြောင်း မောင်ပြောပြတာပါ"

"မယုံဘူး၊ မဟုတ်ဘူးလို့ မောင့်ကို ဘယ်သူက ငြင်းလို့၊ ပြောလို့လဲ။ ဆက်ပြောပါလို့တောင် ပွဲတောင်းနေတဲ့ဟာပဲ"

သူက အောက်နှုတ်ခမ်းကို သွားဖြင့် အသာဖိကာ ကိုက်ထား၏။ သရက်ပင်တွေ၊ ကုက္ကိုပင်တွေ၊ စံကားစိမ်းပင်တွေကို မျက်လုံးတစ်ချက် သူဝေ့သည်။ လှိုတစ်လျှောက်ရှိ ချုံနွယ်ပင်ရိုင်းတွေကို အမှတ်မဲ့ကြည့်နေခိုက်

"လွင်တို့ကိစ္စကိုကော မေမေက ဘာပြောလိုက်သေးလဲ"

ဖြူဝင်းသော သူ့မျက်နှာကို နော်ဇာလွင်က လှည့်ကြည့်သည်။

" မင်း မရှက်ဘူးလားတဲ့ သိလား"

နော်ဇာလွင့်မျက်နှာသည် သူ့ဘက်သို့ အပီလှည့်လာလေသည်။

"ဘာကို ပြောတာလဲ"

မျက်လုံးချင်း ခဏဆုံလိုက်၏။

"ဩော် မောင်နဲ့ လွင်နဲ့ ချစ်နေတာကို အစ်ကိုတစ်ယောက်အနေနဲ့ သိက္ခာထားသင့်တယ်တဲ့။ ဆိုပါတော့လေ ယောက်ဖလို ဖြစ်နေတဲ့လူရဲ့အိမ်မှာ သွားပြီးနေတာ ရှက်စရာကောင်းတယ်တဲ့။ မင်း မရှက်ဘူးလားတဲ့။ အဲဒါကိုပြောတာ"

နော်ဇာလွင် ခေါင်းကိုခါသည်။ ဝင်းအောင်က မျက်လုံးလွှဲထားလိုက်သည်။ ပြန်ပြောပြရသည့် ထိုစကားက ကိုယ့်နားဖြင့်ပင် အားနာစရာ ကောင်းနေသည်။ သူကြားရသည့်နေ့က ကျော်နွယ့်ကို မျက်နှာမကြည့်ရဲ။ အားနာ မျက်နှာပူလှသည်။

"အဲဒီစကား ကြားရတုန်းက ကိုကျော်နွယ် အိမ်ကဆင်းသွားမှာ စိုးလိုက်တာ။ 'ဟာဗျာ အဘွားကြီးကလည်း မဆိုင်တာတွေ ပြောပြောနေတယ်။ ကိုကြီးကျော်

mgyoe.com

mgyoe.com


ကျွန်တော့်ကို နားလည်ပါဗျာ' လို့ မောင် ပြောခဲ့တယ်။ ကိုကျော်နွယ်ကလည်း 'အေးပါ ငါ နားလည်ပါတယ်'တဲ့။ ဒီပြင်လူဆိုရင် အဲဒီနေ့ကတည်းက တခြားဆင်းသွားပြီ။ ခက်ပါတယ် လွင်ရာ အဘွားကြီးကလည်း တကယ်ပဲ"

"မေမေ့ကို ကိုကိုက ဘာပြန်ပြောခဲ့သတဲ့လဲ။ မောင့်ကို ပြောပြသေးလား"

ဝင်းအောင် ခေါင်းညိတ်သည်။

"ကိုကျော်နွယ်ပြောလိုက်တာ မဆိုးပါဘူး။ ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ပြန်ပြောခဲ့တာတဲ့။ 'ဒီအတွက်တော့ ကျွန်တော် မရှက်ပါဘူး'တဲ့။ 'ဒါထက်မက ရှက်စရာကောင်းတဲ့ ဘဝမျိုးနဲ့ ကျွန်တော် နေခဲ့ရဖူးပြီပဲ'တဲ့။ 'အန်တီမှတ်မိမှာပါ'တဲ့။ 'အန်တီနဲ့ ဖေဖေတို့ ယူပြီးတဲ့နောက် ဖေဖေက အန်တီ့ကို မေမေလို့ ခေါ်ခိုင်းတယ်။ အန်တီက မေမေလို့ မခေါ်ရဘူး၊ အန်တီလို့ ခေါ်ရမယ်လို့ ပြောတယ်။ ဖေဖေ့ရှေ့မှာ အန်တီလို့ခေါ်တော့ ဖေဖေက ဆူတယ်။ ဘယ်လိုခေါ်တာလဲတဲ့။ ကွယ်ရာမှာ တစ်ခါမေ့ပြီး မေမေလို့ ခေါ်လိုက်တုန်းကလေ။ အန်တီ့သူငယ်ချင်း ကျောင်းဆရာမတွေရှေ့မှာလေ။ မျက်ထောင့်နီကြီးနဲ့ နင့်ကို ငါ ဘယ်နှခါ ပြောရမလဲ၊ ဘယ်လိုခေါ် ဆိုတာကိုလို့။ ဒီတုန်းက ကျွန်တော် ၁၀ နှစ်သားပါ အန်တီ။ အရှက်ကွဲတယ်ဆိုတာ အဲဒီက စတာပါပဲ။ ပုဂံလမ်းထဲကို ပြောင်းတဲ့ အချိန် အိမ်ကြီးပေါ်မှာ ကျွန်တော်မနေရဘဲ ကားဂိုဒေါင်ထဲမှာ နေရတဲ့ဟာလောက်ကိုတော့ အရှက်ရစရာလို့ ကျွန်တော် သဘောမထားပါဘူး။ ပန်းချီဆွဲတတ်တဲ့အခါ အမေ့ပုံကို ပုံတူဆွဲပြီး ဧည့်ခန်းမှာ ချိတ်တုန်းကကော။ သူငယ်ချင်းတွေရှေ့မှာ အမေ့ပုံတူ ပန်းချီကားကို အန်တီ ဆွဲလွှင့်ပစ်တာ ကြုံရခဲ့ပါတယ်။ ဒီတော့ အရှက်ကွဲစရာ မကျန်တော့လို့ ဝင်းအောင့်အိမ်မှာနေတာ ရှက်စရာလို့ ကျွန်တော် မထင်ပါဘူး အန်တီ'တဲ့။ ဒါလောက်တော့ သူ့မှာ ပြောခွင့်ရှိမယ် ထင်ပါတယ် လွင်။ မောင် ဘက်လိုက်ပြီး ပြောတာ မဟုတ်ပါဘူး"

နော်ဇာလွင်၏ နုညက်သော နဖူးတွင် အရေးကြောင်းလေးတွေ ရုတ်ခြည်း ထသွား၏။ မျက်နှာကို တဖြည်းဖြည်း လှည့်သွားသည်။ နှုတ်ခမ်းထောင့်သည် ရှေးရှေးမှု တွန့်လျက်ရှိ၏။

"သြော် အဲဒီအကြောင်းတွေ လွင် အစက မသိခဲ့ရဘူး မောင်ရဲ့။ ဖြစ်မှဖြစ်ရလေ။ အင်းလေ ဒီလောက်ပြန်ပြောတာကတော့ တရားပါတယ်"

"ပြီးတော့ ပြောလိုက်သေးတယ်"

mgyoe.com

mgyoe.com


"ဘာလဲ မောင်"

"'ဝင်းအောင်ကို ဒီအိမ်ခေါ်လာတာ မင်း' တဲ့။ 'ဝင်းအောင်နဲ့ သမီးနဲ့ ဖြစ်သွားရတာလည်း မင်းကြောင့်'တဲ့။ 'မင်းအဖေက ဒီအတွက် မင်းကို မကျေနပ်ဆုံးပဲ'တဲ့"

"အို ဒါလည်း ဘာဆိုင်လို့လဲ။ မောင်နဲ့ ကိုကိုနဲ့ သိတာက စောတာတော့ အစောကြီးပါ။ မောင် အိမ်လာတာနဲ့ လွင်နဲ့ တစ်ခါမှ မဆုံပါဘူး။ ဒီတုန်းက မောင် ၁၀ တန်း။ တက္ကသိုလ်ရောက်မှ လွင်နဲ့ မောင် သိကြတာ။ သိလို့ လေးငါးခြောက်လ ကြာတဲ့အထိ လွင့်ကို ကိုကို့ညီမမှန်း မောင်သိသေးတာ မဟုတ်ဘူး။ အိမ်လာလည်း ကိုကိုနေတဲ့ ကားဂိုဒေါင်ထဲမှာ မောင်နေတာ။ လွင့်ကို ရည်းစားစကားပြောပြီး သုံးလေးရက်ကြာတော့မှ ကိုကို့ကားဂိုဒေါင်မှာ ဆုံတာလေ။ မှတ်မိလား"

ဝင်းအောင်က တစ်ဖက်ထောင်ထားသော ဒူးကို ဆန့်ရင်း ပြုံးလိုက်၏။ လုံချည်စကို အောက်သို့ဆွဲကာ ပြင်ပြီး ထိုင်သည်။

"နှစ်နှစ်ကျော် သုံးနှစ်ကအကြောင်းကိုပေမဲ့ အခုချက်ချင်းလိုလိုကိုပဲ မှတ်မိပါတယ် လွင်ရာ။ တကယ်လို့ လွင်က မကတတ် မဆိုတတ်ဘူးဆိုရင် မောင်တို့ တွေ့ဖို့ မလွယ်ဘူး၊ သိလား"

"ဘာပြုလို့"

"တက္ကသိုလ်ရွှေရတုမှာ ဘယ်လာ မင်းသမီး ဖြစ်တော့မလဲ။ အဲဒီတော့ အခမ်းအနား ပန်းချီဒီဇိုင်း တာဝန်ယူရတဲ့ မောင်နဲ့ ဘယ်လာဆုံပါတော့မလဲ။ အဲသလိုသာဆို ဘယ်လာ တွေ့ဖူးမလဲ။ ဘယ်လိုလုပ်ပြီး ရင်းနှီးခင်မင်ပါတော့မလဲ"

"ဘယ်လာ ချစ်သူဖြစ်ပါတော့မလဲပေါ့ ဟုတ်လား"

"ဒါပေါ့။ ကိုကျော်နွယ့်အခန်းမှာ တွေ့လိုက်ရတော့ မောင်လေ ရင်တွေ အရမ်းခုန်လိုက်တာ။ အံ့အားလည်း သင့်သွားတယ်၊ လန့်လည်း လန့်သွားတယ်။ တစ်မျိုးလည်း ထင်သွားတယ်"

မျက်စောင်းတစ်ချက်နှင့်အတူ သူ့လက်ခုံကို တစ်ချက်ဆိတ်လေသည်။

"သိပါတယ်လေ၊ မောင် တစ်မျိုးထင်သွားမှာစိုးလို့ လွင်ပြောလိုက်တဲ့စကားကိုကော"

"သိပ်မှတ်မိတာပေါ့ဗျာ။ မောင့်ကို တွေ့တွေ့ချင်း ရှက်ပြုံးပြုံးတယ်။ ပြီးတော့ ကိုကျော်နွယ့်အင်္ကျီတွေကို သိမ်းရင်းနဲ့ 'ကျွန်မ ကိုကျော်နွယ့်ညီမပါ'တဲ့။ စိုးရိမ်တဲ့

mgyoe.com

mgyoe.com


မျက်လုံးနဲ့ ရှင်းပြတာလေ။ မောင်က သိပ်သိတာပေါ့။ ဒီတင်ပဲ မကြာခင် မောင့်ကို စကားပြန်မယ်။ ပြန်တဲ့စကားဟာလည်း ချိုတဲ့စကားပဲ ဖြစ်ရမယ်လို့။ အင်းပါလေ ထားပါတော့။ ကိုကျော်နွယ်နဲ့ပတ်သက်ပြီး လွင်တို့အိမ်ကို ရောက်ဖူးတာက ငြင်းစရာ မလိုပါဘူး။ ဒါပေမဲ့လည်း ကိုကျော်နွယ့်ကို အမှီပြုပြီးမှ လွင့်ကိုချစ်မိတာ မဟုတ်တာက ရှင်းပါတယ်"

"ဒါပေမဲ့ မေမေက ထင်ရာမြင်ရာ ပြောနေတာ ခက်တယ်"

"ကိုကျော်နွယ့်ကို အပြစ်တင်ချင်နေတာနဲ့ မြင်မြင်သမျှ စွတ်ရွတ်ပြောနေတာ မျိုးပါ။ ဒါက သူတို့ကိစ္စလို့လည်း ဆိုဆို ရပါတယ်။ အဲဒီနေ့က မောင်တို့ကိစ္စကို ပြောလိုက်တာ လန့်စရာဗျ"

သူ့ဘက်သို့ နော်ဇာလွင့်မျက်နှာ ဖျတ်ခနဲ လည်လာသည်။

"ဘယ်လိုပြောလိုက်လို့လဲ ဟင်"

"'ဝင်းအောင်နဲ့ ကောင်မလေးကိစ္စမှာ မင်း ဘာမှ လူစွမ်းကောင်း ဝင်လုပ်စရာ မလိုဘူးဆိုတာ ခုကတည်းက ကြိုပြောထားမယ်'တဲ့။ 'သူတို့ကိစ္စဟာ ဘယ်လိုမှဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ဘူး'တဲ့။ 'ဒါကို မင်းသိထား'တဲ့ လွင်"

နော်ဇာလွင်က မျက်ခုံးပင့်လိုက်သည်။ အံ့ဩဟန်ကိုကား မတွေ့ရ။ နားဋ္ဌ ယဉ်နေဟန်မျိုး တစ်ချက်ပြုံးသည်။

"မောင် ဘာတွေပဲ ကြားကြား လွင့်ကိုတော့ ယုံနော်"

စိုးရိမ်မကင်းလေသံနှင့်။ ထို့နောက်

"တစ်ခါက လွင် ပြောဖူးပါတယ်။ အိမ်ထောင်ဖက်ဆိုတာ ကိုယ်ချစ်တဲ့သူသာ ဖြစ်ရမယ်ဆိုတာလေ"

ဝင်းအောင်က ကြည်လင်စွာ ပြုံးလိုက်၏။ သူ့ဘက်သို့ နော်ဇာလွင်က ကိုယ်ကို ယိမ်းလိုက်၏။ လက်မောင်းအိအိလေးက သူ့ကို လာထိ၏။

"ကိုကို့ကို ခေါ်ပြောတဲ့အချိန်က လွင် ရန်ကုန်သွားနေတယ် မောင်ရဲ့။ အိမ် ရောက်တော့ မေမေ့မျက်နှာ တစ်မျိုးဖြစ်တယ်လို့ ထင်တော့ထင်သား။ တစ်နေ့လုံးပဲ သုန်သုန်မှုန်မှုန်နဲ့။ ညနေကျမှ ကားမောင်းတဲ့ ဦးလေးက ပြောပြလို့ ကိုကိုလာသွားမှန်း သိရတာ။ ဘာတွေပြောလဲဆိုတာ မေးတော့ ဦးလေးက မသိဘူးတဲ့။ မေမေ့ကို ကိုကို လာသွားလားလို့ မေးတော့ 'အေး'တဲ့။ 'ပိုက်ဆံလာတောင်းတာ'တဲ့။ ဖေဖေ့ကို သွားကြို

mgyoe.com

mgyoe.com

ပြီး အိမ်တောင်မရောက်သေးပါဘူး၊ လမ်းတွင် ကိုကို့အတင်းပြောတော့တာပဲ။ အိမ်ရောက်တော့လည်း ပြောတော့ ပြောနေတာပဲ။ ဘာပြောမှန်းတော့ သဲသဲကွဲကွဲ မကြားရဘူး။ တစ်ခါတစ်ခါ ဖေဖေ့ တောက်ခေါက်သံ ကြားရတယ်။ ကိုယ့်အမေဆိုတော့လည်း ပြောရမှာခက်တယ်။ ကိုကို့ကို မေမေ ဘာပြုလို့ အာဃာတ ထားရတာလဲ မသိဘူး။ ပြောဖူးပါတယ်။ ကိုကိုနဲ့ပတ်သက်လို့ကတော့ မေမေ တော်တော်ရက်စက်တာ အမှန်ပဲ”

ခေါင်းတညိတ်ညိတ်နှင့် စကားထောက်ပေးပြီး စဉ်းစားနေသည်။ နှစ်ဦးသားပေါင်းဆုံရေးမှာ မလွယ်ယောင်မှုမက အခက်ကြီးခက်မည်ဟု သိနေသည်။ နော်ဇာလွင့်ကို တငေးတမော ကြည့်ရင်း နားထောင်ခဲ့သည်။ စကားဆုံးသွားပြီး အတန်ကြာသည်အထိ ငေးမြဲ ငေးနေမိသည်။ ချစ်မြတ်နိုးဖွယ်ဟု ခံစားရသည်။ လည်တိုင်က အကြောစိမ်းလေးတွေကို ကြည့်မိသည်။ အဖြူတွင် အပြာစက်အမှုန်တွေ တင်ထားသော အင်္ကျီလက်မောင်းနှစ်ဖက်မှတစ်ဆင့် မျက်လုံးရွေ့သွားသည်။ လျှပ်ပြက်ခြင်းမျှထက် မကြာသော တစ်ကာလအတွင်းသာ အကြည့်က ကြာရှည်လိုက်၏။ မျက်လုံးကို ကန်ရေပြင်ဆီသို့ ရွှေ့ပစ်လိုက်သည်။

အင်းလျားကန်ရေပြင်သည် လှိုင်းလွန့်သေးငယ်စွာဖြင့် လှုပ်နေ၏။

✧ ✧ ✧

နေအလင်း ရုပ်စပြုချေပြီ။

ခြေရင်းဘက် အလုပ်ရုံထဲမှ လျှပ်စစ်ပြက်လိုက်သည်ကို တစ်ချက်တစ်ချက်တွင် လှမ်း၍ မြင်ရ၏။ ခြံဝသို့ရောက်သောအခါ တွင်ခုံတွင် မီးစလောင်းထိုးကာ အလုပ်လုပ်နေသူ အဖေ့ကို တွေ့ရလေ၏။ မော်တာရော်ဘာကြိုးသည် မှန်မှန်သွားနေ၏။ လေးဖက်ညှပ်တွင် ခေါင်းသည် ဖြည်းဖြည်းလည်နေ၏။ ဆောက်အသွားကို ခပ်ဖွဖွခံထား၏။ အမှတ်နှစ်ဂီယာကို ညာလက်ဖြင့် လှမ်း၍ သွင်းလိုက်သည်။ ဆောက်စာအမျှင်တွေ အလိပ်လိပ် တွန့်ကာ ကျလာ၏။ တချို့ ကြေးမျှင်တွေက ဘူးနွယ်လို တွန့်လိမ်ပြီး ကျသွားသည်။

ဝင်းအောင်က အဖေ့ အနီးတွင် ရပ်ကာ လှမ်းကြည့်လိုက်သည်။ အဖေက သူ့ကို လှည့်ကြည့်လေသည်။

mgyoe.com

mgyoe.com


"မင်း ဒီနေ့ တယ်စောပါလားကွ"

ခါတိုင်းနေ့များဆိုလျှင် ၆ နာရီခွဲ ၇ နာရီလောက် ပြန်ရောက်တတ်၍ မေးခြင်းဖြစ်ဟန်ရှိ၏။ နေ့လယ် ၂ နာရီကျော်လျှင် ကျောင်းတက်ရမည့်ကိစ္စ ပြတ် သလောက်ဖြစ်လေသည်။ နည်းပြတန်းရှိမှသာ ၃ နာရီကျော်အထိ ကျောင်းခန်းတွင် နေရသည်။ အချိန်အားရသည်နှင့် မာလာဆောင် စားသောက်ဆိုင်တန်းဘက်သို့ သွားသည်။ ထိုနေရာတွင် ပန်းချီသူငယ်ချင်းတွေ ရှိနေတတ်သည်။ သူတို့နှင့်မတွေ့လျှင် စီးပွားရေးတက္ကသိုလ်ဘက်သို့ သွားပြီး နော်ဇာလွင့်ထံ သွားသည်။ မည်သူနှင့်မျှ မတွေ့လျှင် ဗဟိုစာကြည့်တိုက်သို့ သွားပြီး စာဖတ်သည်။ ရည်ညွှန်းစာအုပ်မျိုးဖြစ်လျှင် ထိုမှာပင် ထိုင်ဖတ်သည်။ စာကြည့်တိုက် ပိတ်ခါနီးမှ ထဖြစ်သည်။ ထို့နောက် ဦးချစ်လက်ဖက်ရည်ဆိုင်သို့ သွားသည်။ ၅ နာရီမထိုးမီ သူငယ်ချင်းတွေ တစ်ယောက်စနှစ်ယောက်စ ရောက်လာပြီးနောက် မကြာမီပင် လူစုံသည်။ ပန်းချီအကြောင်း၊ ရုပ်ရှင်အကြောင်း၊ ဝတ္ထုအကြောင်းနှင့် သောင်းပြောင်းထွေတလာ စကားပြောကြသည်။ တစ်ခါတစ်ရံ ၉ နာရီကျော်မှ လူခွဲကြသည်။ သူတို့ဝိုင်းသို့ ကျော်နွယ် ရောက်လာသောနေ့တွင် အပြန်အဖော်ရ၍ မိုးပိုချုပ်သည်။

"မောင်ကျော်နွယ်ကော"

မော်တာခလုတ်ကို ပိတ်ရင်း မေးသည်။

"ကျွန်တော်နဲ့ ဒီနေ့ မတွေ့ဘူး အဖေ"

စက်ဆရာတစ်ယောက်က လွန်ပူဖောက်နေရင်း ဝင်းအောင်ကို ပြောသည်။

"ကိုကျော်နွယ်က မင်းကို မှာသွားတယ်။ မနက်က မင်းကျောင်းသွားတော့ ငါပြောမလို့ မေ့သွားတယ်ကွ။ ၃ နာရီခွဲအထိ သူ လောကနတ်မှာ စောင့်နေမယ်ဆိုတာ"

သူမလာမချင်း ထိုနေရာတွင် ကျော်နွယ် စောင့်နေလိမ့်မည်။ မနက်က သူအိပ်ရာမှ မထမီ ကျော်နွယ်အပြင်သို့ ထွက်သွားသည်။ တစ်နေရာရာသို့ သူသွားလျှင် တစ်ယောက်ယောက်ကို မှာသွားလေ့ရှိသည်။ မနက်တုန်းက အမေ ဈေးသွားနေသည်။ အဖေက မနိုးသေး။ ပိုပိုက ကျူရှင်သို့ ၆ နာရီအရောက် သွားရသည်။ မည်သူနှင့်မျှ တွေ့ပုံမပေါ်။

"ကိစ္စမရှိပါဘူး။ အကြောင်းထူး မရှိတော့ အဲဒီမှာ အကြာကြီး စောင့်နေမှာတော့ မဟုတ်ဘူး"

mgyoe.com

အားတုံ့အားနာ ဖြစ်နေသော စက်ဆရာကို စကားဖြေလိုက်သည်။ ပခုံးပေါ်ရှိ လွယ်အိတ်ကို ဖြုတ်ကာ အိမ်ပေါ်သို့သွားရန် ခြေလှမ်းပြင်လိုက်သည်။ ပြုတ်တူကြီးတွေ၊ လွန်ပူခုံတွေ၊ တွင်ခုံတွေကို နှစ်ဖက်မှျ ချထားသော အလုပ်ရုံမှာ ပစ္စည်းပစ္စယတွေ ပြည့်နေ၏။ တူတွေ၊ တံစဉ်တွေ၊ ပလာယာတွေ၊ သံချောင်းတွေ၊ မော်တော်ကား စက်ပစ္စည်း အပိုင်းအစတွေ၊ ကွိုင်ကြိုးခွေတွေ၊ လေအိုးတွေ နေရာမလပ်ရှိနေ၏။ အလုပ်ရုံအတွင်း၌ နေရာအားလုံးတွင် စက်ဆီရောင်ထနေ၏။ မြေပြင်လျှင် ဆီချေး ရောင်ထနေ၏။

"ဩော် ကိုခြေရှည် ပြန်လာပြီကိုး"

ဖွင့်ထားသော သံတံခါးတစ်ဖက်တွင် နောက်မှီကာ ရယ်ရွှမ်းစကားဆိုသူ ပိုပိုက သူ့ကို ကြည့်နေ၏။ အင်္ကျီဖြူလက်စကနှင့် ကျောင်းစိမ်းထဘီဝတ်ထားသော ပိုပို၏ ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ်။

"ဈေးထဲဝင်နေလို့ပါဟာ"

နဂိုကပင် ဝိုင်းစက်သော မျက်လုံးသည် ပို၍ ဝိုင်းသွားသည်။ ထိုမျက်လုံးဝိုင်းနှင့် နှုတ်ခမ်းတစ်ချက် စုပြ၏။ ဝင်းအောင်က လှေကားခုံအောက်ဆုံးထစ်ကို နင်းတက်ပြီးမှ

"ငါးကျည်းခြောက်နဲ့ ဝက်နှတ်သီး ဝင်ဝယ်နေလို့လေ"

ပိုပိုက နှုတ်ခမ်းစူပြီး အိမ်မပေါ်သို့ လှည့်ထွက်သွား၏။ သူက တဟားဟား ရယ်ရင်း အိမ်ပေါ်တက်လိုက်သည်။ ပိုပိုက နှာသီးအနည်းငယ်ထူသည်။ ဝက်နှာခေါင်းဟု ဝင်းအောင်က နောက်၏။ ပိန်သောကိုယ်ကို ငါးကျည်းခြောက်ဟု စလှေ့ရှိ၏။ ထိုသို့ ခေါ်ဝေါ်တိုင်း စိတ်ကောက်တတ်သည်။ ခြေသံခပ်ပြင်းပြင်း နင်း၍ အိမ်နောက်ဘက်ဆောင်သို့ တောက်လျှောက်ထွက်သွားသော ညီမကို ပြောင်ရယ်ရယ်ရင်း လွယ်အိတ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်၏။ အင်္ကျီ၊ လုံချည်မလဲသေးဘဲ မီးဖိုဆောင်ဘက်သို့ ဝင်သွားသည်။

အမေက ဟင်းအိုးအဖုံးဆီသို့ လက်လှမ်း၏။ အငွေ့တို့က အဖုံးကို တွန်း၍ တဖွားဖွား ထွက်နေ၏။ အဖုံးကို ဖျတ်ခနဲ ဆွဲကာ ဟလိုက်သည်။ ပူသွားသော လက်ညှိုးနှင့် လက်မကို နားရွက်ဖျား၌ ကပ်လိုက်သည်။ ညာလက်ထဲမှ ဇွန်းကို ဟင်းအိုးထဲသို့ အခြေနှစ်အောင် နှစ်ပြီးမွှေသည်။ ထို့နောက် ဇွန်းဖျားဖြင့်ခပ်ကာ မြည်းရန် ပြင်သည်။

mgyoe.com

mgyoe.com


ဟင်းရည်အေးအောင်မှုတ်ပြီး မြည်းသည်။ အပေါ်အငန် ပြည့်စုံနေပြီ ထင်၏။ အဖုံးကို ပြန်စေ့သည်။ ရေနံဆီ မီးဖိုပေါ်မှ အိုးကို စင်ပေါ်သို့ ယူတင်လိုက်သည်။ အသင့်ထား သော ရေနွေးကရားကို မီးဖိုပေါ်သို့ တင်သည်။

"ငါးဖယ်ရေချိုလေ၊ သားကြိုက်တယ်မဟုတ်လား"

ဝင်းအောင်ကို ပြုံး၍ကြည့်ကာ မေးသည်။

"ဟင့်အင်း ငါးကျည်းခြောက်ဟင်းခါးနဲ့ ဝက်နူတ်သီးသုပ်ပဲ စားချင်တယ်"

သခွားသီးကို ရေဆေးနေသော ပိုပိုက မျက်စောင်းထိုးသည်။

အမေက သမီးကိုကြည့်ကာ ရယ်လိုက်၏။

"အစ်ကိုနော်"

ဝင်းအောင်က ရယ်ချင်စိတ်ကို မျိုသိပ်ထားရသော မျက်နှာနှင့် ကြည့်သည်။

"နင့်ကို ငါ ဘာပြောလို့လဲ"

"ခုန ဘာပြောတာလဲ၊ နှစ်ခါရှိပြီ။ သူများ မကြိုက်ဘူး မစနဲ့။ သူ့ရည်းစားကျ တော့ လှလိုက်တာ"

ရှပ်အင်္ကျီကြယ်သီးကို ဖြုတ်ရင်း

"ကျေးဇူးတင်ပါတယ်၊ လှလိုက်တာလို့ ပြောလို့"

အမေက ပြုံးနေ၏။ သူ့ကို လှည့်ကြည့်၏။ ရွှေကိုင်းမျက်မှန်သည် မီးရောင် အောက်တွင် လက်ခနဲ ဖြစ်သွားသည်။ ပါးစုန့်တွေ တက်အောင် ပြုံးလိုက်၍ မျက်နှာက ဝိုင်းသွားသည်။ ညိုလွန်းသော်လည်း စိုပြည်သော အသားအရေကြောင့် အရွယ်တင် သည် ထင်ရ၏။ တစ်အိမ်လုံးတွင် အမေ အရပ်အပုဆုံး။

"အကောင်းပြောတာ မှတ်နေတယ်။ အစ်မလွင် နှာခေါင်းကျတော့ အပြစ်မပြော တော့ဘူး။ သေးသေးလေး။ နှာသီးဖျားက ရှိမှရှိပ့ါမလား ထင်ရတယ်။ အရပ်ကလည်း ပုသေး။ သူများလောက်တောင် ဒေါက်မရှိဘူး"

"ဟ နင်က ငါးပေ ခြောက်လက်မကျော်နေတာ။ သူက နင့်ထက် လေးလက်မ လောက် နိမ့်တာကိုများ။ ဒါစံမီအရပ်။ ငါးကျည်းခြောက်စံနဲ့ နှိုင်းရင်တော့ ဘယ်ဖြစ် မလဲ ပိုပိုရာ"

သခွားသီးလှီးနေသော ဓားကို ထောင်ပြသည်။ အမေက အသံထွက်အောင် ရယ်နေ၏။ ရှပ်အင်္ကျီစကို အပြင်သို့ ဆွဲထုတ်ရင်းနှင့် ဝင်းအောင်က တခစ်ခစ် ရယ်လိုက်

mgyoe.com

mgyoe.com


သည်။ ထို့နောက် ပိုပို၏အနားသို့ လျှောက်သွား၏။ အင်္ကျီအိတ်ထဲမှ ယိုးဒယားချောကလက်ထုပ်ကို ပိုပို့အား လှမ်းပေးသည်။ ပိုပိုက မယူ။ ကြည့်ပြီးမှ မမြင်ယောင်ပြုထား၏။

"ယူလေ ညီမလေးရဲ့"

"မစားချင်ပါဘူး၊ သူများဝယ်ပေးတဲ့ဥစ္စာကို"

"သြော်...ခါတိုင်းတော့ ငါဝယ်ပေးတဲ့ သကြားလုံးတို့၊ မလိုင်ခဲတို့ စားစားနေပြီး။ ခုမှ ကြီးကျယ်လို့"

အမေက ငါးပိရည်ပန်းကန်လုံးကို ယူပြီး ဖွန်းတပ်လိုက်၏။ မုန်လာဥနီ၊ နီကိုဥနှင့် ဂေါ်ဖီပွင့်တွေရောစု ကြော်ထားသော ဒယ်အိုးဖုံးကို အသာမကာ ချွေးစစ်လေသည်။

"ဒါကို ပြောတာမဟုတ်ဘူး။ ဒီချောကလက်က သူများစားဖို့ အစ်ကိုဝယ်လာတာမဟုတ်ဘူးလို့ ပြောတာ။ အစ်မလွင်က အစ်ကိုစားဖို့ ဝယ်ပေးတာမို့လို့ သူများမစားချင်ဘူးလို့ ပြောတာဗျ။ သိရဲ့လား"

ဝင်းအောင်က ခေါင်းခါပြလိုက်၏။

"မဟုတ်ပါဘူး ပိုပိုရာ။ ဒါ ငါဝယ်လာတာပါ"

ပိုပိုက ရယ်နေသည်။

"မဖြီးစမ်းပါနဲ့။ အစ်ကိုက ယိုးဒယားချောကလက် ကြိုက်တယ်လို့ အစ်မလွင်က ရေးဖူးတယ်လေ"

ဝင်းအောင် ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ သူ့စာကြည့်စားပွဲ အံဆွဲကို ပိုပို မွှေနှောက်လေပြီဟု တွက်လိုက်၏။ မျက်နှာကို ရေနွေးငွေ့ ဟပ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ သူတစ်ယောက်တည်း တိတ်တဆိတ် ယူငင် ဖတ်ခြင်းမှ ဟုတ်ရဲ့လား။ အဖေတို့၊ အမေတို့ကိုများ ပေးဖတ်သေးသလားဟု ပူသွား၏။ စာပေါင်း ၂၃ စောင်တွင် ပါသမျှ အကြောင်းအရာတွေကို ချက်ချင်း ပြန်လည်စဉ်းစားကြည့်သည်။ မျက်နှာမထားတတ်စရာတွေ မပါခဲ့။ မနေ့က ပေးလိုက်သော စာထဲတွင်မူ သန်းခေါင်ယံ စည်းဝေးပွဲတော်နေ့က နှစ်သစ်ကူးအနမ်းကို မောင်သိမ်းထားရဲ့လားဟု ရေးထားသည်။ ထိုမင်္ဂလာအနမ်းကို မပျောက်စေရန်အလို့ငှာ ရေချိုးတိုင်း နဖူးကို မျက်နှာသုတ်ပဝါစည်းထားပါဟု ရွှတ်နောက်နောက် ရေးထည့်ထားသည်။ တစ်လကျော်လောက်က အနမ်းကို ထိန်းထိန်းသိမ်းသိမ်း မထားတတ်လျှင် နှုတ်ခမ်းရာကို နဖူးမှပြန်ပြီး ခွာယူ

mgyoe.com

mgyoe.com


ပစ်မည်ဟု ရယ်ရွှမ်းစကား ရေးထားလေသည်။ ထိုတစ်စောင်မှတစ်ပါး ကျန်သောစာတွေ အားလုံးတွင် ချစ်အောက်မေ့ခြင်းစကားတွေ၊ ရှေ့ရေးစကားတွေသာ နော်ဇာလွင် ရေးခဲ့သည်။

"ပိုပိုနော် နင် စည်းကမ်းမရှိဘူး။ ဘာလဲ သူများစာကို ခိုးဖတ်တယ်"

ပိုပိုက ပြုံးထေ့ထေ့ ကြည့်သည်။ အမေက ထမင်းအုပ်ထဲမှ ရေစက်တွေကို စစ်ရင်း ခပ်တိုးတိုး ရယ်နေ၏။

"အမယ် ခိုးဖတ်တာ မဟုတ်ပါဘူး။ ခဲတံချွန်စက် လိုက်ရှာရင်း အံဆွဲထဲမှာ တွေ့လို့ ယူဖတ်တာများ"

သူငိုင်တိုင်တိုင် ဖြစ်နေစဉ် လက်ထဲမှ ချောကလက်ထုပ်ကို ပိုပိုက ဆတ်ခနဲ လှမ်းယူလိုက်၏။ တစ်ခုခု ပြောမည်ဟု နှုတ်ခမ်းပြင်လိုက်စဉ် ပိုပိုက

"ဖတ်လို့ကောင်းတာက နှစ်ဖက်လူကြီးတွေကို စည်းရုံးဖို့ တာဝန်ခွဲတမ်းချတဲ့ အပိုင်းပဲ ဟင်း… ဟင်း…"

ဘာပြန်ပြောရမည် တွေးမရ။ အမေက လက်ဆေးဇလုံထဲသို့ ရေထည့်ရင်း ပြုံးနေ၏။ ခေတ္တမျှ တိတ်သွားချိန်တွင် အလုပ်ရုံရှေ့မှ ကားဘော်ဒီထုသံ လေးငါးချက်က ထွက်လာ၏။ လွှဖြတ်သံကို တကျိကျိ ကြားရသည်။

"ဖေဖေနဲ့ မဟာရန်သူတော်ဖြစ်နေသူရဲ့ သမီးကိုမှ သွားပြီး ကြိုက်မိတယ်။ အစ်ကို့အဖြစ်က သနားရမလို၊ ရယ်ရမလိုနဲ့"

အမေ့ထံသို့ စွေပြီး ကြည့်လိုက်၏။ ထမင်းစားပန်းကန်ရှိ ရေစက်တွေကို အဝတ်သန့်ဖြင့် သုတ်နေ၏။ အမေ့နှုတ်ခမ်းပါးတွင် ပြုံးရိပ်ငွေ့ငွေ့ တွေ့သည်။ ဝင်းအောင်က ပြောစရာစကား စဉ်းစားမရသဖြင့် စိတ်ကူးရလိုက်ရာကို မေးလိုက်၏။

"နေပါဦး အမေရဲ့။ သူ့အဖေနဲ့ အဖေနဲ့က ဘယ်လို ဘယ်လို ကြည့်မရအောင် ဖြစ်သွားကြတာလဲ"

အမေက စိတ်ရှုပ်လိုက်တာ ဟူသော အကြည့်မျိုးဖြင့် လှည့်ကြည့်သည်။ အပြုံးတော့ မပျက်။

"မင်းအဖေကို မေးကြည့်ပေါ့"

ဝင်းအောင် မျက်ခုံးတွန့်လိုက်မိချေ၏။

"ခုနေတော့ မမေးရဲပါဘူး။ ပြောပြရင်း ပြောပြရင်း ဒေါသတွေက အသစ်ပြန်ဖြစ်လာရင် မောသွားမယ်။ ကျွန်တော်ရော ကိုကျော်နွယ်ရော အိမ်ပေါ်က ဆင်းပြေး

mgyoe.com

ရမယ့်ကိန်း ဆိုက်သွားမယ်။ ကျွန်တော်တို့ လက်ထပ်ပြီးမှ ခမည်းခမက် စစ်ပြေငြိမ်းပွဲ ထမင်းဝိုင်းကျမှပဲ မေးကြည့်တော့မယ်"

အမေက တစ်ချက်ရယ်သည်။ ပိုပိုက ဟင်းဂလာချဉ်ဖတ်ကို အထုပ်ဖြေနေသောလက်ကို ရပ်ပြီး ဟားနေ၏။ ဟင်းပန်းကန်ကို လှမ်းယူပြီး အိုးရှိရာသို့ သွားရင်း အမေက "မောင်ကျော်နွယ်လည်း ပြန်မရောက်သေးပါလား"ဟု ပြော၏။ "ရန်ကုန်သွားတယ်တဲ့။ ကျွန်တော်နဲ့တော့ မတွေ့လိုက်ပါဘူး။ ပြန်တော့လာမှာပါ။ ညဥ့်နက်ချင် ညဥ့်နက်မလား မသိဘူး" ဟု ဝင်းအောင် ပြောလိုက်၏။ "သမီး မောင်ကျော်နွယ်အတွက် ဟင်းသတ်သတ် ခပ်ထားလိုက်ပေါ့" ဟု ပြောနေစဉ် ပိုပိုက "အစ်ကိုရေချိုးရင် နဖူးစည်းဖို့ ပဝါတစ်ပိုင်း သူများ ဝယ်ထားတယ်" ဟု မကြားတကြား လှည့်ပြော၏။ ပိုပို့ကို မျက်မှောင်ကြုတ်ပြလိုက်သည်။ အမေကြားမည် စိုးသည်။ ထိုစဉ် "အကျီ၊ လုံချည် သွားလဲလေ။ ထမင်းစားရအောင်။ ရေတော့ မချိုးနဲ့တော့။ သိပ်အေးနေပြီ" ဟု အမေက ပြော၏။

"ရေချိုးရင် နဖူးကို ရေမစိုစေနဲ့နော်"

ပိုပို့စကားကို အမေ နားလည်ဟန်မတူ။ သဲသဲကွဲကွဲ ကြားလိုက်ပုံမရ။ ထို့ကြောင့် ဝင်းအောင်က စကားလွှဲလိုက်သည်။

"နင်မှာလိုက်တဲ့ ကော်ပီစာအုပ်တွေ ငါ ဒီနေ့မှာခဲ့တယ်။ မနက်ဖြန်ကျရင် ရမယ်။ နင် ပေါက်တတ်ကရ လျှောက်ပြောနေရင် မနက်ဖြန် ပါမလာဘူးမှတ်"

အကျပ်ကိုင်စကားကြောင့် ပိုပို မျက်နှာပိုး သတ်လိုက်၏။ သို့သော် တစ်ခွန်းမေးဖြစ်အောင် မေး၏။

"ပုံတူပန်းချီ ခဲလောင်းထားတာ ဘယ်အမျိုးသမီးပုံလဲ ဟင်"

❑

mgyoe.com

mgyoe.com

ငါချစ်ရာသခင်ကို
ငါဆိုင်ပေ၏။
ငါ့ကိုလည်း သခင်ဆိုင်ပေ၏။

## ၃

**ရှောလမုန်သီချင်း၊ ၂း၁၆။**

"ညာဘက်မျက်ရိုးပေါ်မှာ ဆေးသားမာနေတယ် ဝင်းအောင်။ မင်း ဒီနားက လာပြီး ကြည့်စမ်း"

ကျော်နွယ်က ကုလားထိုင်လက်တန်းတွင် တံတောင်ထောက်ကာ ကိုယ်ကို ညာဘက်သို့ တိမ်းလိုက်ရင်း ပြောသည်။ ဆီဆေးအဖြူတောင့်ကို အဖုံးပြန်ရစ်ကာ ပိတ်ပြီး ဝင်းအောင်က သူ့ခေါ်ရာသို့ လျှောက်လာ၏။ ကုလားထိုင်ဘေးတွင် ရပ်ပြီး ကိုယ်ကို လှည့်သည်။ ကျော်နွယ် လက်ညှိုးညွှန်ရာကို မျက်မှောင်တွန့်၍ စိုက်ကြည့်လိုက်၏။

"တွေ့လား မျက်နှာတစ်ခုလုံးမှာ အဲဒီနေရာဟာ ထင်းလွန်းနေတယ်။ ပြီးတော့ မင်းသုံးထားတာက ခရမ်းရောင်။ အရောင်ကို နည်းနည်းထပ်ဖြေဖို့ လိုတယ်။ နို့မဟုတ်ရင် မျက်ရိုးပေါ်မှာ ဆေးဆိုးထားသလို ဖြစ်နေမယ်"

စကားဆုံးခါနီးမှ ကျော်နွယ်ပြသောအချက်ကို သူတွေ့သည်။ ဝင်းအောင် ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် မတွေ့မိလိုက်ဘူး"

ခြူးဆေးပေါ့လိပ်ကို တစ်ချက်ရှိုက်ပြီး ဖွာထုတ်၏။ မီးခိုးစင်တော့မှ

"မင်း ကားနားမှာနေတုန်းက ဘယ်မြင်မလဲ။ ဟိုဘက်ဘေးက ပြတင်းပေါက်က အလင်းရောင်ပြန်က မသိမသာဝင်နေတာ မင်းသတိမှ မထားဘဲကိုး။ အဲဒီနေရာမှာ

mgyoe.com

mgyoe.com


အရောင်ဖျော့နေတယ်လို့ ထင်ရတယ်လေ။ အနေအထားကို သေသေချာချာ ယူရတယ်ကွ"

ဆေးဖြူဘူးကို ပြန်ဖွင့်လိုက်သည်။ စုတ်အပြားကို စားပွဲပေါ်မှ လှမ်းယူသည်။ ထို့နောက် ပန်းချီကား ထောင်ထားရာသို့ လျှောက်သွား၏။ ကားဒေါက်ဘေးရှိ စင်ပေါ်တွင် တင်ထားသည့် ဆေးစပ်ပြားကို ဆွဲယူသည်။ ကျော်နွယ်က သူ့လှုပ်ရှားမှုတွေကို စိုက်ကြည့်နေ၏။ ဝင်းအောင်က ဒေါက်အနေအထားကို ပြင်သည်။ ထို့နောက် ဆေးစပ်ပြားပေါ်သို့ ဆေးအနည်းငယ် ညှစ်ချ၏။ ဆေးဘူးကို ပြန်ပိတ်ပြီးမှ စုတ်တံတွင် ဆေးသမလိုက်၏။

ပန်းချီကားအနီးသို့ ဝင်းအောင် အတိုးတွင်

"သိပ်မလောနဲ့နော်၊ အားလည်း လွှတ်မစိုက်လိုက်နဲ့ဦး"

သတိထားပြီး အရောင်ဖြေရသည်။ လက်ကိုဆွပြီး အသာခတ်လိုက်၏။ နှစ်ချက်၊ သုံးချက်။ နောက်သို့ ကိုယ်ကိုယို့ကာ ကြည့်လိုက်၏။ လိုသေးသည် ထင်၏။ ဆေးတစ်ချက်ဆွဲနှင့် မရသေးဟု သိသည်။ နှစ်ချက်ဆွဲလိုက်ပါက အလွန်အားပျော့သွားမည်ဟု အာရုံ၌ သိနေ၏။ လက်ကိုဖော့ကာ နှစ်ခါထပ်ဆွဲရလျှင် ကောင်းမည်လား၊ တစ်ချက်တည်းနှင့် ခပ်ဖိဖိ ဆွဲရမည်လား မဝေခွဲတတ်။ ထို့ကြောင့် ကျော်နွယ်ကို လှည့်ကြည့်သည်။ သူ့ကို ပြုံး၍ ကြည့်နေ၏။

"နည်းတဲ့နေရာမှာ နည်းနည်းပိုပေး၊ ပိုတဲ့နေရာမှာ နည်းနည်းလျှော့ပြီး လက်ကိုဆ"

ကားကို ပြန်ကြည့်လိုက်၏။ အလယ်မှာ ဆေးအနည်းငယ် ပိုပေးရမည်။ ထို့ကြောင့် အစတွင် ဖော့လိုက်၏။ လိုသောနေရာတွင် စဉ်းငယ်မျှ ဖိပေးလိုက်ပြီး ချက်ချင်းပင် ပြန်လည်ဖော့လိုက်၏။ စုတ်တံကို ကားမှခွာလိုက်သည်တွင် တစ်ကားလုံး အချောသပ်ပြီး ဖြစ်နေပေပြီ။

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

ခွေးခြေပေါ်ရှိ ဆေးလိပ်ခွက်ထဲမှ သောက်လက်စကို ယူပြီး မီးညှိလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ကိုကြီးကျော်ရာ။ ခုမှပဲ လက်စသတ်တော့တယ်"

အစီခံနားသို့ ကပ်နေသော ဆေးပေါ့လိပ်ကို ပြာခံခွက်ထဲသို့ လှမ်းထည့်လိုက်ရင်း

mgyoe.com

mgyoe.com


"မင်းက တယ်လောကြီးတာကိုးကွ။ ရောင်ပြေးလေးတွေကို သုံးတဲ့အခါ ဘယ်နရက်ကြာကြာ ကြာပေစေပေါ့။ အောက်ခံဆေး အသားမသေခင် အပေါ်က တစ်ထပ်တင်ရင် တစ်ကားလုံး ပျက်စီးသွားနိုင်တယ်။ အစဉ်စွာမှာ မင်းတော်တော်ကံကောင်းတာ"

ကျော်နွယ့်စကားနှင့် စပ်၍ ပြန်မပြော။ သူ မေးချင်ရာသာ မေးလိုက်၏။

"ဒီကား ဘယ့်နှယ်နေလဲ ကိုကြီးကျော်"

ခေါင်းကို အသာညိတ်ပြပြီးနောက်

"ကောင်းပါတယ်ကွ။ မင်း ရေးခဲ့သမျှ ပုံတူကားတွေထဲမှာ ဒီကားက အကောင်းဆုံးပါပဲ"

"ဟာဗျာ ကိုကြီးကျော်ကလည်း ကျွန်တော်က အကောင်းမေးတာပါ"

ပြတင်းဘက်သို့ မျက်နှာလွှဲရင်း သူပြန်ပြောသည်။ ကျော်နွယ်က ဟင်းခနဲ တစ်ချက်ရယ်သည်။ ကုပ်သို့ ထောက်နေပြီဖြစ်သည့် ဆံပင်တွေထဲသို့ လက်ချောင်းသွင်းကာ နောက်သို့ သပ်နေပြီးမှ

"အေးပါကွ ငါကလည်း အကောင်းပြောတာပါ။ မိလွင်ပုံကို ဆွဲတာ ရည်ရွယ်ပြီး ပြောတာ မဟုတ်ပါဘူး။ အရောင်ယူတာရော၊ အမြင်နီးဝေး ချိန်တာရော အပြစ်ပြောစရာမရှိပါဘူး။ တစ်ကားလုံးကို ခရမ်းရောင်ယူထားပြီး လူပုံကိုပါ ခရမ်းရောင် အနုအရင့် ရောင်ပြေးခွဲပြီး ဆွဲထားတာ ချီးကျူးစရာပဲ ဝင်းအောင်။ ဒီကြားထဲက တိမ်ကို အဝါဖောက်ပြီး နောက်ခံထားတာက အမြင်စွဲတယ်။ မင်းရဲ့လက်စွမ်းကို အဲဒီနေရာတွေထက် ပညာအပါဆုံးနေရာကို ငါတွေ့ပါတယ် ဝင်းအောင်ရယ်။ မျက်လုံးမှာ မျက်ရည်ဥထားတာလေ"

ကားဆီသို့ သူပြန်ပြီး ကြည့်လိုက်သည်။ လေပြည်တိုက်ခတ်သော လွင်ပြင်နေရာတွင် ငေးမျှော်နေသော ပျို့ရွယ်သူအမျိုးသမီး။ ဆံစတွေတချို့ လေတွင် ဝဲနေဆဲ။ ဦးခေါင်းသည် မော့သည် ဆိုရုံမျှ။ ဆွယ်တာလက်ရှည်နှင့်။ အမျိုးသမီး၏ နောက်ဘက်တွင် အပြောကျယ်လှသော လွင်ပြင်။ တိမ်ဝါတစ်တန်း နှစ်တန်းမှအပ တစ်ကားလုံး ခရမ်းရောင် လွှမ်းလျက်ရှိ၏။

"ဒီကားကို မင်း ဘယ်လို နာမည်ပေးထားလဲ"

ဆေးဘူးတွေကို သူ့နေရာနှင့်သူ ပြန်ထားနေစဉ် ကျော်နွယ်မေး၏။ စုတ်တံတွေကို ဗန်းထဲသို့ ထည့်လိုက်၏။ ဖြေရမှာ နှုတ်လေးနေ၏။

mgyoe.com

mgyoe.com


"ပြောပါဦးကွ ဝင်းအောင်"

ပါးစပ်တွင် ကိုက်ထားသော ဆေးပေါ့လိပ်ကို ဖြုတ်ကာ ခါးဆန့်လိုက်၏။ ကျော်နွယ်က လှမ်းပြီး ကြည့်နေသည်။

"မြောက်ပြန်လေတွင် တင်သောကမ္ဘည်းလို့ ပေးထားတယ်"

ကျော်နွယ်က မျက်ခုံးပင့်ပြ၏။

"နာမည်ကလည်း ရှည်လှချည်လား ဝင်းအောင်ရ"

သူ ပြုံး၍နေ၏။

"အဓိပ္ပာယ်က ကောင်းတယ်မဟုတ်လား"

"ကောင်းတာတော့ ကောင်းပါတယ်။ ခုတစ်လော မင်းတို့အုပ်စုက ပန်းချီဆရာရော ကဗျာဆရာ၊ စာရေးဆရာတွေရော နာမည်အရှည်ကြီးတွေ တယ်နှလုံးတွေ့နေကြတာကိုးကွ။ တစ်ခါကြားရုံနဲ့ အလွတ်မရအောင် တမင်စတန့်လုပ်နေကြတာများလားကွာ"

စပ်ဆီပုလင်းကို ခပ်ကျပ်ကျပ်ရစ်ပြီး ဖုံးလိုက်၏။ တန်းပေါ်သို့ ပြန်တင်ပြီးနောက်

"ကျွန်တော်ကမှ တော်သေးတာပါ။ ကျွန်တော့်သူငယ်ချင်းတွေဆိုရင် ကြည့်ပါလား။ တစ်လောတုန်းက ဝိုင်အမ်စီအေမှာ တင်တဲ့ကားတွေတုန်းကလေ။ အောင်ချိမ့်ကားနာမည်က 'အသည်းနှလုံးမြို့သစ်တည်ဆောက်မှု၏ ကြားဖြတ် အစီရင်ခံစာ ပထမပိုင်း'တဲ့။ ငထက်ခိုင်မှာ ဆိုတဲ့ကောင်ရဲ့ကားလည်း ကြည့်ဦး။ 'အပြာရောင်အာနန္ဒာရဲ့ ဆည်းဆာကန္တာရ'တဲ့။ တိမ္မွေးကုက နှုတ်ခမ်းမွေး ဝင်းဝေအောင်ကျတော့ကော။ 'သတ္တမမြောက် ကုရ်အာန်ကျမ်းစာသစ်ရဲ့ ငှက်တေလေ သမိုင်းအစအတွက် ဆယ့်နှစ်ရာသီ မော်ကွန်း' တဲ့"

ကျော်နွယ်က ခေါင်းကို တစ်ချက်ကုတ်သည်။

"ကောင်းပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်"

ဝင်းအောင်က ပန်းချီကားကို မေးတစ်ချက် ငေါ့ကာ

"ဝေဖန်ပါဦး ကိုကြီးကျော်ရာ"

ကျော်နွယ့်မျက်လုံးသည် ကားဆီသို့ ရွေ့သွား၏။ သေသေချာချာကြည့်နေပြီးမှ

mgyoe.com

mgyoe.com


"မင်း စိတ်မဆိုးနဲ့နော်"

"ဟာဗျာ ပြောစရာ လိုသေးလား"

အတန်ကြာသည်အထိ စေ့ထားသော နှုတ်ခမ်းက လှုပ်လာ၏။

"မိလွင်ပုံတူကို ဆွဲတာ မိလွင်နဲ့ ရုပ်ဆင်းပုံပန်းပဲ တူနေတယ်ကွ"

"ဗျာ ရုပ်ရည်ပဲတူတယ် ဟုတ်လား"

ဝင်းအောင့်မေးခွန်းကို ခေါင်းအညိတ်ဖြင့် ဖြေသည်။ ပြီးမှ

"မိလွင်စရိုက် ဒီပုံမှာ သိပ်မတွေ့ရဘူး"

"ဘာကိုပြောတာလဲ ကိုကြီးကျော်"

"ဆိုပါတော့ကွာ မင်း မိလွင်ကို ဘယ်လောက်ထိ သိတယ်တော့ မပြောတတ်ဘူး။ ငါ သိသလောက်ဆိုရင် မိလွင်က စိတ်ဓာတ် မာကျောကျောကွ။ ဆတ်တယ်။ ဒါပေမဲ့ မပြတ်သားတတ်ဘူး။ ဇဝေဇဝါမျက်လုံးပိုင်ရှင်။ မျက်နှာမှာ မာနအရိပ်ကို သေသေချာချာကြည့်ရင် မင်းတွေ့လိမ့်မယ်။ ဒီပုံတူမှာက အဲဒါတွေ တစ်ခုမှ မပါဘူး။ ဒီပုံထဲက မိန်းကလေးက ခံစားကြေကွဲတတ်တဲ့ မိန်းကလေး။ စိတ်ဓာတ်ပျော့ပျောင်းတယ်။ သံယောဇဉ်ကြီးလွန်းတဲ့မျက်နှာ"

"ဟင် ဒီလိုဆို အပြင်က မိလွင်ဟာ သံယောဇဉ်မကြီးတတ်ဘူး ဆိုပါတော့"

"ငါ ဒီသဘောပြောတာ မဟုတ်ဘူးကွ။ မင်းကလည်း ပန်းချီကားထဲက ကိစ္စနဲ့ အပြင်က လူပုဂ္ဂိုလ်ဝေဖန်ရေးက ရောနေပြီ။ ငါပြောတာ ဒီကားထဲက မိန်းကလေးကို မြင်ရတဲ့သူအဖို့ ခံစားမိစေတဲ့ဟာကို ပြောတာပါ ဝင်းအောင်ရာ"

စိတ်စော၍ ရှက်ရွံ့စေရာစကားကို ပြောလိုက်မိသည်။ နော်ဓာလွင်နှင့်ပတ်သက်၍ တွေးတောကြောင့်ကြစိတ်က အလစ်တွင် ခုန်ထွက်သွား၏။ သူ့ရင်ထဲတွင် မည်သို့ရှိနေသည်ကို ကျော်နွယ် သိသွားသည့်အတွက် မျက်နှာမထားတတ်။ သူ့ဖြစ်ပုံကို တစ်ဖက်က ရိပ်မိသွားပုံရ၏။

"မင်း ဒီကားကို အင်ဖွိုင်းမှာ တင်မှာလား"

"ဟင့်အင်း၊ မဟုတ်ဘူး တင်မယ်"

"ရောင်းရန် မဟုတ်လို့ စာကပ်ထားဦးမှ"

"မရောင်းပါဘူး"

"အေးပါ ငါကလည်း အဲဒါပြောတာပါပဲ"

mgyoe.com

mgyoe.com


"တစ်ခုရှိတယ်"

"ဘာလဲ ကိုကြီးကျော်"

"ဒီပြင်မိန်းကလေးပုံကို ဆွဲရင်တော့ ပြောလို့ကောင်းချင်မှ ကောင်းမယ်။ မိလွင်ပုံကို ဆွဲထားတာဆိုတော့ ပြောလို့ကောင်းမယ်ထင်တယ်။ အဲ... အဲ... ပြောဆိုတာထက် အကြံပေးချင်တယ် ဆိုပါတော့ကွာ"

စကားကို ဖြတ်ပစ်လိုက်ပြီး တွေနေ၏။ ဝင်းအောင်က သူ့ဘေးရှိ ကုလားထိုင်တွင် လာထိုင်၏။

"ပြောပါ ကိုကြီးကျော်"

"ကိုယ်တစ်ယောက်တည်း ခံစားလို့ရတဲ့အနုပညာထက် အတော်များများလည်း ခံစားလို့ရမယ့် အနုပညာမျိုးလည်း ဖန်တီးဖို့ ကြိုးစားပါလို့ပါ။ အင်းလေ ပြောမယ့်သာ ပြောရတာပါ။ ဘဝကပေးလာတဲ့ စိတ်ကူးစိတ်သန်းတွေက အတွေ့အကြုံနဲ့ ဆိုင်သေးတာပဲ။ အေးပါကွာ မင်းက ၂၂ နှစ်ပဲ ဆိုတော့ ငယ်သေးတာပဲ။ မင်းဟာမင်း သိလာမှာပါ"

✧ ✧ ✧

ဆံထုံးရင်းမှ စံကားဝါပွင့်သည် သင်းနေ၏။

အပြာနုရောင်ထဘီနှင့် အင်္ကျီလက်ရှည်သည် ဖြူဝင်းသော အသားအရေနှင့် လိုက်ဖက်လျက်ရှိသည်။ ဆံရင်းတွင် ယိုးဒယားကနုတ်ဖော်ထားသော ငွေဆံစွပ် စွပ်ထား၏။ ခေါင်းညိတ် ခေါင်းခါလိုက်သည့်အခိုက် ကျောပေါ်မှ ဆံပင်တွေ လှုပ်သွားသည်။

"သမီး ညစာစားပြီးမှ ပြန်ပါလား"

အမေက ပြောသည်။ သူက နှစ်လိုစဖွယ်ပြုံးသည်။

"မေမေ့လက်ရာကို သမီး ခဏခဏ စားဖူးနေတာပဲ။ နောက်နေ့တွေကျမှ သမီး စားတော့မယ်"

နော်ဇာလွင်နှင့်အတူ ကုလားထိုင်ချင်း ပူးကပ်ထိုင်နေသော ပိုပိုက

"စောပါသေးတယ် အစ်မလွင်ရာ၊ ဖြည်းဖြည်းမှ ပြန်တာပေါ့"

ပိုပို့ပခုံးကို သူ လှမ်းဖက်သည်။

"နောက်တော့ စကားတွေ အများကြီး ပြောကြတာပေါ့ ညီမရယ်။ ဖေဖေက ဒီနေ့ အစည်းအဝေးနဲ့မို့လို့ ၁၂ နာရီ ရုံးမဆင်းတာ။ ၁ နာရီလောက်က အိမ်ကို

mgyoe.com

mgyoe.com


ဖုန်းလှမ်းဆက်တယ်။ ၃ နာရီခွဲ ၄ နာရီလောက် ပြန်ရောက်မယ်တဲ့။ ခုပဲ ၃ နာရီ ထိုးနေပြီလေ"

အသွားအလာ၊ အနေအထိုင် တင်းကျပ်စပြုကြောင်း စောစောတုန်းက သူ ပြောပြ၍ သိကြသည်။ ပိုပိုက အားမလို အားမရအပြုံးဖြင့် ပြုံးကြည့်ရင်း

"ကိုကြီးကျော် ပြန်လာတဲ့အထိ မစောင့်တော့ဘူးလား"

"ဟင့်အင်း ကိုကိုက ဘယ်အချိန်ပြန်လာမယ်လို့ ပြောသွားတတ်ပေမဲ့ တယ်ပြီး သေချာတာ မဟုတ်ဘူး။ နောက်မှပဲ အေးအေးဆေးဆေး လာဦးမယ်လို့သာ ပြောပြ လိုက်ပါ"

ဝင်းအောင်က ခေါင်းညိတ်ပြီးနောက်

"ရန်ကုန်မှာ သိပ်ကြာစရာအကြောင်းတော့ မရှိပါဘူး။ ပန်းဆိုးတန်းက ဆိုင် တစ်ဆိုင်မှာ ဆီဆေးဘူးကြီးတစ်စုံ ရမယ်ဆိုလို့ သွားတာပဲ။ ၁ နာရီခွဲ ၂ နာရီလောက် မှာ အရောက်ပြန်လာမယ် ပြောသွားတယ်။ ဇ ကားက ကျပ်တယ် မဟုတ်လား။ သူက တွယ်တက်ပြီးလည်း စီးတတ်တာ မဟုတ်တော့ လမ်းမှာတွင် ကြာနေတာ ဖြစ်မယ်။ လွင် ၁၅ မိနစ်၊ မိနစ် ၂၀ လောက် စောင့်ချင် စောင့်ကြည့်ပါလား"

ပြုံး၍ ခေါင်းခါပြသည်။

"မစောင့်တော့ပါဘူး။ သူ့အတွက် အင်္ကျီစ၊ လုံချည်စ လာပို့တဲ့အကြောင်းသာ ပြောလိုက်ပါ"

စကားတစ်ဝက်တွင် ထိုင်ရာမှ ထလိုက်သည်။ ပိုပိုက သူ့ခါးကို ဖက်ထားသည်။ ဝင်းအောင်က ထိုင်ရာမှထရင်း သောက်လက်စ လက်ဖက်ရည်ကြမ်း ပန်းကန်လုံးကို မော့လိုက်သည်။ အမေက လှေကားထစ်အထိ လိုက်ပို့သည်။ ပိုပိုက ရပ်၍နေရစ်ခဲ့သည်။

"ဘယ်တော့လာဦးမလဲ အစ်မလွင်"

သူက ဖိနပ်စီးရင်း

"လာမှာပါ ပိုပိုရယ်"

အောက်ဆုံးထစ်သို့ သူရောက်တော့မှ ဝင်းအောင်က လိုက်ပို့ရန် ခြေပြင်သည်။

"အစ်ကို အစ်မလွင်ကို ကားဂိတ်အထိ လိုက်ပို့လိုက်နော်"

တံခါးမကြီး၏ပေါင်ကို လက်လှမ်းထောက်ကာ ပိုပိုက လှမ်းပြော၏။ အမေက ပြုံးလိုက်သည်။ ဝင်းအောင်က မျက်စောင်းတစ်ချက်ထိုးပြီး ကြည့်၏။ နော်ဓာလွင်က

mgyoe.com

mgyoe.com


မကြားယောင်ပြုကာ နေ၏။ ကိုယ်ကို တစ်ဖက်သို့ မလှည့်မိ အမေ့ကို ဦးစွာနှုတ်ဆက်၏။ ပိုပို့ကို ပြုံးစေ့စေ့ကြည့်ပြီး "ပြန်မယ်"ဟု ပြောသည်။

အလုပ်ရုံအလယ်သို့ ရောက်သောအခါ အလုပ်လုပ်နေသော အဖေ့အနီးသို့ တိုးသွား၏။ သံတုံးတစ်တုံးတွင် မြောင်းဖော်နေသူ အဖေက စက်ရပ်ပြီး လှည့်ကြည့်၏။

"ပြန်တော့မယ်နော် ဖေဖေ"

အဖေက ပြုံးပြီး ခေါင်းညိတ်၏။

"အေးအေး လာလည်တာကလည်း ခဏကလေးပါလား။ ဖေဖေလာစကား မပြောတာ တစ်မျိုးမထင်နဲ့နော်။ ဒီအလုပ်ကလေးက နည်းနည်းအရေးကြီးနေလို့ကွဲ့"

"ကိစ္စမရှိပါဘူး။ သမီး နားလည်ပါတယ်"

နော်ဇာလွင်က သူ့အပါးမှ အထွက်တွင် ဝင်းအောင်က "ကျွန်တော် လိုက်ပို့လိုက်ဦးမယ်"ဟု ပြောလိုက်၏။ အဖေက ခေါင်းညိတ်ပြသည်။ ဝင်းအောင်က နော်ဇာလွင်နှင့် မလှမ်းမကမ်းမှလိုက်လာ၏။ အိမ်ရှေ့ကို လွန်တော့မှ အတူယှဉ်လျှောက်လေသည်။ မိုးရွာပြီးစဖြစ်၍ လမ်းမှာ စိုနေ၏။ ရေကား မဝပ်။ သဲစိုစိုကသာ ခြေအောက်တွင် ဝပ်၍ ကျန်ရစ်ခဲ့သည်။ ရေလှိုင်းတွန့်ရာတွေက သဲဖြူအမှိုက်မှုန်တွေဖြင့် ထင်နေ၏။

"လွင် ကျောင်းကို ဘယ်နေ့သွားမလဲ"

"ဘာဖြစ်လို့လဲ မောင်"

"ကျောင်းမှာ အေးအေးဆေးဆေး တွေ့ရအောင်လေ"

ခေါက်ထီးကြိုးကွင်းကို ခပ်လွှဲလွှဲဆွဲရင်း ရှေ့တူရူသို့ ကြည့်ကာ လျှောက်၏။ လေးငါးခြောက်လှမ်းလှမ်းပြီးမှ

"ခုပဲ တွေ့နေတဲ့ဥစ္စာ။ မောင့်ဆီကို လွင်လာမှာပဲဟာ"

"အဝေးကို အသွားရ မလွယ်လို့လား"

"ဆိုပါတော့"

"စာမေးပွဲအောင်စာရင်း ဘယ်နေ့ထွက်မယ်ဆိုတာ သွားစုံစမ်းဦးမယ်ဆိုပြီး သွားလို့မရဘူးလား"

"ရုံးသွား ရုံးပြန်ကားနဲ့ လိုက်သွားရရင် ခက်နေမယ်"

လမ်းထိပ်နားရှိ ဆေးလိပ်ဆိုင်ရှေ့သို့ ရောက်လာ၏။

"လွင် လာတွေ့တာနဲ့ မကျေနပ်သေးဘူးလား မောင်ရာ"

mgyoe.com

mgyoe.com


"ဟာ မလွတ်လပ်လိုက်တာ။ ပဝါတစ်ကမ်း လက်တစ်လှမ်းထက်တောင် ဝေးဝေးနေရသေးတယ်"

ဝင်းအောင်ကို လှည့်၍ကြည့်ပြီး တစ်ချက်နှစ်ချက် ရယ်သည်။

"ဣန္ဒြေသိက္ခာရှိတာပေါ့"

"ဒါပေမဲ့ ကြင်နာရာ မကျဘူးလေ"

ပါးစုန့်တစ်ဖက် ပြေပြေတက်လာသည်ကို ဝင်းအောင် မြင်လိုက်၏။

"တစ်ယောက်ကို တစ်ယောက် ဖျစ်ညှစ်ဖက်ကိုင်နေတဲ့ နပန်းသမားတွေဟာ ကြင်နာမှုကို ပြကြတာတဲ့လား မောင်"

ဝင်းအောင့်နှုတ်ခမ်း ဟသွားလေ၏။ ချေပရန် စကားစကို ရုတ်တရက် ရှာမရသေး။ ကတ္တရာလမ်းပေါ်သို့ ရောက်မှ

"ကျောင်းပြီးသွားပြီဆိုတော့ အရင်ကလောက် လွယ်လွယ်ကူကူ တွေ့ခွင့်ကရချင်မှ ရမှာပါ။ ရတောင်မှ ကျောင်းမှာလို နေ့တိုင်းတွေ့ဖို့ဆိုတာ မလွယ်လှပါဘူး။ အင်း ခုမှ မောင် နှောင်တရတယ်။ ကျောင်းမှာတုန်းက လွင့်ဆီ နေ့တိုင်း မရောက်ဖြစ်တာရယ်၊ တစ်ခါတလေ လွင်ကမှာလို့ လာတွေ့လည်း ကမန်းကတန်း။ အဲဒီအချိန်တွေကို နှမြောလိုက်တာ"

သူ့ဘက်သို့ နော်ဇာလွင် မျက်နှာလှည့်သည်။ စိုက်၍ကြည့်ရင်း ပြုံးသည်။ ထို့နောက်

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ လွင်ရဲ့လို့ဆိုပြီး သွားဦးလေ"

သူ ပြန်မပြော။

"ပြပွဲတင်စရာ ပန်းချီကားတွေကိစ္စ စီစဉ်ရမှာမို့ မနက်ဖြန်မှ လာတွေ့မယ်လို့ စာတိုစာရှည် ရေးပို့ပါဦးလေ"

သူက ရှေ့အဝေးသို့ လှမ်းကြည့်ရင်း ငြိမ်နေ၏။ ကားဂိတ်သို့ ရောက်ခါနီးတွင်

"ဆယ့်လေးငါးရက်နေရင် ကျောင်းမှာတွေ့ကြတာပေါ့ မောင်ရယ်။ မောင့်ကြည့်ရတာ စိတ်ညစ်သွားပုံကြီး။ ဟင်း သနားလို့"

မိုးမှုန်တွေ ပါးပါးကျလာ၏။

❑

mgyoe.com

mgyoe.com

သခင်၏လက်ဝဲလက်သည်
ငါ့ခေါင်းကို ထောက်မလျက်
လက်ယာလက်သည်
ငါ့ကို ဖက်လျက်
နေတော်မူပါစေ။

၄

ရှောလမုန်သီချင်း၊ ၁း၆။

နွေတွင် လွင့်၍ ကပ်ငြိသော ဖုန်တွေကို မိုးစက်တွေက ဖယ်ရှားပစ်လိုက်သည်။ ရွက်သစ်စိမ်းတွေ ရုတ်ခြည်းထွက်လာသလားဟု ထင်မှားလောက်၏။ လမ်းနှစ်ဖက်စလုံးတွင် စီစီရီရီတန်းနေသော ပျဉ်းမပင်တွေ၊ စိန်ပန်းပင်တွေအားလုံးမှာ အရွက်အခက်မှ ပင်စည်ကိုင်းခက် အလုံးစုံ သန့်စင်လျက်ရှိ၏။ မလှမ်းမကမ်းတွင် မြင်နေရသည့် ကုက္ကိုပင်တွေ၊ သရက်ပင်တွေ၊ သပြေပင်တွေက အစိမ်းရင့်ရင့် ဝတ်ထားကြ၏။ အဝေးက ယူကလစ်ပင်တွေ၊ ပင်လယ်ကဗွီးပင်တွေ၊ ဝါးပိုးဝါးပင်တွေမှာ စိမ်းမှောင်သော ရွက်မျှင်ရွက်ချွန်တို့ဖြင့် လေ၌ ယိမ်းနေ၏။

"မိုးကုန်တော့မယ်နော်"

တန်ဆောင်းဝရန်တာကို လက်နှစ်ဖက်ထောက်၍ အရှေ့မြောက်ဘက်ကောင်းကင်သို့ လှမ်းကြည့်ပြီး ပြော၏။ ဝင်းအောင်က တန်ဆောင်းတိုင်လုံးတွင် ပခုံးမှီပြီး သူ့ဘက်သို့ လှည့်ရင်း

"မနေ့ကလား တစ်နေ့ကလား မသိဘူး။ အရှေ့မိုးတောင် ပက်စပြုနေပြီလေ။ ဘာလိုလိုနဲ့ သီတင်းကျွတ်ခါနီးပြီပဲ။ ဟုတ်တယ်နော် လွင်"

mgyoe.com

mgyoe.com


ညည်းလေယောင်အသံဖြင့် မေးပြောပြောသည်။ နော်ဇာလွင့် နှုတ်ခမ်းသည် စေ့စေ့။ အမြဲသဖြင့် ပြုံးနေသည် ထင်ရသော နှုတ်ခမ်းလွှာကို ဘေးဘက်မှ မြင်ရသည်။ အစွန်အဖျားမျှကို မြင်ရသည်ဖြစ်စေ နှလုံးညွတ်နူးဖွယ်တည့်။

"ဝါကျွတ်ပြီလို့ ပြောတာပါ။ ဟုတ်တယ် မဟုတ်လား"

အဝါဖျော့ဖျော့ အင်္ကျီပခုံးနှင့် ကျောတွင် တင်နေသည့်ဆံပင်တွေ ငြိမ်သက်လျက် ရှိ၏။

"ကျန်ခဲ့တဲ့ မေလက မောင်တို့လေးနှစ်ပြည့်ခဲ့ပြီပဲ မင်းသမီးရယ်"

လေသံညင်းညင်းဖြင့် ရယ်သံ ကြားရ၏။ ဘယ်ဘက်ပခုံးပေါ်မှ ဆံပင်တွေက နောက်သို့ပြေပြေ လျှောဆင်းသွားသည်။ နော်ဇာလွင့်မျက်လုံးအစုံသည် ချစ်သူ့ကောင်းကင်ဘက်သို့လှည့်လာသည်။

"အတူတူနေချင်ပြီလား ဟင်"

ဝင်းအောင်က လက်ပိုက်လိုက်ရင်းနှင့်

"လွင့်ကိုယ်လွင် မေးလေ။ ပြီးတော့ လွင် ဖြေပေါ့"

ဖြူဖွေးသော သွားလေးတွေပေါ်အောင် ပြုံးသည်။

"လွင်တော့ မနေချင်ပေါင်"

ဝင်းအောင့်မျက်လုံး ဖျတ်ခနဲ ဝိုင်းသွား၏။ နော်ဇာလွင်က မျက်မှောင်တွန့်ပြီး ကြည့်နေ၏။ အတည်ပြောခြင်း ဟုတ်မည်မထင်။ အတည်စကား မဟုတ်ငြား စိတ်ထဲမှာ သိပ်မကောင်းချင်။ ပျော်စေ၊ ပြက်စေ၊ ကလက်စေ ဟူသော အပြောမျိုးကို ချစ်သူ့နှုတ်မှ ကြားရသည့်အခါ မပျော်နိုင်၊ မပြက်နိုင်၊ မကလက်နိုင်ပါကလားဟု သိလေသည်။ အကယ်၍ အမှန်ပြောများ ပြောလာလျှင် နာကျင်ရလိမ့်မည် ထင်၏။

"စတာပါကွယ်၊ မောင် ဘာလို့ ငိုင်သွားရတာလဲ"

မဆိုစလောက် ညှိုးချင်သော ဝင်းအောင့်မျက်နှာမှာ ပြုံးရိပ်တစ်ငွေ့နှစ်ငွေ့ သန်းလာသည်။

"ဘယ်တော့လောက် လက်ထပ်ကြမယ်လို့ မောင် စိတ်ကူးထားလဲ"

လက်ကြယ်သီးကိုဖြုတ်ကာ တံတောင်ဆစ်အနားသို့ ရောက်အောင် ခေါက်နေစဉ် မေးသည်။ အဖြေချက်ချင်း မပေးသေး။ သူ့မျက်လုံးသည် မြောက်ဘက်က တောင်ကုန်းတွေ၊ သစ်ပင်အုပ်တွေဆီသို့ ရောက်နေ၏။ အဖြူရောင်တိမ်တိုက်တွေသို့ မော့ကြည့်ရင်း

mgyoe.com

mgyoe.com


"ဆောင်းပေါက်ရင်လေ"

"ဟင် ဒီလိုဆို သုံးလေးလပဲ လိုတော့တယ်ပေါ့။ မောင်ကလည်း အချိန် သိပ်ကပ်လွန်းလိုက်တာ"

စိုးရိမ်ကြောင့်ကြသော အသံဟု ဝင်းအောင် သိလိုက်၏။

"လာမယ့် ဆောင်းမဟုတ်ပါဘူး။ ရှေ့နှစ်ဆောင်းကို ပြောတာပါ"

နော်ဇာလွင်က မျက်လုံးကို ခပ်စင်းစင်းမှိတ်ပြီး သက်ပြင်းချလိုက်၏။

"သြော် လွင်ရယ် သက်ပြင်းတွေ ဘာတွေ ချရတဲ့အထိပဲလား"

"မောင် စဉ်းစားကြည့်လေ။ ဘာမှပြင်ဆင်မှုတွေ မလုပ်ဘဲနဲ့ဆိုတော့ ဘယ် လောက် ကသီမလဲ။ တစ်နှစ်ကျော် အချိန်ရတယ်ဆိုရင် ခုကတည်းက ပြင်ဆင်ရမယ် လေ။ စုဆောင်းစရာရှိတာ ခုကစပြီး စုမှ"

ရင်ထဲတွင် လှိုက်ပြီး အေးသွား၏။ တစ်အိုးတစ်အိမ် ထူထောင်နေကြမည့် အရေးကို စကားစပ်ရသည့်အဆင့်သို့ပင် ရောက်လေပြီဟု ကြည်နူးမိသည်။ အတူယှဉ်၍ ခြေလှမ်းပေါင်းများစွာ လျှောက်ခဲ့ကြသည်။ ယုယပိုက်ထွေးခြင်းဖြင့် ချမ်းမြေ့ခဲ့ကြ သည်။ ရှင်ပျူဖွယ်စကားတွေ ပြောခဲ့၊ ကြားခဲ့ကြသည်။ နှုတ်ခမ်းကို ကိုယ်စားပြုသော စာလုံးတွေ များပြားလှစွာ ရေးခဲ့၊ ဖတ်ခဲ့ကြသည်။ တစ်ဦး၏ မျက်နှာနေရာအနံ့ကို သင်းသင်းပျံ့ပျံ့ ပွင့်ဖတ်သဖွယ် မြတ်နိုးခဲ့ကြသည်။ ကာလရှည်ကြာလာသောအခါ ခါတစ်ရံသာ ရတတ်ရာရာ ထိုဘဝကို အမြဲသဖြင့် ရချင်လာသည်။ နော်ဇာလွင်သည် လည်း သူ့လိုတွေးမိမည် ထင်၏။

"အိုးခွက်ပန်းကန်ကအစ အကုန်ဝယ်စုရမှာပဲ လွင်။ လောလောဆယ်တော့ မအေမိဘပဲ မောင်အားကိုးရမှာ။ အလုပ်မှ မရသေးတာ လွင်ရာ။ ပန်းချီကားရောင်းလို့ ရတယ်ဆိုတဲ့ ငွေကလည်း မဖြစ်စလောက်ပါ။ လွင်လည်း စုနိုင်ရင် စုပေါ့။ ဒါပေမဲ့ ဒီတာဝန်တွေက မောင့်တာဝန်လုံးလုံးပါ။ လွင်ရတဲ့ လခကို မပွဲစေချင်ဘူးလေ။ အိမ်ကို ပဲ ပေးလိုက်ပါ။ မပေးဘဲနဲ့ ငွေစုရင် အဘွားကြီးက တစ်မျိုးတွက်သွားဦးမယ်။ တိုက် ဆောက်ဖို့ သားအမိ သားအဖသုံးယောက်စလုံး ရတဲ့ငွေကို စုနေတာသိလျက်သားနဲ့ လွင့်လခ လျော့ရင် မကောင်းဘူးလေ။ မောင်လည်း အလုပ်တစ်ခုခုကို လုပ်ရမယ်။ အစိုးရအလုပ်မရလည်း ကျူရှင်ပေးတာတို့ ဘာတို့နဲ့ ဝင်ငွေရှာရမယ်။ လွင် မပူပါနဲ့လေ"

ဝင်းအောင် စကားအဆုံးလောက်တွင် သူ့မျက်နှာ မကြည်လင်လှ။

mgyoe.com

mgyoe.com


"ကျူရှင်ပြလည်း မောင် အောင်လာတာက ဒသနိက။ တစ်ခုတော့ ရှိတာပေါ့လေ။ မောင်က အင်္ဂလိပ်စာကောင်းတယ်။ ကိုးတန်း၊ ဆယ်တန်း အင်္ဂလိပ်စာ ကျူရှင်ပေးရင် ဖြစ်နိုင်သားပဲ"

"မောင်လည်း ဒီလိုပဲ စဉ်းစားမိတာပဲ။ အပေါင်းအသင်းထဲက ကျူရှင်ထောင်ထားတာ သုံးလေးကျောင်း ရှိတယ်။ သွားပြောကြည့်မယ်။ အဆင်မပြေလည်း တစ်ခုခုစီစဉ်ရမှာပေါ့။ ဩော် ဒါထက် စုရမယ့်ပစ္စည်းတွေကို လွှင် စာရင်းလုပ်ပေးလေ"

သူ့ကို ခေါင်းညိတ်ပြသည်။ ထို့နောက်

"မောင် သိပ်စိတ်ပင်ပန်းတော့မှာပဲ"

"တစ်ခုခုကို တည်ဆောက်တယ်ဆိုတာ အပင်ပန်းခံရမှာပေါ့ လွှင်ရယ်၊ မဟုတ်ဘူးလား"

"မောင့်ကို သနားသွားတယ်"

"ဘာဖြစ်လို့"

"ဩော် အတူတူနေကြဖို့အတွက် မောင်တစ်ယောက်တည်း ရှာရဖွေရမှာမို့ပါ။ အင်း တစ်ခါတစ်ခါ စဉ်းစားမိတယ်"

ဝရန်တာပေါင်တွင် တံတောင်နှစ်ဖက်တင်ကာ ကိုယ်ကို ငိုက်ရင်း နော်ဇာလွှင်ပြောလေသည်။

"ဘာကို စဉ်းစားမိတာလဲ"

စေတီနှင့် မလှမ်းမကမ်းတွင် ထီးထီးမားမား ပေါက်လျက်ရှိသော ခရေပင်ဆီသို့ ငေးပြီးနေသည်။ အတော်ကြာမှ ဖြေသည်။

"လူတွေဟာ ဘာလို့ အိမ်ထောင်ပြုကြတာလဲလို့"

ဝင်းအောင်က ပြေပြစ်သော သူ့ကျောကို တစ်ချက်ကြည့်သည်။

"တစ်ယောက်တည်းနေရတဲ့ဘဝကို မလုံခြုံဘူးလို့ ထင်လို့ ဖြစ်မှာပေါ့"

"အပျိုကြီးတွေ၊ လူပျိုကြီးတွေကျတော့ကော"

"လောကထဲမှာ နှစ်ယောက်နေရတာဟာ တစ်ယောက်တည်းနေရတာထက် ပျော်စရာကောင်းတယ်လို့ မသိလို့ ဖြစ်ချင်ဖြစ်မယ်။ သိရင်လည်း နှစ်ယောက်နေခွင့်မရခဲ့တဲ့ အကြောင်းတွေကြောင့် ဖြစ်ချင်လည်း ဖြစ်မယ်လေ။ နှစ်ယောက်တစ်ဘဝဟာ တစ်ယောက်တစ်ဘဝထက် ပြည့်စုံတာအမှန်ပဲလို့ မောင်တော့ ယုံတယ်"

mgyoe.com

 mgyoe.com 

နော်ဇာလွင်က ကိုယ်ကို ခပ်ယိမ်းယိမ်း လှုပ်နေ၏။ ရုတ်တရက်ကြည့်လျှင် တုတ်သည်ဟု ထင်ရသည့် ခါးက နွဲ့နေလေ၏။ ပြည့်တင်းလှပသောတင်သည် လိမ္မော်ရောင် အင်ဒိုနီးရှားပန်းခက်ဖောက်ထားသည့် ထဘီပိတ်သားနှင့် တင်းတင်းကပ်ကပ်ရှိလေသည်။

"မောင်သင်ခဲ့ရတဲ့ ဒဿနိကဘာသာရပ်တွေကကော အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ဘာတွေရေးထားသလဲဟင်"

"အဲဒါတော့ မောင် မသိဘူး။ ဒဿနိကပညာရှင်တွေထဲမှာ လူပျိုကြီး၊ အပျိုကြီး ဆိုတာ လက်ချိုးရေလို့ တစ်ဖက်တည်းနဲ့ လုံလောက်တာတော့ သိပါတယ်"

သူ့ကိုယ်သည် ရယ်လိုက်၍ လှုပ်နေလေ၏။

"ကိုယ်လိုရာ ကိုယ်ဆွဲပြီး ပြောတဲ့နေရာမှာတော့ မောင့်ကို ဘယ်သူမှ မီမှာ မဟုတ်ဘူး"

"ဒီအတတ်ပညာကလွဲလို့ ဘာတတ်တာမှ မဟုတ်ဘူးလေ"

"မကပါဘူး၊ ရှိပါသေးတယ်လေ"

"မရှိပါဘူး၊ ဘာရှိလို့လဲ"

"အကျပ်ကိုင်လွန်း၊ တောင်းဆိုတတ်လွန်းတဲ့ အတတ်ပေါ့"

ဝင်းအောင် ပြုံးနေသည်။ ခေါင်းတစ်ချက် ယမ်းသည်။

"အဲသလိုထင်ရင်တော့ မောင် စိတ်ကောင်းနိုင်မှာ မဟုတ်ဘူးလွင်"

"စတာပါ။ ဒီနေ့ မောင် ဘယ်လိုဖြစ်နေတာလဲ။ နောက်တာ၊ ပြောင်တာကိုလည်း အကျကောက်နေတယ်"

သည်တော့ သူပြုံး၏။ နော်ဇာလွင်က ကိုယ်ကို မတ်လိုက်သည်။

"သိပ်စိတ်စောနေလို့ စိတ်က အထိမခံ ဖြစ်နေတာထင်တယ်"

သူ့ကိုယ်သူ ဝေဖန်သံဖြင့် ဝင်းအောင်ပြောသည်။ နော်ဇာလွင်က လှည့်မကြည့်။ တစ်ခွန်းပြော၏။

"စောပဲစောနိုင်လွန်းတယ်ကွယ်။ မောင်ဟာလေ ပူစရာမရှိလည်း ကြံဖန်ပူ၊ ဟိုတွေး ဒီတွေးနဲ့။ လူကို မယုံသလိုလို၊ စိတ်မချသလိုလို ပြောလိုလည်း ပြောရဲ့။ ဘာမှန်းလဲ မသိဘူး"

"တောင်းပန်ပါတယ် အချစ်ရယ်"

mgyoe.com

mgyoe.com


"တစ်ခါတစ်ခါ စကားပြောရင် မာရေကျောရေနဲ့။ သူမွေးထားတာ ကျနေတာပဲ"

ဝင်းအောင်က ခေါင်းကုတ်လိုက်၏။

"ပြောမှားဆိုမှားရှိတာကို ဗွေယူတယ်ပေါ့လေ"

"မနှစ်တုန်းက မောင်ပြောခဲ့တဲ့စကားတစ်လုံးကို မောင် မှတ်မိရဲ့လား။ မင်းမိဘက မောင်နဲ့ ဒီလောက်တောင် သဘောမတူနေရင်လည်း မိဘစိတ်ချမ်းသာအောင် သူတို့သဘောတူတဲ့လူကိုပဲ ယူတော့ကွာတဲ့။ မင်းကလည်း ပျော့တိပျော့ညံ့ပါတဲ့။ မှတ်မိတယ်မဟုတ်လား"

"ထပ်ပြီး တောင်းပန်ပါတယ်ကွာ"

"မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင် မသိပါဘူး"

"သိပါတယ် လွင် သိပါတယ်"

နော်ဇာလွင့်လေသံကို သူ ထိတ်လန့်သွား၏။ စိတ်ထိခိုက်သူ၏ အသံဟု သူ သတိပြုသည်။ အနီးသို့ သူတိုးသွား၏။

"ချစ်သူနဲ့ မိဘကြားမှာ ဗျာများရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဒုက္ခက မသေးငယ်လှပါဘူး မောင်ရယ်"

ဝင်းအောင်က ပျာပျာသလဲ ခေါင်းညိတ်ပြလိုက်၏။

"သိပါတယ် လွင်ရဲ့"

"တစ်ခါတစ်ခါ အချစ်ဆိုတာ ဒုက္ခတစ်မျိုးပါလားလို့ ထင်တောင်ထင်မိတယ်"

အစူးရှဆုံး စကားလုံးအဖြစ် အာရုံထဲသို့ ဝင်သွားမှန်း ဝင်းအောင် ခံစားလိုက်ရလေသည်။ သူနှင့်ပတ်သက်၍ မိဘကို မည်သို့ရင်ဆိုင်နေရမည်ဟု မှန်းဆနားလည်ခဲ့သည်။ မိဘကို တွယ်တာသော သံယောဇဉ်နှင့် ချစ်သူကိုတွယ်တာသော သံယောဇဉ်တို့သည် သူ့ရင်ကို မွှေနှောက်နေခဲ့ပေလိမ့်မည်။ အတူတကွ ပေါင်းစည်းရေးမှာ လမ်းအစပင် မမြင်သာစေခဲ့။ ယခင်က မိခင်မှတစ်ဆင့် ဖခင်က သဘောမတူစကား ပြောခဲ့သည်။ မသိလေဟန်ပြုကာ ဖခင်က နေခဲ့သည်။ မကြာမီက ဖခင့်နှုတ်ခမ်းသည် ထိုစကားတို့ဖြင့် လှုပ်ခဲ့သည်။ ယတိပြတ်စကား။ လျှောက်လဲချက်နေရာမရှိသော စကား။ အသနားခံ၍ မရနိုင်သော တစ်ခွန်းစကားကို ပြောလေသည်။ သဘောမတူ။ ဝင်းအောင်နှင့် အမြန်ဆုံး သံယောဇဉ်ဖြတ်။ ဖြတ်မလား၊ မဖြတ်ဘူးလားဟူသော မေးခွန်းကိုပင် အရေးတယူ မေးမြန်းခြင်း မပြုခဲ့။

mgyoe.com

mgyoe.com

ထိုညကအကြောင်းကို ဝင်းအောင်အား နောက်တစ်နေ့၌ အသိပေးခဲ့သည်။ သို့သော် အချက်တစ်ချက် ချန်ထားခဲ့သည်။ ထိုနေ့ညက အိပ်၍မရသည့်အကြောင်းနှင့် မျက်ရည်ကျခဲ့သည့်အကြောင်း။ ရင်၌ ဆူလှိုက်စွာ ခံစားခဲ့ရသည်။ အားကိုးရာမဲ့သော အဖြစ်မျိုးဟု ထင်ခဲ့သည်။

"မောင်ကြားရရင် စိတ်ထိခိုက်ချင် ထိခိုက်လိမ့်မယ်"

စကားလုံးတွေက လေးလံလှ၏။ ဝင်းအောင်က သူ့အနီးတွင် ကပ်လျက်သား ရပ်လိုက်သည်။

"အဲဒီညက ငါသေသွားရင် ကောင်းမှာပဲလို့တောင် အောက်မေ့မိတယ်"

ဝင်းအောင်က နားထောင်ရင်း ခေါင်းကို ခါပြလိုက်သည်။

"လွင့်နေရာကနေ ခဏလောက်ဖြစ်ဖြစ် ဝင်ပြီး စဉ်းစားကြည့်စမ်းပါ"

"မောင် နားလည်ပါတယ်"

နှစ်သိမ့်စကားပြောလိုက်သူ၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ကြည့် ကြည့် ၏။

"နားလည်တယ်ဆိုပြီး တစ်ခါတလေကျတော့ နည်းနည်းလေး နားမလည်သလို ပစ်ပစ်ခါခါ ပြောတာမျိုးတော့ မလုပ်ပါနဲ့ မောင်ရယ်။ လွင် တောင်းပန်ပါတယ် တကယ်ပါ။ ခဏ ခဏ အခုလို တွေ့ဖို့လည်း မပူဆာနဲ့ကွယ်။ လွင် အလိုက်သိပါ တယ်။ အခွင့်သာရင် သာသလို မောင့်ဆီလာပြီး တွေ့တွေ့နေမှာပါ မောင်ရယ်"

လေယူလေသိမ်းနှင့် စကားလုံးတွေ အားလုံးက သူ့ရင်ကို ချုပ်နှောင်ထားသကဲ့ သို့ ဖြစ်ချေ၏။ တစ်ဖက်သား၏ အကျပ်အတည်းကို မသိခဲ့သူဖြစ်နေပါကလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်လည်အပြစ်တင်မိသည်။

"တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း သွားတဲ့အချိန်မှာ အဲဒီလမ်းထိပ်က လက်ဖက် ရည်ဆိုင်မှာ မောင်အမြဲရှိမယ်။ အသွားတစ်ခါ အပြန်တစ်ခါ လှမ်းမြင်ခွင့်ရရင် တော်ပါ ပြီ"

ညှိုးကျသွားသော မျက်နှာကို နော်ဇာလွင်က ချက်ချင်းပြင်လိုက်လေသည်။ မျက်တောင် တဖျတ်ဖျတ် ခတ်ပြီး သူ့ကို ကြည့်၏။

"ဩော် မောင်ရယ်"

အသံက လှိုက်ခါလုလု ဖြစ်လျက်ရှိသည်။

mgyoe.com

mgyoe.com


"မောင်ယုံပါ။ လွင် မောင့်နောက်ကို တစ်နေ့နေ့မှာ လိုက်လာဖြစ်မှာပါ။ ခုနေတော့ သည်းခံဦးပေါ့ကွယ် ဟုတ်လား။ သူများတကာတွေလို နှစ်ဖက်လူကြီး ပြေပြေလည်လည်နဲ့ အေးအေးချမ်းချမ်း စကြရမယ့် ဇာတ်မဟုတ်မှန်း လွင် သိပြီးသားပါ။ မောင့်ကို ကတိပေးပါတယ်။ ရှေ့နှစ်ခါ ဆောင်းမှာ လက်ထပ်ကြရအောင်နော်။ ချစ်တယ် မောင်ရေ့။ ရင်ထဲကကို နှစ်ပြီး ချစ်တဲ့အချစ်ပါ။ မောင့်ကို ဘယ်မိန်းကလေးမှ မပိုင်ဆိုင်စေချင်ဘူး သိလား"

"လွင်တစ်ယောက်တည်းကလွဲလို့တော့ ဖြည့်လိုက်ပါ"

ရယ်မောလှိုက်သံတွေက တန်ဆောင်းအပြင်သို့ပင် လွင့်ဝဲသည်ထင်ရ၏။

❑

mgyoe.com

mgyoe.com

ငါသည်
အိပ်ပျော်စဉ်
နှလုံး နိုးလျက်ရှိ၏။

## ၅

ရှောလမုန်သီချင်း၊ ၅း၁။

နံရံကပ်မီးလုံး၏ အလင်းရောင်ကို မျက်လုံးလွှဲပစ်လိုက်သည်။

အဖေက သူ့ထံသို့ မျက်လုံးတစ်ချက်စွေသည်။ စစ်ဆွယ်တာလက်ရှည်ကို တံတောင်ဆစ်ကျော်အောင် မတင်လိုက်၏။ လက်ဆစ်လက်ရိုးရှည်သော အဖေ့လက်မောင်းတွင် အကြောပြိုင်းပြိုင်းထင်နေ၏။ အဖေ့မျက်နှာကို အမေက တစေ့တစောင်း ကြည့်လေသည်။ မျက်နှာခပ်သွယ်သွယ်၊ မေးချွန်းဟန်ရှိသည်။ မျက်နှာထား မတင်းမာဟု ထင်ရ၏။ မျက်လုံးတွင် တည်ကြည်မှု အလုံးစုံ စုနေသည်။ အဖေ့မျက်နှာသည် တည်ငြိမ်လွန်းသည်ဟု အစဉ်ထင်ရသည့်တိုင် သဘောထား ပျော့ပျောင်းကြောင်းကို စကားစမြည် ပြောကြည့်မှ သိနိုင်၏။

"ဒီစာကို ဖတ်ကြည့်စမ်းပါဦး"

အဖေက လက်ထဲတွင် ကိုင်ထားသော စာအိတ်ကို ဝင်းအောင်အား လှမ်းပေးသည်။ ဝင်းအောင်က ကြိမ်ကုလားထိုင်မှ ကိုယ်ကို အသာကြွကာ ယူလိုက်၏။ စိတ်ထဲတွင် ထင့်သွား၏။ တစ်ခုခုတော့ တစ်ခုခုပဲဟု မှတ်သည်။ မည်သူ့စာပါလိမ့်ဟု တွေးကြည့်၏။ စာအိတ်ပေါ်တွင် လက်ရေးမတွေ့ရ။ တခြားသူတစ်ဦးဦး၏ စာများ ဖြစ်နေမလား၊ မိမိနှင့် ပတ်သက်သော နော်ဇာလွင်တို့ အသိုင်းအဝိုင်းမှ စာများ ဖြစ်နေမလား၊ အသံလွှင့်ရုံ အစီအစဉ်မှူး အလုပ်လျှောက်ထားသည့်ကိစ္စ ပြန်ကြားစာပေလား။ ဆွေမျိုး

mgyoe.com

mgyoe.com


မိတ်သင်္ဂဟထံမှ စာဆိုပါက ထမင်းစားပြီးစတွင် လူစုံစေပြီး ထုတ်ပေးစရာ မလို။ အသံလွှင့်ရုံတွင် လျှောက်ထားသော အလုပ်ကိစ္စဖြစ်ပါက အစိုးရကိစ္စ။ စာအိတ်က သာမန်စာအိတ်အဖြူ။ အိတ်တစ်ဖက်ကို ကတ်ကြေးကိုက်ပြီး ဖွင့်ထား၏။ စာရွက် တစ်ရွက် နှစ်ရွက်သာ ပါလိမ့်မည်။ အိတ်က ပါးလှ၏။ ဖောက်ထားရာဘက်ကို လေ မှုတ်ပြီး ဟယူရ၏။ ပြီးမှ စာကို ဆွဲထုတ်လိုက်သည်။ တစ်ရွက်တည်း။ စာထုတ်ယူနေစဉ် ဝင်းအောင် မျက်လုံးတစ်ဝိုက် ဝိုက်သည်။

အမေက မျက်နှာတည်တည်နှင့် ရှိသည်။ ပိုပိုက စိတ်ဝင်စားဟန်ဖြင့် စာအိတ် ကို ကြည့်နေသည်။ စာပါအကြောင်းအရာကို မသိသူမှာ သူနှင့် ပိုပိုတို့ နှစ်ယောက်သာ လျှင် ဖြစ်မည်။ အမေ့ကို မြင်ရသည်မှာ အကြည့်မထူးခြား။

စာရွက်က ရုံးသုံးစာရွက်ဖြူအချော။ ပိရိသေသပ်စွာ သုံးခေါက် ခေါက်ထား၏။ ပထမအခေါက်ကို ဖြန့်လိုက်ချိန်တွင် စိတ်လှုပ်ရှားစ ပြုလာ၏။ ဒုတိယအခေါက်ကို ဖြန့်အပြီးတွင် လက်ရေးတစ်စွန်းတစ်စကို တွေ့ရ၏။ အမျိုးသားလက်ရေး။ မမြင်ဖူးခဲ့။ လူကြီးလက်ရေးလက်သား ထင်လိုက်၏။ နော်ဇာလွင့်ဖခင် လက်ရေးများလားဟု အတွေးတစ်စက် ဝင်လာ၏။ တတိယအခေါက်ကို ဖြန့်ပြီးချိန်တွင် ထိုအတွေးကို အတည်ပြုမိလေ၏။ လက်ဝဲဘက် ဒေါင်လိုက်အခေါက်ကို ဖြန့်နေစဉ်

"အသံထွက်ပြီး ဖတ်ပါ အစ်ကို"

ပိုပိုက ပြုံကျလာသော သိလိုစိတ်ကို မတားဆီးနိုင်။ တစ်ကြောင်း နှစ်ကြောင်း မျှကို မျက်လုံးဖြင့် ဖတ်လိုက်သေး၏။ အောက်ဆုံးက လက်မှတ်ကို ကျော်ပြီး ကြည့် သည်။ ဦးတင်မောင်လွင်ဟု လက်သည်းကွင်းဖွင့်ပိတ် ရေးထား၏။ အပေါ်တွင် လက် မှတ်။ သေချာပြီ။ နော်ဇာလွင့်ဖခင်။

"အစ်ကို ဖတ်လေ"

"အေးပါ။ ဘယ်သူ့စာလဲလို့ ခဏကလေး ကြည့်တာပါ"

သူ့အသံက စိုးစဉ်းမျှ ခါနေသည်။ သွေ့နေသော နှုတ်ခမ်းကို ဖိစေ့ပြီး လျှာဖြင့် သိမ်း၏။ ထို့နောက် လည်ချောင်းရှင်းလိုက်၏။

"ဦးစံဝင်းနှင့် ဒေါ်ခင်အုံးခင်ဗျားတဲ့။ ဒီစာကို မလွှဲသာ မရှောင်သာလွန်းလို့ ရေးလိုက်ရတာပါ။ ဒီစာကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှာကို ကျွန်တော် တင်ကြို သိရှိပါတယ်။ ဒါပေတဲ့လို့ မရေးမဖြစ်လို့ ရေးလိုက်ရတယ်ဆိုတာကို ဦးစွာ ပြောလို

mgyoe.com

ပါတယ်။ တိုတိုနဲ့ လိုရင်း ပြောရရင်တော့ ကျွန်တော့်သမီး နော်ဇာလွင်နဲ့ ဦးစံဝင်းရဲ့သား မောင်ဝင်းအောင်တို့ ကိစ္စပါပဲ။ ၎င်းတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ခင်မင် ရင်းနှီးနေကြပါတယ်။ ပြောစရာအကြောင်းက နော်ဇာလွင်ကို လူကြီးချင်းစကား လွှန်ထားတဲ့ မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ ထိမ်းမြားရန် စီစဉ်ပြီး ဖြစ်ပါတယ်။ သမီးက ဒီအကြောင်းတွေ အစက မသိခဲ့ပါ။ သိရပြီဖြစ်တဲ့အတွက် မောင်ဝင်းအောင်နဲ့ မျှခဲ့တဲ့ မေတ္တာကို ရုပ်သိမ်းပါမယ်လို့ ကျွန်တော်တို့ကို ကတိပြု... ပါ... တယ်..."

စကားလုံးတွေ ထစ်ပြီး ရပ်သွား၏။ တစ်ကိုယ်လုံးကို အပူတွေ ပျံ့လာချေ၏။ ဦးခေါင်းထဲတွင် တစီစီ မြည်လာ၏။ စာရွက်ကို ကြည့်နေသော မျက်လုံးအစုံမှာ ခြောက်လာသည်။ အမေ့ထံသို့ တစ်ချက်ကြည့်၏။ အမေသည် တောင်ငူဆေးပေါ့လိပ်ကို ဖွာရင်း အိမ်ရှေ့သို့ ငေးနေ၏။ အဖေက လင်းခေးဆေးတံဆေးဘူးကို ဖွင့်နေသည်။ ပိုပိုက စိုးရိမ်မျက်နှာဖြင့် လှမ်း၍ကြည့်သည်။ ထို့နောက်

"အစ်မလွင် သစ္စာမရှိဘူး"

မုန့်စားပွဲပေါ်ရှိ ဆေးတံကိုယူသော အဖေက ခေါင်းတစ်ချက်ခါပြ၏။

"တစ်ဖက်တည်းက ကြားတဲ့စကား၊ တစ်ဖက်တည်းက ပြောတဲ့စကားကို တစ်ခါတည်းနဲ့ အမှန်မယူရဘူးလို့ ဖေဖေ ဘယ်နှခါပြောရမလဲ။ ကောင်မလေးနဲ့ တွေ့ရဦးမယ်။ ပြီးရင် အကျိုးအကြောင်း မေးရမယ်။ အဘက်ဘက်က ညှိပြီးမှ လက်သင့်ခံရမယ်၊ ယုံကြည်ရမယ်။ အဲသလို မပြောကောင်းဘူးလေ"

ပိုပို၏မျက်နှာက မှိုင်းသွားသည်။

"ကဲ သား ဆက်ဖတ် ဆက်ဖတ်"

ဝင်းအောင်လက်တွေ နည်းနည်းတုန်ချင်သည်။ နော်ဇာလွင့်မျက်နှာကို ချက်ချင်း မြင်သည်။ ဒေါ်ခင်ဝေ၏ ခက်မာသောအမူအရာတွေ၊ ဦးတင်မောင်လွင်၏ ပြတ်တောင်းသော သဏ္ဍာန်တွေကို အမှတ်မဲ့ မြင်လိုက်၏။

"ဒီတော့ သမီးအနေနဲ့က ဒီအကြောင်းတွေကို မောင်ဝင်းအောင်သိအောင် ကျွန်တော်တို့ကိုပဲ စာရေးပါလို့ ပြောပါတယ်။ မောင်ဝင်းအောင်သာမက ဦးစံဝင်းတို့၊ ဒေါ်ခင်အုံးတို့ပါသိရအောင် ရေးပါလို့လည်း ပြောပါတယ်။ ဒီအကြောင်းတွေ ဦးစံဝင်းတို့ သိရှိပြီးတဲ့နောက် မောင်ဝင်းအောင် နားလည်အောင် ပြောပြစေချင်ပါတယ်။ သားသမီးချင်း စာနာခြင်း၊ နှမသားချင်း စာနာခြင်းစိတ်ဓာတ်နဲ့ နားလည်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"

mgyoe.com

mgyoe.com


စာရွက်ကို ပြန်လည်ခေါက်လိုက်သည်။ စာအိတ်ထဲသို့ ပြန်ထည့်မည်အပြုတွင် ပိုပိုက လက်ကမ်း၏။ စာရွက်ခေါက်နှင့် စာအိတ်ကို ပူးကာ သူလှမ်းပေးသည်။ ထို အခိုက်အတန့်တွင် အသံဟူသမျှ ဆိတ်နေ၏။ အဖေ ဘာတွေ တွေးနေသလဲဟု သူ တွေးသည်။ အမေ့ရင်ထဲတွင် ဘာတွေ ပြောနေသလဲဟု သူတွေး၏။ ပိုပို့တွင်မူ ဒေါသ အတက်ကလေးတွေ ပေါက်နေမည်ဟု စောစောက စကားကို ထောက်ကာ အတွေး ရ၏။ နော်ဇာလွင့်ကို မည်သို့ မြင်နေကြမည်။ ဦးတင်မောင်လွင့် စာတစ်စောင်လုံးကို အကြွင်းမဲ့ မယုံမိသော်လည်း ထိုစာရေးဖြစ်စေရာ ရေခံ မြေခံကိုမူ လျှော့မတွက်ရဲ။

"ဒီစာကို မင်း ဘယ်လိုသဘောရသလဲ"

အဖေ့ မေးခွန်းကို သူမဖြေတတ် ဖြစ်လေသည်။

"အဓိပ္ပာယ်ရှာမရဘူး အဖေ"

"စာက ပျော့ပျောင်းသလိုလိုနဲ့ တော်တော်မာတာပဲကွ။ သားသမီးချင်း စာနာ ခြင်း၊ နှမသားချင်း စာနာခြင်းတဲ့။ ဒါနဲ့ပတ်သက်လို့ ကောင်မလေးက မင်းကို ဘယ်လို များ ပြောထားဖူးလဲ"

ဝင်းအောင်က ခေါင်းခါပြသည်။

"ကျန်ခဲ့တဲ့ ၁၀ ရက်ကျော်ကျော်က သူတို့ ကုန်သွယ်ရေးရုံးကို ကျွန်တော် သွားသေးတယ်။ ဘာမှ ဒါနဲ့ပတ်သက်ပြီး သူ မပြောလိုက်ဘူး"

"ကိုတင်မောင်လွင်က ဒီစာကို လွန်ခဲ့တဲ့ ၁၅ ရက်လောက်က ရေးထားတာကွ။ စာထဲက နေ့စွဲကို ကြည့်ပါလား"

စာဖတ်နေသူ ပိုပိုက "ဟုတ်တာပေါ့။ ဒီနေ့ ဇန်နဝါရီ ၂၆၊ စာမှာက ၁၁ ရက် နေ့စွဲနဲ့" ဟု စကားထောက်သည်။ သူဖတ်စဉ်က နေ့စွဲကို မမြင်မိ။ ပူလောင်သည့် အာရုံက မှောက်မှောက်မှားမှား ဖြစ်စေခဲ့သည်တကား။

"ဒီလိုဆို အံ့သြစရာပဲ"

အမေက တစ်လျှောက်လုံး ငြိမ်ပြီး နားထောင်နေရာမှ ဝင်ပြောလေသည်။

"ကိုကြီးကျော်ကို လွှတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

စာအိတ်ထဲသို့ စာကို ထည့်ရင်းနှင့် ပိုပိုပြောသည်။

"ဘာကိစ္စအတွက်လဲ"

အမေက မေး၏။ ပိုပိုက စာအိတ်ထောင့်ကို မေးစေ့နှင့် မထိတစ်ချက် ထိတစ် ချက်တို့ကာ

mgyoe.com

mgyoe.com


"အစ်မလွင်သဘောကို တီးခေါက်ကြည့်ဖို့လေ"

ဆေးပေါ့လိပ်ကို ပြာခံခွက်တွင် တင်ပြီး သူ့ကို ကြည့်၏။

"စာထဲက အကြောင်းတွေ အကုန် မဟုတ်တောင်မှ ဒီလိုရေးရလောက်တဲ့ အကြောင်းရှိနေတာကိုတော့ ကျုပ် သံသယ မဖြစ်မိဘူး။ ရှင် ဘယ်လိုထင်လဲ"

အမေ့ မေးခွန်းကို အဖေက ရုတ်တရက် မဖြေ။ ဆေးတံ တစ်ဖွာနှစ်ဖွာ ရှိုက်၏။ အကြောင်းအရာများစွာကို ခေါင်းထဲတွင် စုဆောင်းနေဟန်တူ၏။ ချိတ်ထားသောခြေကို တဆတ်ဆတ် လှုပ်နေ၏။

"လူကြီးချင်း သဘောတူတဲ့လူ ရှိတယ်ဆိုတာက ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကောင်မလေးက ဒါကို အခုမှ သိတယ်ဆိုတာ ဟုတ်ပါ့မလား။ သိတယ်ဆိုတာ အမှန်ထားဦး။ တို့ဆီကို ဒီစာရေးဖို့ ကောင်မလေးက ပြောတယ်ဆိုတာက ဖြစ်နိုင်မယ် မထင်ဘူး။ ဝင်းအောင့်ကို ဖြတ်ပါ့မယ်ဆိုတာကလည်း စဉ်းစားစရာပဲ"

"ကျွန်တော်တော့ တယ်မထင်ဘူး အဖေ"

"အေးလေ ဒါတော့ အဖေတို့ ဘယ်သိနိုင်ပါ့မလဲကွာ။ ကိုတင်မောင်လွင်က ငါ့ဆီကို စာရေးတာ ဒါ ဒုတိယအကြိမ်ပဲ။ ပထမအကြိမ်တုန်းက သတင်းစာတိုက်မှာ အဖေ အယ်ဒီတာလုပ်နေတုန်းက။ သူက ပါမောက္ခလုပ်နေတယ်။ သူ့ဌာနက ဂုဏ်ထူးတန်းပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး သတင်းမှန် ထည့်လိုက်တာနဲ့ ပတ်သက်လို့။ ဟာ ဒီတုန်းက ဆတ်ဆတ်ခါနာပြီး ဆဲသလောက်နီးနီး ရေးလိုက်တာကလားကွ။ ဂျပန်ခေတ် ကတည်းက ပါတီမှာ သူနဲ့ငါ အတိုက်အခံဖြစ်ခဲ့တဲ့ ရန်စွဲကလည်း ရှိတာကိုးကွ"

အရေးကြီးသောအချက်တွေကို အမှတ်မထင် ကြားလိုက်ရ၍ အသာငြိမ်နေရသည်။ စိတ်ပြောင်းလဲသွား၍ စကားဖြတ်လိုက်လျှင် သိစရာကို သိနိုင်တော့မည် မဟုတ်။ ပိုပိုက နှုတ်ခမ်းပြင်သည်။ တားမည်စိတ်ကူးခိုက်

"ဂျပန်ခေတ်တုန်းက ဘာဖြစ်လို့လဲ ဖေဖေ"

"ဂျပန်ကို ပြန်တိုက်ရေး၊ မတိုက်ရေးမှာ သူက မတိုက်ရေးဘက်က။ အဖေက တိုက်ရေးဘက်က။ နောက် တော်လှန်ရေးပြီးတော့လည်း သူက တခြားပါတီ၊ အဖေတို့က တစ်ပါတီ။ ကဲပါကွာ ဒါတွေထားလိုက်ပါဦး။ ခုကိစ္စကို ဘယ်လိုစီစဉ်မယ် ဆိုတာ ဆိုပါဦး။ မင်း ဘယ်လိုသဘောရလဲ"

အမေ့ကို ဆေးတံကိုင်သည့်လက်ဖြင့် လက်ညှိုးညွှန်ကာ မေးသည်။

mgyoe.com

mgyoe.com


"ကလေးမလေးနဲ့ တွေ့ပြီးမှ အကြောင်းမှန် သိမှာပဲ"

"မနက်ဖြန် ကျွန်တော် သွားတွေ့လိုက်မယ် အမေ"

အားလုံး၏ ဦးနှောက်တွေ ဝေမှိုင်းလျက် ရှိလေ၏။

✧ ✧ ✧

ခေါင်းအုံးနှစ်လုံးက ရင်ဘတ်နှင့် ပါးအောက်တွင်။ အေးစက်လာသော ခေါင်းအုံးစွပ်၏ အတွေ့အထိကို ယခုမှ သတိပြုမိလေသည်။ နှောင်တည်း၍ မရသည့် သောကတို့သည် အနှံ့အပြား ရောက်သွားခဲ့သည်။ ဖြစ်သာဖြစ်နိုင်လျှင် နော်ဇာလွင်ထံ သို့ ပြေးတွေ့လိုက်ချင်သည်မှာ ချက်ချင်း။ မေးလိုက်မည်။ တကယ်ပဲလား လွင်ရယ်၊ လွင့်မိဘကို လွင်ကတိပေးလိုက်တာ အမှန်ပဲလား။ မောင့်ကို ချစ်ခန်းခင်ခန်း ဖြတ်တော့ မယ်လား။ သို့သော် ဟုတ်မည် မထင်ဟု ပြေရာကို တွေးမိပြန်၏။ ထိုမှ ဆန့်ကျင်ဘက် တွေ ဝင်ရောက်လာချေတော့၏။

"မင်း တကယ်ပြတ်သလား လွင်"

"ပြတ်တော့ မပြတ်ပါဘူး။ ဒါပေမဲ့ မိဘမျက်နှာကို မဖျက်ချင်ဘူး"

"ချစ်သူ့မျက်နှာကိုတော့ ဖျက်ရက်တယ်ပေါ့"

"မောင် ဒီလိုမပြောနဲ့"

"ပြောမယ်၊ မင်း သစ္စာရှိတယ်ဆိုတာက ဘယ်လိုရှိတဲ့သစ္စာလဲ"

"လွင့်နေရာကို မောင် ကြည့်ဦး"

"မောင့်နေရာကို ကြည့်ဖို့ကျတော့ကော။ မေ့တတ်ပြီလား"

"လွင် ဘယ်လိုလုပ်ရမလဲ မောင်ရယ်"

"မောင့်နောက်ကို တစ်ခါတည်း ခိုးရာလိုက်ခဲ့"

"မဖြစ်ဘူးထင်တယ် မောင်"

"မင်း သတ္တိမရှိဘူး"

"အဲသလို မပြောနဲ့"

"ပြောမယ်။ စကားလည်း မတည်ဘူး"

"ပြော ပြော ကြိုက်သလိုပြော"

"နှုတ်ကဖြင့် ချစ်လှချည်ရဲ့။ လက်တွေ့ကျတော့ အရက်စက်ဆုံး"

mgyoe.com

mgyoe.com


"သတ်သွားတော့ကွယ်"

သတ်သွားတော့ကွယ် ဟူသောစကားတွင် စိတ်ကူးတွေ ပျက်စီးသွားသည်။ တစ်ယောက်တည်း မေးလိုက်၊ ဖြေလိုက်နှင့်။

ရင်ထဲတွင် ရှိသမျှတွေအားလုံးကို သွန်ချပစ်ချင်သည်။

သည်ညကျမှ ကျော်နွယ်က ပြန်မလာ။

ပြောပြခွင့်ရလျှင် သက်သာပေလိမ့်မည်။

အိပ်ရာမှထကာ အခန်းထောင့်ရှိ ရေအိုးစင်သို့ ထသွားသည်။ အေးစက်သော ရေတစ်ခွက်ကို မော့သောက်လိုက်၏။ စားပွဲအရိပ်တွေ၊ နံရံတွေ၊ စာအုပ်စင်တွေသို့ မျက်လုံးရောက်၏။ နော်ဇာလွင့် ပုံတူပန်းချီကားသည် သူ့ခုတင်ခေါင်းရင်းတွင် ပကတိ အတိုင်း ရှိ၏။

✧ ✧ ✧

ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေကြောင့် မျက်နှာမှာ ကြမ်းတမ်းနေသည်။ အိပ်ရေးပျက်ထား၍ ထင်၏။ မျက်တွင်း အနည်းငယ်ဟောက်နေ၏။ ကွမ်းဝါးနေသော ကြောင့် သူ့မျက်နှာသည် သူ့သဘောကို အပီအသ မဖော်ပြနိုင်။ မျက်နှာအရေး ကြောင်းတွေ လှုပ်နေသဖြင့် စိတ်နေစိတ်ထားကို အကဲဖမ်းရမလွယ်။

"မင်း ဘာလုပ်ချင်သလဲ ဝင်းအောင်"

"ကျွန်တော် အခုပဲ နော်ဇာလွင့်ဆီ သွားတွေ့မယ်"

"တွေ့ပြီးရင်"

"မေးကြည့်မယ်လေ။ အဘိုးကြီးရေးလိုက်တဲ့အတိုင်း ဟုတ်၊ မဟုတ်ပေါ့"

ကျော်နွယ်က အိမ်ရှေ့သို့ငေးရင်း တွေနေ၏။

"မင်းကို တစ်ခုပြောချင်တယ် ဝင်းအောင်"

ဝင်းအောင်က သူ့ကို စိုက်ပြီး ကြည့်လိုက်သည်။

"ပြောပါ ကိုကြီးကျော်"

"မင်း ငါ့ကို ဘာမှ ဟိုတွေး ဒီတွေး မတွေးနဲ့။ ငါ့ကို အစ်ကိုအရင်းလို သဘော ထား၊ ပြော၊ တိုင်ပင်"

✧ ✧ ✧

mgyoe.com

mgyoe.com


စွဲစွဲထင်ထင် ဖြစ်နေသည်။

လွန်ခဲ့သည့်သန်းခေါင်ယံ စည်းဝေးပွဲတုန်းက ဝင်းအောင် မသွားလိုက်ရ။ မနှစ်ကကဲ့သို့ အတူသွားရလိမ့်မည်ဟု မှတ်သည်။ ထိုစည်းဝေးသဘင် မတိုင်မီ တစ်ရက်တွင် သူ့ထံသို့ ဝင်းအောင် ဖုန်းဆက်သည်။ မနက်ဖြန်ည ဘယ်အချိန်တွင် ဆုံကြမလဲဟု သူမေး၏။ နော်ဇာလွင့်လေသံကို အမှတ်သညာမပြုမိသော်လည်း ဖေဖေရော မေမေပါ လာကြလိမ့်မယ်ဟု ဖြေသည်။ သူ နားလည်ပြီး ဖြစ်၏။

ဆုံတွေ့ရန် အခွင့်မသာဟူသောအချက်ကို စိတ်ထင့်ခြင်း မဖြစ်မိ။ သူ့မိဘပါ အတူတကွ လိုက်ပါသော သန်းခေါင်ယံစည်းဝေးပွဲသို့ သူ မသွားဖြစ်ခဲ့။ သူနှင့်အတူ ထိုညက ကျော်နွယ် ရှိခဲ့သည်။ ကျော်နွယ်က အဘိုးအဘွားကြီးတို့နဲ့ တိုးနေဦးမယ်ဟု ပြော၏။

နှစ်နှစ်ဆက်တိုက် သွားရောက်ဖူးသော နှစ်သစ်အကြိုညကို သည်နှစ်တွင် နှစ်ဦးအတူ မကြိုခဲ့ရ။ စိတ်ထဲတွင် ထူးထူးခြားခြား မဖြစ်မိခဲ့။ သို့ရာတွင် ကြည်နူးဖွယ်သော ထိုညမျိုးကို တင်ကြိုမျှော်တော့ မျှော်လင့်ခဲ့သည်။

တစ်ခါက ပြောခဲ့ဖူးသည်။ နာတာလူးပွဲတော်ထက် ပိုမို ချမ်းမြေ့သော ပွဲတော်ဟု။ သည်နှစ်တွင်မူ ပွဲတော်နှစ်ခုစလုံးတွင် နော်ဇာလွင်နှင့် မဆုံစည်းခဲ့ရ။ “မောင် စိတ်ညစ်သွားသလား” ဟု နော်ဇာလွင်က ဖုန်းဆက်စဉ် မေးသည်။ သူ စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ “ကိစ္စမရှိပါဘူး၊ နှစ်ပေါင်းများစွာရဲ့ နေ့တွေက မောင်တို့ကို စောင့်နေပါတယ်” ဟု ဝင်းအောင် ဖြေသိမ့်ခဲ့သည်။

ယခုမှ တွေးစရာ ရလာသည်။

ပြဿနာသည် ထိုစဉ်တစ်ဝိုက်ကပင် အရည်တည်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သူ သိခဲ့ပေလိမ့်မည်။ သဏ္ဍာန်တစ်ခုလုံး မပေါ်လွင်စေကာမူ အရိုးအရိပ်ကိုမျှကား သူ မလွဲမသွေ သိခဲ့ပေလိမ့်မည်။ ထိုသို့ဆိုလျှင် သူ့ကို နော်ဇာလွင် ပြောပြသင့်သည်။ အဘယ်ကြောင့် ထိမ်ချန်ထားခဲ့သနည်း။ စိတ်ညစ်စရာတွေကို နားဝယ် မရောက်စေလိုသဖြင့်လား။ သူထားရှိခဲ့သည့် ကတိအတိုင်း မေတ္တာလျော့ပါးခြင်း စိုးစဉ်းမျှ မရှိ၍လား။ ဦးတင်မောင်လွင်၏ စာထဲကနယ် သူ့ကို လက်တွဲဖြုတ်ရန် စဉ်းစားနေခဲ့သောကြောင့်လား။ ကွဲကွဲပြားပြား စဉ်းစားမရ။

သူ့ကို ယုံသည်ဟု ပြောရဲသည်။ သို့သော် ပြုပြင်ပြောင်းလဲတတ်သော ကံကြမ္မာကို မယုံရဲလှ။ ပကတိအတိုင်းဖြင့်သော် နော်ဇာလွင်ကို မယုံရဲစရာ အနည်းငယ်မျှ

mgyoe.com

mgyoe.com

မရှိ။ အမှောင့်ပယောဂ၏ တန်ခိုးဣဒ္ဓိပါဒ်ကိုမူ ထည့်သွင်းမတွက်ချက်၍ မဖြစ်။ ကြောက်ရွံ့သဖြင့် လိုက်နာခြင်း၊ ခြိမ်းခြောက်သဖြင့် ရိုကျိုးခြင်းတို့ကို ပယ်ဖျက်၍ ရအပ်သည်ထင်၏။ ကြောက်ရွံ့ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ဖယ်ရှားပေးလိုက်ပါက လိုက်နာခြင်း၊ ရိုကျိုးခြင်းတို့သည် အလိုအလျောက် ပြိုပျက်သွားပြီးသား။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်သော နာခံခြင်း၊ ရိုကျိုးခြင်းကိုမူ မည်သည့်အရာကမျှ ဖျက်ဆီးခြင်း မပြုနိုင်။ အမိအဘကို ချစ်ခြင်းဖြင့် အရာရာတွင် နာခံရိုကျိုးသောသဘောကို ဝင်းအောင်က လှမ်းပြီး မြင်သည်။

စကားစပ်ပြီး ပြောခဲ့ဖူးသည်။

"ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ မိဘရဲ့ စိတ်ချမ်းသာမှုကို ထည့်ပြီး စဉ်းစားရမှာပါပဲ လွင်။ ချစ်သူရဲ့ စိတ်ချမ်းသာမှုကိုလည်း လွှင့်ပစ်လိုက်လို့ မကောင်းဘူးပေါ့လေ။ မိဘစိတ်မချမ်းသာရင်လည်း ကိုယ်ကိုယ်တိုင်လည်း ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲ။ ချစ်သူစိတ်ဆင်းရဲရင်လည်း ကိုယ်ကိုယ်တိုင်လည်း ဘယ်လာစိတ်ချမ်းသာပါ့မလဲ။ မဟုတ်ဘူးလား။ ဒီတော့ မျှတအောင် ချိန်ဆရမှာပေါ့ လွင်ရာ"

ထိုစကားကို ပြောစဉ်က

"လွင် သိတယ်မောင်။ တချို့ကျတော့ မိဘဆိုတာ အစားမရဘူးတဲ့။ ချစ်သူဆိုတာ အစားရတယ်တဲ့။ လွင်က ဒီလိုသဘောထားရှိတဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး မောင်ရာ။ မိဘဆိုတာလည်း အစားမရပါဘူး။ ချစ်သူဆိုတာလည်း အစားမရပါဘူး။ တကယ်ပြောရမယ်ဆိုရင် ချစ်သူကို စွန့်လွှတ်ပစ်လိုက်ရတဲ့ မိန်းကလေးတစ်ယောက်အဖို့ မိဘရဲ့မျက်နှာကို မြင်ရတိုင်း မြင်ရတိုင်း ရင်ထဲမှာ နာကျင်မိမှာပါပဲ"

အားတက်ဖွယ်စကားဟု ဝင်းအောင် သိသည်။

"ချစ်သူနဲ့ ကွဲခဲ့ရတာဟာ ဒီမိဘတွေ စိတ်ချမ်းသာစေဖို့ပါလား ဆိုတဲ့အသိကို ဘယ်ဖျောက်နိုင်မလဲ။ လွင်တော့ အဲသလိုပဲ တွေးမိတယ်။ မိဘဖြစ်လို့ မငြိုငြင်မိတယ်ပဲထားဦး၊ နဂိုအတိုင်းတော့ စိတ်မှာ ကြည်လင်မယ် မထင်ပါဘူးလေ"

အကြွင်းအကျန် ရှိနေသေးသော မယုံမရဲစိတ်နှလုံးကို အပြီးတိုင် နီးနီးပယ်ပျောက်စေသော စကားဟု ဝင်းအောင် နားတွင် တည်နေ၏။

ဒီဘဝမှာ လွဲလိုက်ရပြီဆိုရင် ပြီးပြီလေ။ ဟုတ်တယ်မဟုတ်လား မောင်။ စဉ်းစားကြည့်စမ်း။ ဘယ်ဘဝမှာမှ ဆုံစရာကော ရှိပါတော့မလဲ။ နောင်ဘဝဆိုတာ ရှိတယ်

mgyoe.com

mgyoe.com


ထားဦး။ အတူတူသေပြီး နောင်ဘဝမှာ အတူတူလူဖြစ်တယ် ထားပါဦး။ တစ်ယောက် တစ်ပြည်။ တစ်ယောက်နဲ့တစ်ယောက် ဆုံဖို့ဆိုတာ လွဲသွားပြီပဲ။ ခွဲလိုက်ရတဲ့ တစ်သက်လုံးမှာလည်း တနုံ့နုံ့နဲ့။ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါတော့မလဲ။ လွင်ပြောတာ ဟုတ်တယ်မဟုတ်လား မောင်"

တစ်စုံတစ်ယောက်က သူ့ကို မယုံပါနှင့်ဟု လျှာအလံ ကုဋေကုဋာ အထွက်ခံပြီး ပြောလာစေဦး။ ယုံမြဲ ယုံနေမည်။ ယုံလျှင် ကွပ်မျက်မည်ဟု ဓားမိုးရွယ်စေဦးတော့။ အသက်ကို အဆုံးပါးဖြစ်စေမည်။ ထိုစကားတို့ကို ယခုအခါ အားကိုးတကြီး ပြန်လည်ကြားယောင်လေ၏။

သံသရာကို အစချီ၍ စကားဆိုခဲ့သော နော်ဇာလွင့်စကားတို့သည် ယခုအခါ ကျောက်စက်ကျ ရေတစ်စ။ နှစ်ဦးသား မျက်နှာချင်းဆိုင်သည့်အချိန်တွင် အနာဂတ်ဟူသောအရာကို တတ်အားသရွေ့ မေ့ထားခဲ့သည်။ လမ်းကြောင်းကို ပြက်ပြက်ထင်ထင် မြင်ထားပြီးသား။

"မနှစ်ကအထိတော့ ဖေဖေတို့ကို ပြေပြေလည်လည်ဖြစ်အောင် ကြိုးစားကြည့်မလားလို့ စိတ်ကူးသေးတယ်။ ဒါပေမဲ့ လွင် တဖြည်းဖြည်း နားလည်လာတယ်။ အဲဒီ နည်းလမ်းဟာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူးလို့။ လမ်းကတစ်ခုတည်းပဲ။ မောင့်နောက်ကို လွင်လိုက်။ ဒါပဲ"

ပြတ်သားလွန်းလှပါကလားဟု နားထောင်ရင်း မှတ်ချက်ချခဲ့သည်။

"တကယ်လို့ လွင့်မိဘတွေက သေခန်း ရှင်ခန်း ဖြတ်ခဲ့ရင်ကော"

ထိုစကားကို ဝင်းအောင်မေးစဉ်က သူ့မျက်နှာသည် ပန်းနုသွေးတွေ ခြယ်သွား၏။ ဖြစ်လာအံ့သော ပြဿနာ၏ အဆုံးတွင် ပေါ်ပေါက်လာတတ်သော တုန်လှုပ်စရာတစ်ခုကို ကြားလိုက်ရ၍ ဖြစ်မည်။ မင်္ဂလာမရှိသော အဖြစ်တစ်ခုကို ဖြစ်စေမည့် တင်ကြို တွက်ဆချက်ဟု ပြောပြီးမှ ဝင်းအောင် သတိရသည်။

"မောင့်နောက်ကို လိုက်တဲ့အချိန်မှာ လွင်အားလုံးကို စွန့်လွှတ်ခဲ့ပြီးသားလို့ သိပါတယ်"

"လွင် စိတ်ချမ်းသာနိုင်ပါ့မလား"

ထိုမေးခွန်းကို ခေါင်းခါခြင်းဖြင့် ဦးစွာ တုံ့ပြန်သည်။ အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားသည်။ ချက်ချင်းပင် ရှင်းလင်းသည်။

mgyoe.com

mgyoe.com


"ဒီမေးခွန်းက မေးစရာမလိုတော့ဘူးလေ မောင်ရဲ့"

"မိဘရဲ့မေတ္တာကို"

"ဒါတွေကို ခဏတော့ မေ့ထားခဲ့ရမှာပါ"

လတ်တလော ကြားရသကဲ့သို့ ကြားယောင်သည်။

❑

mgyoe.com

mgyoe.com

သင်၏နှုတ်သည်
စပျစ်ရည်ကဲ့သို့လည်းကောင်း
ထိုစပျစ်ရည်သည်
ဖြောင့်စွာ စီးတတ်ပါ၏။
အိပ်ပျော်သောသူတို့၏ နှုတ်ခမ်းသို့
အမှတ်မဲ့ ရောက်တတ်ပါ၏။

၆

ရှောလမုန်သီချင်း၊ ၇း၉–၁၀။

ခြေလှမ်းတို့တွင် အလေးချိန် ကင်းမဲ့နေသည် ထင်ရ၏။ စဉ်းငယ်မျှမြန်သော ရင်ခုန်သံကို အစက သတိပြုမိခဲ့၏။ အတော်အတန် မြန်လာသောခြေသံကို စောစော တုန်းက နားမှာ မကြားတစ်ချက်၊ ကြားတစ်ချက်။ ဘေးမှဖြတ်သွားသော ခရီးသွားတွေ ကို မကြည့်မိလိုက်၊ ကြည့်မိလိုက်နှင့်။ ဆိုက်ကားတွေ၊ ကားတွေ ဖြတ်သွားသည်ကို လည်း မသိလိုက်၊ သိလိုက်။ အိမ်ရာအဆောက်အအုံတွေ၊ စည်းရိုးတွေ၊ သစ်ပင်တွေကို လွန်လာ၏။

ကတ္တရာလမ်းပေါ်မှ ဆင်းလိုက်သည်။

နှင်းစက်တွေ ကျထားသောကြောင့် မြေသိပ်နေသည်။ မြက်ဖျားၑ နှင်းရည်တွေ သီးလျက်ရှိ၏။ နူးညံ့စွာကျလာသော နေခြည်သည် မြက်စပ်စပ်မြေပေါ်တွင် လျှော တိုက်သွားလေသည်။ အလင်းသည် အမှန်ပင် ဖျော့လှသော်လည်း အိပ်စက်မရခဲ့သော မျက်လုံးအစုံၑ တောက်ပလွန်းနေ၏။ နွေးထွေးသော နေရောင်သည် ခန္ဓာကိုယ်၏ နောက်ပိုင်းကို ထိနေလေ၏။ နေထိသောကြောင့် ငိုက်မျဉ်းခြင်း မရှိသည့်တိုင် မျက်ခွံ တွေ ဖန်တွတ်တွတ် ဖြစ်ချင်လာ၏။

mgyoe.com

mgyoe.com


တွေ့မြင်လိုသောဇောသည် ဘယ်နှတန် ဘယ်နှပြန် ကပ်ငြိနေသလဲတော့ မပြောတတ်။ မျက်လုံးနှင့် နားဝန်းကျင်တွင် ဘာမျှမရှိသကဲ့သို့ ဖြစ်နေ၏။ ပိန်းတန်း ဖိနပ်သည်ကြိုး အောက်ရှိ ခြေချောင်းလေးတွေ လှုပ်ရှားသွားသည်ကိုသာ မြင်လေသည်။

ဓာတ်မီးတိုင်တစ်တိုင်အကျော်သို့ ရောက်သည်တွင် ကုန်သွယ်ရေးရုံးအဆောက် အအုံကို လှမ်းကြည့်ဖြစ်သည်။ ဝါကြန့်ကြန့် အုတ်နံရံနှင့် ရေညှိတက်အုတ်ကြွပ်မိုးကို စောင်းလျားပင်တွေ၊ ကုန်းသဖန်းပင်တွေအကြားမှ လှမ်းပြီးမြင်ရ၏။ ခြံစည်းပုဏ္ဏရိက် ပင်တွေက ထူထပ်စွာ ပေါက်နေ၏။ ဆေးဖြူသုတ်ထားသော ဝင်းတံခါးနှစ်ရွက်သည် ပွင့်လျက်ရှိလေ၏။ ဆင်ဝင်အောက်သို့ သူတစ်ချက်ကြည့်သည်။ ညာဘက်ရှိအခန်းကို စိတ်စောစွာ ကြည့်ပြန်သည်။ ပြတင်းတံခါးရွက်မှန်တွေ ဖွင့်ထားပြီးသား။ အဖြူရောင် လေးထောင့် သံဆန်ခါကွက်ပေါ်သို့ နေရောင်ကျနေ၏။

ဝင်းဝထဲသို့ လှမ်းဝင်လိုက်သည်။

ဂဝံမြေနီလမ်းသည် ဆင်ဝင်အောက်မှတစ်ဆင့် တစ်ဖက်ထွက်ပေါက်သို့ ကွေ့ ထွက်သွား၏။ ငြိမ်သက်လေဟန်ရှိသော စိတ်သည် လှုပ်လှုပ်ယှက်ယှက် ဖြစ်လာလေ ၏။ နီးလာသည်နှင့်အမျှ ရုံးထဲက စကားပြောသံ၊ လက်နှိပ်စက်ရိုက်သံ၊ ဂဏန်းတွက် စက်လှည့်သံတွေကို ကြားရ၏။ သူရှိမည့်အခန်း ပြတင်းရှေ့မှကွေ့ကာ သွားရချိန်တွင် ပြတင်းပေါက်ဆီသို့ မော့ကြည့်မိသည်။ လက်ခုပ်တစ်ဖောင်ကျော်သာ မမြင့်လျှင် ပြတင်းအနီးကပ်၍ လှမ်းကြည့်မိပေလိမ့်မည်။ ဆင်ဝင်အောက်သို့အရောက်တွင် ရုံးအမှု ထမ်း အမျိုးသမီးနှစ်ယောက် ထွက်လာသည်။ ဝင်းအောင်နှင့် မျက်မှန်းတန်းမိနေကြ သူများ ဖြစ်သည်။ ပြုံးပြကြသည်။ တစ်ယောက်က "ရှိတယ်၊ ရောက်နေပြီ"ဟု လှမ်း ပြော၏။ သူပြုံးမိသည်။ ပြုံး၍သာနေလိုက်၏။ ဘာမျှပြန်မပြောခဲ့။

လှေကားထစ်တွေကို တစ်ထစ်ပြီးတစ်ထစ် မနင်းမိ။ နှစ်ထစ်လောက်စီတော့ ကျော်တက်လာခဲ့မိမည် ထင်သည်။

အပေါ်ဆင့်သို့ရောက်ပြီး လက်ယာဘက်သို့ ကွေ့လိုက်၏။ အရောင်တင်ဆီ သုတ်ထားသော သုံးထပ်သားအခန်းနံရံနှစ်ဖက်အကြားရှိ တစ်လံသာသာလမ်းအတိုင်း ဆက်သွားလိုက်၏။ တစ်ခန်းကို လွန်သွား၏။ ဒုတိယအခန်းသို့အရောက်တွင် ဆင်နား ရွက် တံခါးနှစ်ဖက်ကို အသာတွန်းလိုက်သည်။ လက်တစ်ဝါးစာမျှ ပွင့်လိုက်ချိန်တွင် နော်ဇာလွင်ကို သူ မြင်လိုက်လေသည်။

mgyoe.com

mgyee.com


တံခါးရွက်နှစ်ဖက် ပြန်စေ့သံကို ကြားလိုက်ချိန်အထိ သူ့ကို နော်ဇာလွင် ငေး ကြည့်နေဆဲပင် ဖြစ်သည်။ ပြုံးရယ်ခြင်း မရှိသော်လည်း တင်းတင်းမာမာ မျက်နှာထား မဟုတ်။ အံ့အားသင့်ခြင်းလည်း မရှိသောအကြည့်။ ဝင်းအောင့်မျက်နှာသည်လည်း သူ့နည်းတူ။

တစ်ဦးကိုတစ်ဦး မျက်တောင်ခတ်ခြင်းကင်းမဲ့သော မျက်လုံးဖြင့် ကြည့်နေကြ သည်။ ဝင်းအောင့်လက်နှစ်ဖက်သည် စင်းစင်းကျလျက်။

"ထိုင်လေ"

စားပွဲရှေ့တည့်တည့်ရှိ ကြိမ်ကုလားထိုင်တွင် ဝင်းအောင် ထိုင်သည်။ နော်ဇာ လွင်က "ခဏလေးနော်၊ တစ်ရွက်နှစ်ရွက်ဆို ပြီးပါပြီ။ သိပ်အရေးကြီးနေလို့ပါ"ဟု ပြော၏။ စကားသံကို သူ ခွဲခြမ်းကြည့်သည်။ ပုံမှန်အတိုင်း။ လက်ထဲရှိ ဖောင်တိန်ကို အလိုက်သင့်အောင် ပြန်ကိုင်ပြီး ရေးနေသော နော်ဇာလွင့်မျက်လုံးသည် သူ့ထံ တစ်ချက်ရောက်၏။ စိတ်လှုပ်ရှားမှုတစ်စုံတစ်ရာကို ဝင်းအောင် ရှာမတွေ့။ သူ့ဖခင်က ရေးလိုက်သောစာကိစ္စကို သိမှသိပါလေစဟု ဝင်းအောင်တွေး၏။ ပင်ကိုအနေ အထားကိုသာ သူမြင်သည်။ အကယ်တန္တ ဖခင်ဖြစ်သူက ရေးလိုက်သောစာကို သိခဲ့ပြီး ဖြစ်သည်ဆိုက အနည်းအကျဉ်းမျှဖြစ်ဖြစ် အမူအရာ မငြိမ်မသက်ရှိချိမ့်မည်။ သို့သော် လည်း တွေ့လျှင်တွေ့ချင်း အဘယ်ကြောင့် အေးစက်နေရသနည်း။ လှိုက်လှဲခြင်းသည် အဘယ်ကြောင့် ကင်းကွာသွားခဲ့ရသနည်း။ သူ့စိတ်နှလုံးကို အဘယ်သော အကြောင်း ခြင်းတက နဂိုနေ မရှိစေခဲ့ရသနည်း။

ယခင့်ယခင်က နှစ်ဦးတွေ့ဆုံကြပြီဆိုလျှင် စကားလုံးတို့သည် အပြုံး၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါစမြဲ။ ယခုသော် မျက်နှာနှစ်ခုအကြားတွင် ဟုန်းနတ်၏ပုဆိုး သည် ကန့်လန့်ကာသဖွယ် ပိတ်ကွယ်ချေပြီလား။ စူးစမ်းသောအသွင်ဖြင့် ချစ်သူကို ကြည့်ရသည်မှာ အားနာစရာကောင်းလှသည်။

မှတ်ချက်တွေ၊ လက်မှတ်တွေ လေးငါးဆယ်ရွက်ရေးပြီးတော့မှ

"မောင် ဒီနေ့ရောက်လာလိမ့်မယ်လို့ ရုံးရောက်ကတည်းက မျှော်နေတာ"

မျှော်တယ်သာဆိုတယ်၊ မင်းမျက်လုံးတွေ ညှိုးလှပါတယ်ကွယ်။ တွေ့လို့တောင် မှ ပြုံးမပြနိုင်တော့တဲ့ မျှော်နည်းမျိုးနဲ့ မျှော်ခဲ့တာထင်ပါရဲ့။ ခုပြောလိုက်တဲ့ လေသံ ကလည်း ကိုယ်ကိုယ်တိုင်ပဲ နားထောင်ကြည့်စမ်းပါဦး။ စောစောက ကျသွားတဲ့ နှင်းတွေထက်တောင် အေးတိအေးစက်ကြီးဟု ဝမ်းထဲမှ ပြောလိုက်မိသည်။ နှုတ်ကမူ

mgyee.com

mgyoe.com

"သိပြီးပြီဆိုပါတော့"

နုညက်ညက် ပါးပြင်ထက်ရှိ သနပ်ခါးအစင်းလေးတွေက မို့တက်လာလေသည်။ မပီသသော အပြုံးတစ်ဝက်တစ်ပျက်။ ခေါင်းတစ်ချက် ညိတ်ပြ၏။

"မေမေတို့ လွင့်ကို စိတ်နာသွားကြပြီမဟုတ်လား မောင်"

စိုးရိမ်နေဟန်ရှိ၏။ စာထဲမှ အကြောင်းအရာတွေက နားဦ ဂယက်တစ်ဖန်ပြု လာ၏။ သူသိပြီးသားပါကလားဟု သိသည်။ သူ့ဖခင်သည် မနေ့က ပို့လိုက်သောစာ ကို သူမသိလျက် ရေးခဲ့သည်မဟုတ်ဟု ထပ်မံသိလိုက်ရ၏။ သူသဘောတူ၍ ရေးခဲ့ ခြင်းလား။ မည်သည့်နည်းဖြင့် ရေးခဲ့ခြင်း ဖြစ်ပါလိမ့်။ သူ ခေါင်းခါလေသည်။

"ဘယ်လို နားလည်ရမှန်းမသိအောင် ဖြစ်နေတာတော့ အမှန်ပဲလွင်"

ပြတင်းအပြင်သို့ ငေးကြည့်နေသည့် သူ့မျက်လုံးသည် ဝင်းအောင်ထံသို့ ပြန် ရောက်လာ၏။ မျက်တောင်တစ်ဖျတ်ခတ်ပြီး

"မောင်ကိုယ်တိုင်ကကော"

"ညက လွင်ရေးခဲ့တဲ့စာတွေအားလုံးကို ပြန်ဖတ်တယ်။ ပြောခဲ့သမျှ စကားတွေ ကိုလည်း ပြန်ပြီးစဉ်းစားခဲ့တယ်။ မောင် ယုံကြည်ရကျိုးနပ်မှာပါ"

ငွေ့ငွေ့မျှ ပြုံးလေသည်။

"သြော် မောင် အဲသလောက်တောင် စိတ်များသွားရတဲ့အထိ ဖြစ်ခဲ့ရတာကိုး"

"တွေးကြည့်ပေါ့လေ"

"တွေးယူရတဲ့အထိတောင် လွင်ကြိုးစားစရာမလိုပါဘူး။ အဲဒီစာကို ဖေဖေရေး နေတဲ့အချိန်မှာကတည်းက လွင်ကြိုပြီးနားလည်ပါတယ်"

"ဒါဖြင့်ရင် လွင့်ဖေဖေရေးတဲ့စာထဲက အကြောင်းတွေအားလုံး အမှန်ချည်းပဲ ပေါ့"

မဆိုစလောက် ဆတ်နေသောအသံဟု မေးပြီးမှ သတိရ၏။ နော်ဇာလွင့် အကြည့်က ညှိုးချုံးလှသည်။

"မောင် အထင်လွဲနေပါတယ်"

ဦးနှောက်တွေ တွေသွား၍လားမဆိုနိုင်။ သူ့ထင်မြင်ချက်ကို မငြင်းပယ်မိခဲ့။ ငြင်းပယ်စကားကို မည်သို့ဖြစ်စေ ပြောခဲ့သင့်သည်ဟု နောက်တစ်ခွန်းကြားရမှ သတိပြု မိသည်။

mgyoe.com

mgyoe.com


"ရှင်းပြမယ်ကွယ်"

ခဏရပ်ထားပြီး ဆင်နားရွက်တံခါးဘက်ဆီသို့ မျက်လုံးတစ်ချက် စွေကြည့်သည်။ ထို့နောက်

"လွတ်လပ်ရေးနေ့ ညစာစားပွဲက ပြန်လာတဲ့ညက လွင်တို့ကိစ္စကို မေးတယ်။ ဟုတ်တယ်လို့ လွင်ဖြေခဲ့တယ် မောင်။ ဒီတော့ သမီးကို ဖေဖေတို့ လူကြီးချင်း သဘောတူတဲ့လူနဲ့ ရည်စူးထားတယ်တဲ့။ ကိုစံဝင်းတို့သားနဲ့က ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးတဲ့။ လွင်က မေးလိုက်ပါသေးတယ်။ သူက ဗုဒ္ဓဘာသာဝင်ဖြစ်လို့လားလို့။ ဒီတော့ ခေါင်းခါတယ်။ နှစ်ခြင်း ဟုတ်ဟုတ် မဟုတ်ဟုတ်တဲ့။ အဖေ့အဖို့က ဘာသာရေးမှာ ဘာပြဿနာမှ မရှိဘူးတဲ့။ မေမေက သူ့အနေနဲ့ အစကတည်းကလည်း သဘောမတူဘူး။ ခုလည်း သဘောမတူဘူး။ နောင်လည်း သဘောမတူဘူးတဲ့။ အစက မောင်ဝင်းအောင်ကို ကိုစံဝင်းတို့သားမှန်း မသိခဲ့တာကလည်းတစ်ကြောင်း၊ လူငယ်တို့ဘာဝ စိတ်ကစားတာလောက်ပဲလို့ ထင်ခဲ့လို့တဲ့။ ခုတော့ မတားမဖြစ်လို့ တားရပြီတဲ့"

နားထဲတွင် ကြားဆဲစကားလုံးတွေ ပေါက်ကွဲလျက်ရှိ၏။ ဘာသာရေးက ပြဿနာမရှိဟု ဆိုသည်။ မတူသော ဘုရားနှစ်ဆူကို ကိုးကွယ်ကြသူများ ဖြစ်ငြားလည်း ကိုးကွယ်မှုအရ ပြဿနာမရှိဟု ဆို၏။ သူ့မိခင်က သူတို့နှစ်ဦး၏ မေတ္တာကို စိတ်ကစားခြင်း ဟူ၍ သတ်မှတ်ပြောဆိုခဲ့သည်။ လျှော့ပေါ့တွက်ဆလွန်းသည်ဟု ခံစားရ၏။

"ဖေဖေက ကိုစံဝင်းတို့ဆီကို စာရေးမယ်တဲ့။ မေမေက ခုပဲ ရေးလိုက်ပါလားလို့ ပြောတာနဲ့ ချက်ချင်းရေးတယ်လေ။ ပြီးတော့ လွင့်ကို ပြတယ်။ လွင် ဒါပဲသိတယ် မောင်"

ဝင်းအောင်က ဇက်ကြောတစ်ချက်နှစ်ချက် ချိုးသည်။ ကိုယ်ကို ခပ်စောင်းစောင်းထားပြီး ပြင်ထိုင်သည်။ နောက်မှီကို ကျော်ကာ လက်တင်ထားရင်း

"သူတို့သဘောတူတဲ့လူနဲ့ ပေးစားဖို့ စီစဉ်နေတယ်ဆိုတာကော အမှန်ပဲလား လွင်"

နော်ဇာလွင်က တွေနေ၏။ မျက်လုံးထောင့်ကို လက်သူကြွယ်အဖျားဖြင့် ဖွဖွ ပွတ်ကာ

"ခုထိ လွင် ဘာမှ မသိရသေးဘူး"

"လွင်က စာရေးခိုင်းတယ်ဆိုတာ မဟုတ်ပါဘူးနော်"

mgyoe.com

mgyoe.com


"မောင်က ဒီအဆင့်ထိ တွေးမိနေတယ် ဆိုရင်တော့ စိတ်မကောင်းစရာပဲ"

ဝင်းအောင်က ပျာပျာသလဲ လက်ကာသည်။

"မဟုတ်ပါဘူး လွင်"

"ပြောရတာ သိပ်ခက်တယ် မောင်ရယ်။ ပြောရတာ ခက်တယ်။ ခုပဲ ဖအေက ရေးတော့တစ်မျိုး၊ သမီးဖြစ်တဲ့သူကပြောတော့တစ်မျိုး။ ဖေဖေ့အဖို့ ဘယ်ကောင်းတော့မလဲ။ မထွေးနိုင် မမျိုနိုင်ဆိုတာ ခုမှအစစ်ပဲ"

ဝင်းအောင့်မျက်နှာသည် ကြည်လင်စပြုလာ၏။ ရင်ထဲမှာ ထိခိုက်ထားသော ဒဏ်ကြောင့် ပကတိအတိုင်းမူ မရှိသေး။

"မောင့်ကို သံယောဇဉ်ဖြတ်ဖို့ ကတိပေးလိုက်တယ်ဆိုတာကလည်း အမှန်မဟုတ်ဘူးပေါ့"

အဖြေမပေးသေး။ သူ့ကို ပြုံး၍ကြည့်သည်။

"မောင် ယုံသလား"

"ဟင့်အင်း မယုံလို့"

"မယုံသာ မယုံတယ်၊ မေးဖြစ်အောင်တော့ မေးလိုက်သေးတယ်"

ဝင်းအောင်က ခပ်တိုးတိုးရယ်မိသည်။ ယခုမှ သူ့ကိုယ်သူ သတိပြုမိလေသည်။ နှိပ်ကွပ်ထားခြင်း ခံရသော ရင်သည် သက်သာစပြုလာ၏။ ရှုပ်ပွ ပြန့်ကျဲခဲ့သော ဦးနှောက်သည် ပြန်လည်စုစည်းလာလေသည်။ ခန္ဓာကိုယ်၏ အပသို့ လွင့်နေသည့် အာရုံက တည်ငြိမ်လာလေ၏။

"ပြောရဦးမယ်။ ကော့သောင်းသွားတဲ့မိတ်ဆွေတစ်ယောက်ကို မှာလိုက်တဲ့ အိပ်ရာခင်းနဲ့ အိပ်ရာဖုံးရပြီ လွင်"

"ဟုတ်လား ဘယ်လောက်ပေးရလဲ"

"အိပ်ရာခင်းက ၆၅ ကျပ်၊ အိပ်ရာဖုံးက ၁၄၀"

နော်ဇာလွင့်မေးမြန်းသံကို စိတ်မတွေ့နိုင်သကဲ့သို့ ခံစားရချေ၏။ လေးလေးပင်ပင် မရှိဟု ထင်သည်။ ဆုတ်ဆိုင်းဆိုင်း အသံဟု မှတ်ချက်ချချင်သည်။ အိပ်ရေးပျက်ခဲ့သောကြောင့် အာရုံထွေနေ၍ ထင်မှတ်မိခြင်းလားဟု ကိုယ့်ကိုယ်ကိုယ်စစ်သည်။

"လွင် အိမ်ကိုတော့ အဆင်ပြေတဲ့နေ့ကျရင် လာဦးမယ် မဟုတ်လား"

ခေါင်းညိတ်သည်။

mgyoe.com

mgyoe.com


"မောင် ရှင်းပြလိုက်နော်။ ဖေဖေ့ကိုရော မေမေ့ကိုရော ပြောပြ။ ပိုပိုက ဘာပြောသေးလဲ။ နည်းနည်းတော့ ဒေါကန်သွားမလား မသိဘူး"

"မကန်ပါဘူး။ စာရတဲ့နေ့က အားလုံး စိတ်မကောင်းဖြစ်ကြတယ်။ ဖြစ်လည်း ဖြစ်စရာကိုး"

"ကိုကိုကော သိလား"

"သိတယ်။ မောင် ပြောပြလိုက်တယ်"

"ဘာပြောလဲ ဟင်"

"ဒါ အဘိုးကြီးနဲ့ အဘွားကြီးရဲ့ လှည့်ကွက်ပါလို့တော့ ပြောတယ်။ ညကတော့ သူမသိဘူးလေ။ မနက်က ၅ နာရီခွဲမှ ပြန်ရောက်လာတာ။ လွင့်ကို မကောင်း မပြောပါဘူး"

နော်ဇာလွင်က နှုတ်ခမ်းပြင်သည်။ ထိုအခိုက် လက်နှိပ်စက်စာရေး အမျိုးသမီး တစ်ဦးက ဝင်လာ၏။ ရိုက်ပြီးသားစာရွက်တွေကို လာပေးပြီး ပြန်ထွက်သွား၏။ ပတ္တာသံ ရပ်သွားပြီး အတန်ကြာအထိ ဝင်းအောင်က သူ့စကားကို စောင့်၏။ မကြား ရတော့မှ

"ဒီအခြေအနေနဲ့ဆိုရင်တော့ မောင်တို့ အစီအစဉ်ကို တစ်မျိုးတစ်မည် စီစဉ်သင့် စီစဉ်ရမယ် ထင်တယ်"

စားပွဲပေါ်တွင် တံတောင်နှစ်ဖက်တင်ကာ လက်ချောင်းချင်း ယှက်ထား၏။ တစ်ချက်တစ်ချက်တွင် နှုတ်ခမ်းကို လက်ခုံနှင့် ထိ၏။ မျက်လုံးက ဝင်းအောင့်ထံတွင် ငေးငေး။

"သိပ်မလိုတော့ဘူး။ ခုပဲ တပေါင်း။ ထားတော့လေ တစ်နှစ်။ ဒါအစက။ ခု အနေအထားအရဆိုရင် ဘာဖြစ်လာမယ် မသိသေးဘူး"

"မောင် ဘယ်လိုစီစဉ်ချင်လို့လဲ"

"တစ်ဖက်ရဲ့ အခြေအနေကို ကြည့်ရမှာပေါ့လွင်။ လေးငါးလအတွင်း ရတ် တရက် ကောက်ကာ ငင်ကာ လက်ထပ်ချင်လည်း လက်ထပ်ရမှာပေါ့။ ဒါမှမဟုတ် တစ်ပတ်နှစ်ပတ် တစ်လ နှစ်လအတွင်း ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ။ အခြေအနေက ပြောင်းလာပြီမဟုတ်လား"

"မောင် သိပ်ပြီး ပူပန်သောက မဖြစ်ဖို့က အရေးကြီးပါတယ်"

mgyoe.com

mgyoe.com


သူ မလုံမလဲ ပြုံးလိုက်၏။ သူ့ကို နော်ဇာလွင်က စေ့စေ့ကြည့်သည်။ ခပ်ထပ်ထပ်ဖြစ်သော သွားလေးတွေက ဖြူလဲ့နေ၏။ နှုတ်ခမ်းပေါ်က မွေးညင်းတွေ စိမ်းလျက်ရှိ၏။

"ချစ်သူနဲ့ ခွဲရမယ်ဆိုတဲ့အသံကို ကြားရတဲ့အခါ မတုန်လှုပ်တဲ့လူရယ်လို့ မရှိပါဘူး လွင်ရယ်"

"မောင်တစ်ယောက်တည်း မဟုတ်ပါဘူးကွယ်"

"ဒါကို နားလည်တယ်လေ။ ဒါပေမဲ့ ခုအခါမှာ လွင်က အဓိကဖြစ်လာပြီလေ။ လွင်ခေါင်းတစ်ချက်ညိတ်၊ တစ်ချက်ခါဟာ မောင့်အတွက် သေရေးရှင်ရေးပဲ။ အဆုံးအဖြတ်မှန်သမျှက လွင့်အပေါ်မှာပဲ မူတည်နေတယ်။ မဟုတ်ဘူးလားလို့"

နှစ်နှစ်ကာကာ ပြုံးသောအပြုံးကို ယခုမှ ပြန်လည်တွေ့မြင်ရ၏။

"လွင့်စကားတွေ အားလုံးကို မှတ်မိတယ်ဆို"

"မှတ်မိပါတယ်"

"ဒါနဲ့များ ဘာလို့ ဒါလောက်ပူပန်နေရလဲ မောင်ရာ"

"ဒါက ဒီလို..."

"ကတိလည်း ကုန်အောင်ပေးခဲ့ပြီးပြီ။ စကားလည်း ကုန်အောင် ပြောခဲ့ပြီးပြီ။ အဟုတ်ပဲလေ မောင် အသိ။ ထပ်ပြောစရာကို မကျန်တော့ဘူး"

သူ့စကားမဆုံးမီ နော်ဇာလွင်က ဝင်ပြောသည်။

"မနေ့ကလေ စာကို အဖေက ဖတ်ခိုင်းတာဗျ။ စိတ်ထဲလည်း တော်တော်ထိခိုက်တယ်။ အမှန်အတိုင်း ပြောရရင် သိပ်စိတ်ညစ်သွားတယ်။ သို့လော သို့လော ဖြစ်ရတယ်လေ။ ရှက်လည်း သိပ်ရှက်သွားတယ်"

"ညက အိပ်မက်ထဲမှာ လွင်နဲ့ ရန်တွေဖြစ်ရော ဆိုပါတော့"

"အိပ်ပျော်သွားရင်တော့ မက်ကောင်း မက်မလားပဲ"

နော်ဇာလွင်က ပင့်သက်တစ်ချက် ရှိုက်လိုက်၏။

"ဖြစ်မှဖြစ်ရလေကွယ်။ ထင်သားပဲ၊ မျက်တွင်းတွေကျနေပါတယ်လို့။ မော်တော်ကားများမှာ မိုင်ဘယ်လောက် မောင်းတယ်ဆိုတာကို ပြတာမျိုး လွင့်နဖူးမှာ ရှိစေချင်တယ်။ ဘယ်လောက် ချစ်တယ်ဆိုတာ မောင်တကယ် မသိတာပဲ"

"ဒါကို သိပါတယ်ကွာ။ ဒီလိုပါ မတော်တဆ သူတို့သဘောတူတဲ့လူနဲ့ အတင်းပေးစားတာတို့ ဘာတို့ ဆိုရင် ခွမကျပေဘူးလား။ စဉ်းစားကြည့်လေ"

mgyoe.com

mgyoe.com


"ရမလား မောင်ရယ် လွှင့်မှာ ခြေရှိတယ်၊ လက်ရှိတယ်လေ"

"တုပ်နှောင်ထားရင်ကော"

"မောင်လာဖြုတ်ပေးပေါ့"

ဝင်းအောင်က သဘောကျသဖြင့် အသံနိမ့်ပြီး ရယ်သည်။ နှင်းကြွင်းပင် ကုန်စင်ခဲ့၍ နေခြည်အလင်းက ဖြူလက်လာ၏။

✧ ✧ ✧

အမိုးဖြုတ်ထားသော ဂျစ်ကားကို အရှိန်ပြင်းပြင်းဖြင့် နောက်ပြန်ဆုတ်ပြီး မောင်းလာသည်။ တမာပင်အရိပ်အောက်သို့ အရောက်တွင် တုံ့ခနဲ ရပ်ပစ်လိုက်သည်။ ထို့နောက် စက်ရပ်လိုက်၏။ ခြံထဲသို့ဝင်လာခိုက် ကားနောက်ဆုတ်လာသောကြောင့် ဝင်းအောင်က ရပ်ပြီး စောင့်နေသည်။ အဖေက ကားပေါ်မှမဆင်းမီ လှမ်းပြောသည်။

"ကလပ် နည်းနည်းငြိနေတယ် ကိုမြင့်ထွန်း"

ဆီချေးတွေ အပြည့်စွန်းနေသော ဘောင်းဘီ၊ အင်္ကျီဝတ်ထားသူက ဂျစ်ကားဘေးတွင် ရပ်ရင်း

"ကျွန်တော် လုပ်လိုက်ပါ့မယ်"

အဖေက ခေါင်းတစ်ချက်ဆတ်ပြီး သူ့ဘက်သို့ လှည့်သည်။

"တွေ့ခဲ့လား"

ဝင်းအောင် အံ့အားသင့်သွားသည်။ အဖေ့ဦးခေါင်းထဲတွင် သူ့အကြောင်းက အချိန်ပြည့် ဝင်ရောက်နေပါကလား။

"ဟုတ်ကဲ့"

ကားပေါ်မှ အသာဆင်းကာ "အိမ်ပေါ်သွားရအောင်" ဟု သားဖြစ်သူကို ပြော၏။ အဖေ့ခြေလှမ်းတို့သည် သူ့ထက်မြန်နေ၏။ ဆီချေးပေကျံလျက်ရှိသည့် စွပ်ကျယ်လက်ပြတ်ကို သူလှမ်းကြည့်၏။ အလုပ်လုပ်ရာတွင်ဝတ်သော ဘောင်းဘီပွကို လက်သုတ်ကာ အိမ်ပေါ်သို့ တက်သွား၏။

"ကိုတင်မောင်လွင်တို့ လံကြုပ်လုပ်လိုက်တာမဟုတ်လား"

အဖေ့တွက်ကိန်းက မဆိုးလှ

"ဟုတ်တယ်အဖေ ဒါထက် ကိုကျော်နွယ်ရှိလားအဖေ"

mgyoe.com

mgyoe.com


"စောစောတုန်းကမှ အပြင်ထွက်သွားတယ်"

သူ့အသံကို ကြား၍ ဧည့်ခန်းဆီသို့ ခပ်သုတ်သုတ် ထွက်လာသောအမေက စူးစမ်းမျက်လုံးဖြင့် ကြည့်နေသည်။

❑

mgyoe.com

mgyoe.com

ကျွန်မ၏ မိခင်နို့ကို စို့သော
မောင်ရင်းကဲ့သို့ ဖြစ်စေချင်ပါ၏။
သို့ဖြစ်လျှင်
ကျွန်မသည်
ပြင်မှာတွေ့၍ နမ်းပါလိမ့်မည်။
သူတစ်ပါး မကဲ့ရဲ့ရ။

ရှောလမုန်သီချင်း၊ ၈း၁။

# ၇

မောင်ရေ

မောင်လာတွေ့တဲ့နေ့က ရုံးအလုပ်တွေ တစ်နေ့လုံးလုပ်လို့ မရဘူး။ အမှားမှား အယွင်းယွင်းတွေ ဖြစ်နေတယ်။ ပထမဦးစီး လက်မှတ်ထိုးရမယ့်နေရာမှာ လက်မှတ်တွေ ထိုးမိလိုထိုးမိနဲ့။ စိတ်က သိပ်လှုပ်ရှားနေလွန်းတယ်။ အထူးသဖြင့်က ပြန်ခါနီးမှာ မောင်မေးလိုက်တဲ့ မေးခွန်းပဲ။ ဖေဖေ့စာကို လွင်အစောကြီးက ကြိုသိလျက်ကနဲ့ တစ်လောတုန်းကတွေ့တော့ မောင့်ကို ဘာဖြစ်လို့ လွင် မပြောပြခဲ့တာလဲတဲ့။ မေးခွန်းက ရိုးရိုးပါပဲ။ မေးသင့်မေးထိုက်တဲ့ မေးခွန်းလို့ လွင်နားလည်ပါတယ်။

ပြောစရာတော့ ဖြစ်သွားတာပေါ့။ မောင့်ကို ထိမ်ချန်ထားရာ ကျသွားတယ်။ လွင်က ဖုံးကွယ်ထားမယ်လို့ တင်ကြိုကြံစည်ပြီး တွေ့တုန်းက မပြောခဲ့တာ မဟုတ်ဘူး မောင်။ ပြောရမှာ နှုတ်လေးခဲ့တယ်။ ဝမ်းသာစရာသတင်းစကားမှ မဟုတ်ဘဲလေ။ ဒါကြောင့် မပြောဖြစ်ခဲ့တာပါ။ ပြီးတော့ လွင့်ကိုယ်

mgyoe.com

mgyoe.com


လွင် ယုံတယ်။ ပြောပြီးသားစကားတွေကို လွင်မပြောင်းလဲပါ။ ပေးပြီးသား ကတိတွေကိုလည်း လွင်မဖျက်ပါ။ ဒီတော့ ပတ်ဝန်းကျင် အခြေအနေတွေ ဘာပဲပြောင်းပြောင်း ဘယ်လိုပဲဖြစ်ဖြစ် လွင့်အနေအထားကို လွင်အသိဆုံးပါ။ လွင်ဖြင့် ဘယ်လိုပဲ၊ ဘယ်လိုဖြစ်သွားလို့သာပဲ စတဲ့ ထင်ကြေးကိုက်စရာတွေ ပေါ်ချင် ပေါ်ပေစေလေ။ လွင့်ကိုယ်လွင် ယုံသလို မောင်လည်း ယုံပါလို့ ပြောချင်တယ်။

ဒီအတွင်းမှာကတော့ လာမယ့်ဆောင်းမှာ အတူတူနေကြမယ့် အစီအစဉ် အတွက် ဆောင်ရွက်စရာရှိတာတွေ ဆောင်ရွက်ထားကြရမယ်လေ။ မောင်က ပြောတယ်မဟုတ်လား။ ရုံးတက်ပြီး တိတ်တိတ်လက်မှတ်ထိုးထားရင် မကောင်း ဘူးလားတဲ့။ ဒီလောက်အထိ ပြဿနာက နေ့မီးညမီး ဖြစ်လာသေးတာ မဟုတ် လို့ မလိုသေးပါဘူးလို့ လွင်ပြောခဲ့တာပါ။ ဒါကို မောင်ကျေနပ်ချင်မှ ကျေနပ် မယ်လေ။ လွင့်ကို တစ်ယောက်ယောက်နဲ့ ပေးစားမယ်ဆိုတာကလည်း မောင် တို့ဆီ ရေးတဲ့စာထဲမှာသာ ရေးလိုက်တာပါ။ လွင့်ကို ဘာသံမှ မသလပ်ဘူး။ ဘာသဘောနဲ့ ရေးလိုက်တယ်ဆိုတာကတော့ ရှင်းပါတယ်။

မောင် လွင့်ကို စိတ်နာသွားအောင် ဖေဖေ ရည်ရွယ်ဟန် တူပါတယ်။ ပြီးတော့ မောင်တို့မိသားစုနဲ့ လွင်နဲ့ အဆက်အသွယ် ပြတ်သွားအောင်လည်း ရေးတာဖြစ်ပါလိမ့်မယ်။

ဝမ်းသာစရာတစ်ခုတော့ ရှိတာပေါ့လေ။ မောင့်မိသားစုက လွင့်အပေါ် နားလည်နိုင်တာကိုပါ။ မောင်ပြောသွားတယ်လေ။ နှမချင်းစာနာဆိုတဲ့စကား ရယ်၊ သမီးချင်းစာနာဆိုတဲ့စကားရယ်၊ ဖေဖေ့စာထဲမှာ ရေးလိုက်တာလေ။ ကြမ်းတမ်းလှတယ်လို့ပဲ မောင့်ဖေဖေက မှတ်ချက်ချတယ်ဆို။ တော်သေးတာ ပေါ့။ မီးခဲပြာဖုံး ဖြစ်နေတဲ့ဒေါသတွေ ပေါက်ကွဲလာမှာပဲလို့ အစက လွင်ထင် ခဲ့တာ။ အဲသလိုများ ဖြစ်လာရင် ပြဿနာက ဘယ်လောက်များ မီးတောက်ကြီး မလဲဆိုတာ မတွေးဝံ့ဘူး။ မောင့်ဖေဖေက ကိုင်း ဒီလောက် ဖြစ်လှတာ သူတို့ သမီးကကော ဘာမို့လို့လဲကွာဆိုပြီး တို့ကလည်း တို့သားနဲ့သဘောမတူဘူးလို့ စာပြန်ရေးလိုက်မယ်။ ဒါမှမဟုတ် လူကိုယ်တိုင်တွေ့ပြီး ပြောကြဆိုကြမယ် ဆိုရင်။ တော်သေးတာပေါ့။ မောင့်မိဘက ဘာမှ မတုံ့ပြန်ကြလို့။

mgyoe.com

mgyoe.com


ဖေဖေက သူရေးတဲ့စာကို လွင့်ဆီ ပေးဖတ်ပြီးကတည်းက စိတ်တော်တော် ထင့်နေခဲ့တယ်။ မောင် ဘယ်ရွှေ့ဘယ်မျှ ပူပန်တတ်တယ်ဆိုတာလည်း လွင် အသိ။ မောင့်မိသားစုက လွင့်ကို ဘယ်လောက် သံယောဇဉ် ရှိကြတယ်ဆိုတာ လည်း ပြောစရာကို မလိုဘူးလေ။ ဟုတ်တယ် မဟုတ်လား။ မောင့်မိဘဘက် ကများ လွင့်မိဘဘက်ကလို ဖြစ်လာခဲ့ရင် ဘယ်လိုနေမလဲဟင်။ မောင်တွေး ကြည့်စမ်း။ တစ်ဖက်ကို ဖြတ်ရတဲ့အဖြစ်က နှစ်ဖက်စလုံးကို ဖြတ်ရတဲ့အဖြစ်များ ကြုံရရင် အခက်အခဲတွေ ဘယ်လောက်ကြုံရမလဲ မသိဘူး။ စဉ်းစားကြည့်ရုံနဲ့ ရင်ထဲမှာ မောလာတယ်၊ ကျုပ်လာတယ်။

မောင် လွင့်ကို ချစ်ရတာ စိတ်မပျက်ဘူးလားကွယ်။

ချစ်လွန်းလို့ ဖွင့်မပြောရင်သာ နေရမှာပါ။ ချစ်သူတစ်ယောက်အနေနဲ့ စိတ်ချမ်းသာမှုဆိုတာ တစ်နှစ် နှစ်နှစ်လောက်က ကျန်ရစ်ခဲ့ပြီ မဟုတ်လား။ မောင် မေ့မှာ မဟုတ်ပါဘူး။ မေမေက မောင့်ကို ဒုတိယအကြိမ်တွေ့တုန်း ကလေ။ ပုဂံလမ်းက အိမ်မှာတုန်းက။ မောင့်မိဘနာမည်မေးပြီး ဦးစံဝင်းဆိုတာ သတင်းစာအယ်ဒီတာချုပ် ဦးစံဝင်းလားလို့ မေးတာရယ်။ မောင်က ဟုတ်ကဲ့ ဒေါ်ဒေါ်တို့ သိသလားလို့ ဖြေတာရယ်။ အဲဒီစကားအဆုံးမှာ မေမေ့မျက်နှာ ပျက်သွားတာရယ်။ ဘာမှဆက်မပြောတော့ဘဲနဲ့ ဧည့်ခန်းထဲက ထွက်သွား တာရယ်။ ပြီးတော့ လွင့်ကို အိမ်က ကောင်မလေးနဲ့ အခေါ်ခိုင်းလိုက်တာရယ်။ ဧည့်ခန်းထဲကို လွင်ပြန်ရောက်လာတော့ မောင် လွင့်ကို အကဲခတ်တာရယ်။ လွင်မျက်နှာမကောင်းတာရယ်။ မောင်ဒီတစ်သက်မှာ မေ့မယ် မထင်ပါဘူး။ ကြည့်ကောင်းအောင် 'မေမေ စကားပြောနေရင်း သွေးပေါင်တက်လာလို့ပါ' ဘာလို့ပါလို့ လွင်ညာခဲ့ရတယ်။ မောင်က လှစ်နေအောင် ပါးတဲ့လူပဲ။ ဣန္ဒြေ မပျက်အောင် လွင့်ကို ပြုံးတယ်။ နှုတ်ဆက်ပြီး ပြန်တဲ့အချိန်မှာ လွင့်ရင်ထဲ မခံစားဖူး ဝေဒနာကို စတင်ခံစားခဲ့ရတယ်။ နောက်နေ့လည်းကျရော လူကြီး ချင်း ရန်သူတော်ကြီးတွေကိုးလို့ မောင်ပြောတယ်လေ။ လွင် မညာနိုင်တော့ပါ ဘူးလေ။

တွေးကြည့်လေလေ ကြေကွဲရလေလေပဲကွယ်။

စိတ်ချမ်းမြေ့ရတဲ့ သူများချစ်သူတွေကို မြင်ရတဲ့အခါ စိတ်ပိုပြီး ထိခိုက် တယ် မောင်ရယ်။ မောင်မကြာခဏ ပြောပြောနေတဲ့ ဟုန်းနတ်ဆိုတာ ခုမှ

mgyoe.com

mgyoe.com


သဘောပေါက်သထက် ပေါက်လာတယ်။ အိမ်ထောင်ကိုဖျက်တဲ့ နတ်ဆိုးဆိုတာ ဘယ်နေရာကမဆို ဝင်ပူးကပ်တတ်ပါကလားကွယ်။

ဘုရားသခင် ထမ်းပိုးတင်တဲ့အရာကို လူတို့ မခွဲခွာစေနဲ့ဆိုတာ မေ့ကုန်ကြပြီနဲ့ တူပါရဲ့။

လူငယ်တွေရဲ့ အိမ်ထောင်ရေးကိစ္စမှာ လူကြီးတွေက ဘာလို့များ ဝင်ကြတာလဲ မသိဘူး။ မောင် ရယ်များရယ်မလား မသိဘူး။ တို့သားတွေ သမီးတွေကျရင် အဲသလို တို့ မလုပ်ဘူးနော်။ မသင့်လျော်တာက ဘာ၊ သင့်လျော်တာက ဘာ၊ အိမ်ထောင်ဖက်ရွေးတဲ့အခါ ဘာတွေ အဓိကအနေနဲ့ထားပြီး ရွေးချယ်ရမယ်ဆိုတာ ကြိုပြောထားမယ်။ ဂုဏ်ပကာသနအတွက် ကိုယ်ကို ရောင်းတာမျိုး မဖြစ်အောင် ပြောထားရမယ်။ ဆင်းရဲတာ၊ ချမ်းသာတာ ပဓာနမထားဖို့ ရော သင်ရမယ်။ ကိုယ့်အိမ်ထောင်ဖက်မှာ ရိုးသားမှု ရှိရမယ်။ သစ္စာရှိရမယ်။ စိတ်ကောင်း နှလုံးကောင်း ရှိရမယ်။ နားလည်မှု ထားနိုင်ရမယ်။ အိမ်ထောင်တစ်ခုအတွက် ရပ်တည်နိုင်အောင် ကြိုးစားနိုင်ရမယ်။ ဒါဆို ပြီးတာပဲ။ တို့နဲ့ တည့်တည့် မတည့်တည့်။ သေရာပါစေမယ့် စိတ်ဒဏ်ရာကို တို့ ဘယ်တော့မှ မဖန်တီးဘူးလို့ အရွယ်ရောက်တာနဲ့ ပြောပြထားရမယ်။ ဟုတ်တယ် မဟုတ်လားမောင်။

တို့ ခံစားရတဲ့အဖြစ်မျိုးကို တို့သားသမီးတွေလက်ထက်ကျရင် နည်းနည်းကလေးမှ မဖြစ်စေရဘူး။ လွင်စိတ်ကူးယဉ်လွန်းရာများ ဖြစ်နေပြီလား မောင်။ ပြောစမ်းပါဦး ချစ်ရယ်။

တစ်ခါတလေတော့လည်း မောင်နဲ့ ငါဟာ မောင်နှမအရင်းဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးမိတယ်။ ခုလိုလည်း ပူပန်မှုတွေ မဖြစ်ရတော့ဘူးလေ။ ကွေကွင်းရမှာကို တွေးလို့ ကြောင့်ကြရတဲ့ဘဝမျိုးလည်း ဘယ်မှာဖြစ်တော့ မလဲလို့။ ချစ်တယ်ဆိုတာ အံ့ဩစရာပဲလေ။ ရုပ်ဒြပ်တွေနဲ့ ပြသလို့ မရတာကို အားမရဘူးကွယ်။

မောင့်စကားနဲ့ သုံးရရင်တော့ အချစ်ဆိုတာကို ကိုယ်စိတ်နှလုံးသုံးပါးစလုံးနဲ့ ကိုယ်စားပြုပြီး သက်သေထူမှ ပေါ်လွင်တယ်ပေါ့။ ဟုတ်လား။ ချစ်တဲ့အမူအရာ၊ ချစ်တဲ့စကားတွေ၊ ချစ်ရာကျတဲ့အပြုအမူတွေနဲ့မှ ဖော်ပြလို့ရတယ်လို့ လွင်လည်း ယုံပါတယ်။

mgyoe.com

mgyoe.com


သေသေချာချာ စဉ်းစားကြည့်တော့လည်း တစ်ဘဝဆိုတာ ခဏကလေး ပါကွယ်။ သေတပန်သက်ဆုံး ဆိုတာ ထားပါတော့လေ။ နောင်အနှစ် ၅၀၊ ၆၀။ နှစ်ယောက်နဲ့စတဲ့အိမ်ထောင်မှာ သားတွေ သမီးတွေ များများလာ။ ဒီအခါ နှစ်ယောက်ချင်း အေးအေးလူလူ မျက်နှာချင်းဆိုင်ရမယ့် အချိန်က တစ်နေ့မှာ မိနစ်ပိုင်းလောက်ပါ။ သားသမီးတာဝန်တွေ၊ ဆွေမျိုးမိတ် သင်္ဂဟ တာဝန်တွေ၊ လူတွေနဲ့ပတ်သက်တဲ့တာဝန်တွေ။ ဘယ်မှာလဲ ကိုယ်ပိုင်အချိန်။ လွင် တွက်ကြည့်တယ်။ နှစ်ဦးယှယှမှုဆိုတာ အချိန်ရှားပါးလိုက်တဲ့ ဖြစ်ခြင်း။ ဒီလောက်နည်းပါး တိုတောင်းတဲ့အချိန်တွေကို ကြည့်ရင်းကြည့်ရင်းနဲ့ မလွဲမရှောင်သာတဲ့ သေခွဲနဲ့ ခွဲရဦးမယ်။ အဲဒီလိုဘဝကို ရတောင် မရလိုက်ဘဲနဲ့ နှစ်ယောက်မပေါင်းခင် ခွဲရမယ်ဆိုရင်ဖြင့် စိတ်ဆင်းရဲစရာကောင်းလိုက်တာလို့။

မပြောပလောက်တဲ့ တစ်ဘဝစာ ကာလမှာ ရင်ကွဲနာကျလို့ ဘဝဆက်ရမယ် ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ခု နောက်ပိုင်းမှာ အဲဒီအတွေးက ပိုပြီးတော့ ခိုင်လာတယ် မောင်ရေ့။ နေရတာ ကျဉ်းကျပ်လေလေ အဲဒီအတွေးက ပိုလို့ ခိုင်မာလာလေလေပါပဲ။

စိတ်ညစ်မသွားနဲ့နော်။

လှောင်ချိုင့်ထဲက ငှက်ငယ်ကလေးတဲ့။ မောင်နှိုင်းဖူးတဲ့ ငှက်ငယ်ကလေးက လှောင်ချိုင့်ကို ဖျက်ပြီး မောင့်ဆီကို ပျံလာမှာပါ။ ဒါပေမဲ့ ခုအခါမှာတော့ အသက်ရှူရတာတောင် မဝချင်သလောက်ပါပဲ။ တခြားမကြည့်နဲ့လေ။ ရုံးကို မောင် သိပ်မလာနဲ့လို့ လွင် တားရတဲ့အထိပဲလေ။

ခုရက်ပိုင်းအတွင်းမှာတော့ ထိုးစစ်ဒဏ်ကို အလူးအလိမ့် ခံနေရတယ် ဆိုပါတော့။ ဖေဖေက မေးခိုင်းလို့ ထင်တာပဲ။ မေမေက မေးတယ်။

"ကိုစံဝင်းတို့ဆီက ဘာစာမှလည်း အကြောင်းမပြန်ပါလား"တဲ့။

"ပြန်စရာမလိုအောင် ရေးလိုက်တာပဲ။ ဒါကြောင့် စာမပြန်တာ ဖြစ်မှာပေါ့"လို့ လွင် ဖြေလိုက်တယ်။

"ဝင်းအောင် လာမတွေ့ဘူးလား"တဲ့။

"သမီးကို စိတ်နာသွားလို့ ဖြစ်မှာပေါ့"လို့ ဖြေခဲ့တယ်။ ယုံတဲ့လက္ခဏာတော့ မတွေ့ရဘူး။ မေမေက လွင့်ကို သမီးလို့ပဲ ခေါ်တယ်၊ ပြောတယ်။

mgyoe.com

mgyoe.com


ဒါပေမဲ့ ခုတော့ 'ညည်း'တဲ့။

"ညည်းအဖေစိတ်ကို ညည်းသိတယ်နော်" တဲ့။ ခြိမ်းခြောက်တာလေ။ လွင်က "သိပါတယ်။ မေမေတို့စိတ်မချမ်းသာအောင် မလုပ်ပါဘူး"လို့ ပြော လိုက်တယ်။ ဒီတော့ ခပ်စူစူမျက်နှာနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး "စောင့် ကြည့်ရသေးတာပေါ့လေ"တဲ့။

ဖေဖေကတော့ အနုနည်း မောင်ရဲ့။ ချော့တယ်။ ဟိုလူ့အကြောင်း ဒီလူ့ အကြောင်း စကားစပ်ရင်း အိမ်ထောင်ရေးတရားတွေ ဟောတော့တာပဲ။ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် အိမ်ထောင်ပြုတာ ဟာတဲ့ နှစ်ယောက်လက်ထပ်တာသက်သက် မဟုတ်ဘူးတဲ့။ နှစ်ဖက်အသိုင်း အဝိုင်း အဆက်အစပ်ပြုတာလည်း ဖြစ်တယ်တဲ့။ သိတယ်မဟုတ်လား၊ စောင်း ပြောတာလေ။

အချစ်ဆိုတာဟာလည်း အသက်လိုပဲတဲ့။ မသေသရွေ့ ရှင်သန်နေတာပါပဲ တဲ့။ ကိုကို့အမေ ကွယ်လွန်သွားတဲ့အချိန်မှာ အချစ်ဆိုတာ ကွယ်လွန်သွားတဲ့ သူနဲ့အတူ တစ်ပါတည်း မြေမြှုပ်ခြင်း ခံလိုက်ရတယ်လို့ ထင်ခဲ့သတဲ့။ ခု သမီးမေမေကို တွေ့တဲ့အခါကျတော့ အချစ်ဆိုတာ သေလွန်သွားခြင်း မရှိပါ လားလို့ သူသိသတဲ့။ လွင်က ရယ်သလို မောသလိုနဲ့ တစ်ခွန်းမေးလိုက်တယ်။ ဒါဖြင့် မေမေသေသွားပြီဆိုရင်ကော နောက်တစ်ယောက်တွေ့ရင် ဒီလိုပဲနေမှာ လားလို့။ ဖေဖေက ခေါင်းကို လှမ်းပုတ်ပြီး အိမ်ထဲကို လှမ်းကြည့်တယ်။ နိမိတ်မရှိ နမာမရှိ ပြောရသလားတဲ့။ ဒါ စကားပမာ ပြောတာတဲ့။ မေမေ ကြားသွားမှာ ကြောက်လို့နဲ့ တူပါရဲ့။ လွင်က ဘာမှသာ ပြန်မပြောလိုက်တာ။ ဖေဖေနဲ့ သဘောထားချင်း မတူပါဘူး။ ဒါ အချစ်မှ မဟုတ်ပဲ။ မိန်းမနဲ့ ယောကျ်ား သဘောတူ အတူတကွ နေကြတဲ့ကိစ္စပဲ။

အချစ်ဆိုတာ နေရေးထိုင်ရေးလောက် ကြီးကျယ်အရေးပါတဲ့ကိစ္စ မဟုတ် ပါဘူးတဲ့။ ဆက်ပြောသေးတယ်။ ဒီတစ်ယောက်နဲ့မှ အတူမနေရရင် မဖြစ်တော့ ဘူးလိုလို၊ ဘဝအဓိပ္ပာယ် မရှိတော့ဘူးလိုလို ငယ်တဲ့အခါမှာ ထင်တတ်တယ်တဲ့။ ဒါတွေဟာ အချိန်လွန်လာတာနဲ့အမျှ မေ့ပျောက်သွားတာပါပဲတဲ့။ ဖေဖေ ပြော တာတွေကို လွင်တော့ တစ်လုံးမှ သဘောမတူဘူး။ ယုံလည်း မယုံဘူး။

mgyoe.com

mgyoe.com


သိလား။ လွင့်ကို အဲဒါတွေ ပြောပြီးတော့

"သမီးကို ဖေဖေ ဘယ်လောက်ချစ်တယ်ဆိုတာ သိလား"တဲ့။ လွင်က ခေါင်းညိတ်လိုက်ပါတယ်။ "ဖေဖေ့စကားကို နားမထောင်ရင်တော့ ဒီတစ်သက်မှာ ဖေဖေနဲ့ မျက်နှာချင်းဆိုင်ဖို့ဆိုတာ ဝေးပြီမှတ်"တဲ့။

ဒါလောက်ပဲ ရေးပြချင်တယ်။

မောင့်ကို အသိပေးနေတာတွေနော်။

တွေ့ချင်တယ်။ တွေ့မှ စကားတွေ အများကြီးပြောရအောင်။ စာကိုလည်း အရှည်ကြီးရေးမလို့။ မောင်က လေးငါးဆယ်မျက်နှာလောက် ဖတ်ရတာ အားမရဘူးဆိုလို့။ ဒီစာကို ရေးရတာလည်း မလွယ်ဘူး။ မေမေတို့ အိပ်မောကျမှ အသာထရေးရတာ။ စာကို မနက်ကျရင် ဘယ်လိုပို့ရမယ် မတွေးတတ်သေးဘူး။ ခါတိုင်းလို ပိုပိုက ကျူရှင်တက်ရင်လည်း အကောင်းသား။ ကျောင်းပိတ်ထားတော့ ခက်နေတယ်။ ဈေးသွားဝယ်ရင်းနဲ့ ကားဆရာဦးလေးကြီးကို ပို့ခိုင်းရကောင်းမလား မသိဘူး။ ရုံးကိုလာတာလည်း သတိထား မောင်ရေ့။ ဖေဖေ့တပည့်တွေ ရှိတယ်။ တယ်လီဖုန်းပြောရင်တောင် နားစွင့်တဲ့အမူအရာတွေ တွေ့ရတယ်လို့ ပြောပြီးပါပကော။ ခြေလှုပ်လက်လှုပ် စောင့်ကြည့်နေကြတယ်။

ဒါထက် ဆောင်းအဝင်ဟာ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်က စတာနော်။ စုတဲ့ပစ္စည်းတွေထဲမှာ လွင့်ဖို့ချည်း မစုနဲ့ဦး ချစ်ရဲ့။

စာတော့ ပြန်ဦးကွယ်။ မောင့်လက်ရေးက အလွမ်းပြေပေါ့။

ထာဝရမခွဲတဲ့ မောင့်ရဲ့
**လွင်**

❑

mgyoe.com

mgyoe.com

သင်၏အရပ်သည်
စွန်ပလွံပင်ကဲ့သို့ဖြစ်၍
သင်၏ ရင်သားတို့လည်း
စွန်ပလွံသီးပြွတ်နှင့် တူကြ၏။
စွန်ပလွံပင်ကို ငါတက်မည်။
အကိုင်းအခက်တို့ကို ကိုင်မည်။

၈

ရှောလမုန်သီချင်း၊ ၇း၇-၈။

နားလည်ရအခက်ဆုံးမှာ လူအကြောင်းပင် ဖြစ်ပေလိမ့်မည်။ အတတ်ပညာအားဖြင့် အမြင့်မားဆုံး၊ အရှုပ်ထွေးဆုံး ဘာသာရပ်တစ်ခုခုကို သင်၍ရချိမ့်မည်။ ကျက်မှတ် လေ့ကျင့်၍ ရချိမ့်မည်။ နည်းဗေဒလည်း ရှိသည်။ ပုံသေလည်း ရှိသည်။ လူအကြောင်းကို နားလည်ရန် ပုံသေမရှိ၊ ကိန်းမရှိ၊ နည်းဗေဒက ယတိပြတ်မရှိ။ နားလည်အောင် ကြိုးစားရသော အလုပ်မှာ မလွယ်ကူလှပါတကားဟု တစ်စတစ်စ သိလာသည်။ စိတ်ရှည်ရှည်ထားရခြင်း၊ ကိုယ့်အလိုဆန္ဒတွေကို မျိုသိပ်ရခြင်းတို့သည် ကြိုးစားမှု၏ အစအဦး။ စိတ်ပင်ပန်းရသည်နှင့် ပတ်သက်၍ သူညည်းသည်။ ထိုအခါ ကျော်နွယ်က ရယ်ပြီး ပြော၏။

"ဘဝမှာ ဒါအစပဲရှိသေးတယ် ဝင်းအောင်။ စိတ်ညစ်စရာလို့ လူတွေခေါ်တဲ့ဟာတွေ အများကြီး ကျန်သေးတယ် မှတ်ထား"

ဝင်းအောင်က အစဉ်းစားရခက်သော အကြည့်ဖြင့် ပြန်ကြည့်သည်။

"အဖြူဆိုလည်း ဖြူ၊ အမည်းဆိုလည်း မည်း၊ ဒါမျိုးပဲ ကျွန်တော် ကြိုက်တယ်

mgyoe.com

mgyoe.com


ဗျ။ ဖြုမလိုလို မည်းမလိုလိုနဲ့ ဘာတွေမှန်းမသိတာ အများကြီး။ အပြတ်ရှင်းလို့ မရတာတွေ လောကကြီးမှာ တယ်ပြီးများပါလားလို့ သိလာတယ်"

"မင်းက ကျောင်းသားစိတ်နဲ့ တွေးတာကိုးကွ။ အပြစ်တော့ မတင်ပါဘူးကွာ။ ဘာဖြစ်လို့ဆို တစ်ချိန်က ငါလည်း အဲသလို တွေးခဲ့တာပဲ။ အဖေနဲ့ ပတ်သက်လို့။ ဆိုပါတော့ကွာ အဖေ၊ အမေဆိုတာ သားသမီးအတွက်က အားကိုးအားထားစရာ။ မြေပြိုရင်ပြိုမယ်၊ မိုးပြိုရင် ပြိုမယ်ပေါ့။ သားသမီးကို ချစ်တဲ့အချစ်ဟာ ဘယ်တော့မှ မပြိုဘူးပေါ့။ တကယ်တမ်းတော့ အဲသလို ဟုတ်ချင်မှ ဟုတ်မယ်။ ငါ့အဖေကို ကြည့်။ အမေလည်း သေရော ငါ့ကို ဘာမှမတော်တဲ့ သတ္တဝါတစ်ကောင်လို သဘောထားတော့တာပဲ။ မုန့်ဖိုးကို ပိုမပေးတဲ့အပြင် လျှော့ပစ်တယ်။ အဝတ်အစားဆိုလည်း ချုပ်မပေးချင်တော့ဘူး။ ကုန်တယ် ကျတယ် ပြောရော။ အမေရှိတုန်းက ရတဲ့အခွင့်အရေးရဲ့ ဆယ်ပုံတစ်ပုံတောင် မရဘူး။ အားအားရှိ ဆူဟယ် ငေါက်ဟယ်နဲ့။ အမေရှိတုန်းကလို ချိုချိုသာသာ မဟုတ်ဘူး။ ငါ့အဒေါ်တစ်ယောက်ကို သွားပြီး မေးတောင် မေးမိတယ်။ ကျွန်တော်ဟာ မယားပါသားများလားလို့။ ဒေါ်ခင်ဝေနဲ့ ယူခါစတော့ တစ်လ နှစ်လ ငါ့အပေါ် အရင်ကလိုလိုကွ။ ကြာလည်း ကြာရော နောက်ထပ် ၁၀ ဆသာပြီး ဆိုးလာတယ်။ ဒီအထဲ ဒေါ်ခင်ဝေက သူတို့ချင်း ကြိုက်လို့ယူတာ မဟုတ်ဘူးကွ။ ဒေါ်ခင်ဝေ့ မိဘတွေက ပေးစားလို့။ ဒီတော့ အသက်ကလည်း သိပ်ကွာဆိုတော့ အဖေက မိန်းမကို သိပ်ဂရုစိုက်ရတာပေါ့။ နောက်တော့ ပြဿနာတစ်ခုမှာ ဒေါ်ခင်ဝေက ငါ့ကို အချဉ်ပေါက်ပြီးတော့ အဘိုးကြီးနဲ့ ရန်တိုက်။ လိမ့်နေအောင် ခံရတာပေါ့ကွာ"

ကျော်နွယ်က ရှေးဟောင်းနှောင်းဖြစ်တစ်ခုကို ပေါ့ပေါ့တန်တန် သဘောထားပြီး ပြောပုံမျိုးဖြင့် ပြန်လည်ပြောပြသည်။

"အားကိုးစရာဆိုလို့ ဖအေတစ်ယောက်ပဲရှိတာ။ ဒီဖအေကပါ ကိုယ့်ဘက်မှာမရှိဘူးဆိုတော့ တွေးသာကြည့်တော့ကွာ"

"ကိုကြီးကျော်နေရာမှာ ကျွန်တော်သာရှိရင် ရင်တွေကွဲထွက်ကုန်မလား မသိဘူး။ ဦးနှောက်တွေ ကျွမ်းသွားမှာ သေချာတယ်"

နှုတ်ခမ်းတစ်ဖက် တွန့်သောအပြုံးကို ကျော်နွယ့်တွင် တွေ့ရ၏။

"ငါ ဘယ်လိုလူစားဆိုတာကိုတော့ ဒေါ်ခင်ဝေ ကောင်းကောင်းသိပါတယ်ကွာ။ သူ စိတ်ကောင်းမရှိသလို ငါစိတ်ကောင်းမရှိခဲ့ရင် မိလွင် ခြောက်နှစ်သမီးကတည်းက

mgyoe.com

အဲဒီအိမ်ထောင် ပြိုကွဲသွားခဲ့ပြီ။ လူတွေအကြောင်းတော့ နည်းနည်း နားလည်ခဲ့တယ် ဆိုပါတော့ ဝင်းအောင်ရာ။ မှန်တဲ့အတိုင်း ပြောမယ်၊ နေမယ်ဆိုတာ တစ်ခါတလေ မဖြစ်ဘူး။ အပြစ်မရှိတဲ့လူက ရောမတရားခံကြီး ဖြစ်ချင်ဖြစ်တာမျိုးလည်း ရှိရဲ့။ ကိုယ်က မှန်နေတာပဲ အပြတ်ချဲမယ် ဘာညာဆိုတာ စကားအရ ပြောလို့တော့ ဖြစ်တာ ပဲ။ လက်တွေ့မှာတော့ မလွယ်ဘူးကွ။ လူ့စိတ်ဆိုတာ တည်ကြည်ခဲတယ် ဝင်းအောင်။ တည်ကြည်တဲ့လူဟာ လူတော်ပေါ့။ ဘာကိုမှ တစ်သမတ်တည်း သတ်မှတ်မရတာ ကတော့ ငါ့ကိုယ်တွေ့"

ဝင်းအောင်က သူ့ စိတ်ရောက်ရာကို ပြောလိုက်၏။

"ကျွန်တော် တစ်ချက်ပူတာရှိတယ်"

"ဆိုပါဦး"

"ကိုကြီးကျော် အဘိုးကြီးဆီက စာကိစ္စလေ။ ဒီဘက်က ယမ်းပုံမီးကျဖြစ်ပြီလို့ တွက်တာ။ ဘာမှမဖြစ်ဘူးဗျာ။ ဒီက အဘိုးကြီးအကြောင်းလည်း ကိုကြီးကျော် သိသား ပဲ။ ဟောဟောဒိုင်းဒိုင်းကြီး။ ခုကိစ္စကျတော့ ကျောက်တုံးကို ကြိုးချည်ထားသလား အောက်မေ့ရတယ်။ ဒီကိစ္စမှာ သူတို့ကို မတိုင်ပင်ဘဲနဲ့ ဘာမှမလုပ်ရဘူးတဲ့။ စကား တစ်ခွန်း၊ စာတစ်လုံးကို ရေးတာကအစ သူတို့မသိဘဲ မရေးရ၊ မပြောရဘူးတဲ့"

"ပြဿနာ ကြီးသထက် ကြီးလာမှာ စိုးလို့နဲ့ တူပါတယ်။ ရှင်းရှင်းပြောရရင် ဒီကိစ္စမှာ ငါက ဘေးလူလိုပဲ နေချင်တယ်။ မိလွင်နဲ့ ငါတွေ့တုန်းကလည်း ဒီစကားပဲ ပြောခဲ့တယ်။ တစ်ခုတော့ ရှိတယ်လေ။ မင်းတို့နှစ်ယောက် စိတ်ချမ်းသာမယ်ဆိုရင် ပြော။ ငါဘာလုပ်ပေးရ လုပ်ပေးရ ဟုတ်လား။ မနေ့ည ထမင်းဝိုင်းမှာတုန်းက ဦးလေးနဲ့ အဒေါ်ကို ငါပြောခဲ့သလိုပေါ့။ ငါ ဒီအိမ်မှာနေတာ အိမ်သားတစ်ယောက်လို နေတာပဲ။ ဒီအိမ်သားရဲ့ ကိစ္စဟာလည်း ငါ့ကိစ္စပေါ့။ မိလွင်ကို ငါ့နှမတစ်ယောက်လို့ မတွေးနဲ့။ ခဏမေ့ထား။ မင့်အဘိုးကြီးကို ငါတစ်ချက် ချီးကျူးတယ်"

ဝင်းအောင် သဘောမပေါက်။ ထို့ကြောင့်

"ဘာနဲ့ပတ်သက်လို့လဲ ကိုကြီးကျော်"

"ငါ့အဘိုးကြီးဆီ ပြန်စာမရေးတာလေ"

"ဘာဖြစ်လို့လဲ"

"ဦးလေး ဦးစံဝင်းက စိတ်နည်းနည်းဆတ်တယ် မဟုတ်လား။ ပြန်စာထဲမှာ ကျုပ်တို့က သမီးချင်း မစာနာလို့ ခင်ဗျားသမီးကို ကျုပ်သားနဲ့ ကျုပ်တို့က အတင်း

mgyoe.com

mgyoe.com


လွှတ်ပေးလိုက်တာလား။ သူတို့ချင်း ကြိုက်နေတာကို ကျုပ်တို့က ဘာဖြစ်လို့ ညာဖြစ်လို့ ရေးမယ်လို့ ငါ့အဘိုးကြီးက မျှော်လင့်ထားပုံရတယ်ကွ။ ဒါ မိလွင်ဆီက ကြားရတဲ့ စကားနဲ့ ဆက်စပ်ပြီး တွေးကြည့်ရတာ။ အဲသလိုရေးရင် စာချင်းအပြန်အလှန် ရေးကြမယ်။ အလွန်အကျွံတွေ ရေးကြ၊ ပြောကြမယ့် အဆင့်ရောက်မယ်။ သူ့စိတ်ထဲ ကသိကအောက်ဖြစ်နေတာက မိလွင်နဲ့ မင်းမိသားစု အကျွမ်းတဝင် ဖြစ်နေတာကို။ ဒီတော့ ဒီအခြေအနေ ပျက်ပြားသွားအောင် စပြီး စာရေးလိုက်တာ"

ဝင်းအောင်က ခေါင်းညိတ်နေရင်း

"အင်း အင်း ပြဿနာကို ချွန်ပေးလိုက်တာ။ နှစ်ဖက်လူကြီး သဘောမတူရင် ကျွန်တော်တို့ ပိုပြီး အခက်တွေ့အောင်ပေါ့။ ဟုတ်လား"

ကျော်နွယ် ခေါင်းညိတ်သည်။

"တစ်နည်းတော့လည်း ဦးလေးတို့၊ အဒေါ်တို့က မိလွင်ကို ငြိုငြင်လာအောင် အတို့အထောင် လုပ်ပေးလိုက်တာပေါ့။ ငါက ဦးလေးကို မေးတယ်လေ။ ပြန်စာရေးဦးမလားလို့။ ဦးလေးက ပြုံးပြီး ခေါင်းခါတယ်ကွ။ ငါလည်း ပါးပါတယ်ကွာတဲ့။ ရေးစရာ မလိုပါဘူးတဲ့။ ကောင်မလေး စိတ်မကောင်းဖြစ်သွားမှာပေါ့ တဲ့"

တွေးစရာတွေ အပြည့်အသိပ်ရှိနေသည်။ မသိနိုင်သော အင်အားကြီးတစ်ခုက လှမ်း၍ တွန်းထားသကဲ့သို့ ခံစားရသည်။ စိတ်နှလုံး နောက်ကျုလှချေသည်။ ချစ်စခင်စက ထိုအခက်အခဲတွေကို ရေးရေးမျှ တွေးပင် မတွေးမိခဲ့။ ညစ်မျိုးငါးသွယ် ကင်းပယ်သန့်စင်သော ကောင်းကင်ပြင်သဖွယ် ကြည်လင်ချမ်းမြေ့ခဲ့လေသည်။

"မိလွင်ကို ငါပြောလိုက်ပါတယ်။ ဝင်းအောင်ကတော့ ပစ္စည်း ပစ္စယတွေ စုနေလေရဲ့လို့။ ငါ့ကို အစ်ကိုဆိုပြီး ရှက်နေတယ်နဲ့ တူပါတယ်။ နင့်သဘောက ဘယ်လိုလဲ လို့ မေးတော့ ပြောတယ်ကွ။ ကိုဝင်းအောင် သိပါတယ်တဲ့။ မင်းကို ပြောပြီးပြီဆို"

ဝင်းအောင်က ခေါင်းညိတ်ပြသည်။

"အဘိုးကြီးက ငါနဲ့ စကားပြောစရာရှိလို့ မှာတယ်တဲ့"

"သွားတွေ့လိုက်ပါလား။ ပြောစရာကို သိရတာပေါ့"

"ကြောင်းတူသံကွဲစကားတွေ ကြားရမှာပါ။ စိတ်ညစ်တယ်"

ကျော်နွယ်က စိတ်ပျက်သံဖြင့် စကားပိတ်သည်။ ထို့နောက် စားပွဲအံဆွဲကို လက်ဝါးဖြင့် ဖွဖွလှမ်းရိုက်ကာ

mgyoe.com

mgyoe.com


"ငါ့ကားရောင်းလို့ ရထားတဲ့ငွေတွေ ဒီထဲမှာရှိတယ်။ မင်း ယူသုံးပေါ့။ ဒီ တစ်ပတ်လည်း တင်ထားတဲ့ လေးကားစလုံး ရောင်းရရင် ပိုက်ဆံထပ်ရဦးမှာပါ။ မင်း ဝက်ပြတ်နေတယ် မဟုတ်လား"

✧ ✧ ✧

အနက်ဆုံးညဉ့်ကို လွန်လာပေပြီ။

မိုးပုရစ်သံကို မကြာခဏ ကြားရ၏။ ပတ်ဝန်းကျင်၌ သွားလာလှုပ်ရှားသံတို့ စိုးစဉ်းမျှ မရှိ။ ခြံနီးချုပ်စပ်တွင် သစ်ပင်တွေပင် အိပ်မောကျနေပြီဟု မှတ်ရ၏။ ခြံတစ်ခု လုံးသည် ငြိမ်သက်ခြင်းကြီးစွာဖြင့် ငြိမ်သက်လျက်ရှိလေသည်။ ပုရစ်မြည်သံရပ်သွား သောအခါ နှစ်ယောက်စလုံး၏အသက်ရှူသံကို နားမစွင့်လျက်နှင့် ကြားနိုင်သည်။

"ကိုယ်စိတ်နှလုံး သုံးပါးစလုံးနဲ့မှ အချစ်ကို သက်သေထူနိုင်တယ်ဆို"

"ဘာဖြစ်လို့လဲလွင်"

"မောင်ပြောနေကျ စကားလေ"

"ဟုတ်တယ်လေ လွင်။ လွင် ဘာပြောချင်လို့လဲလို့"

"ပြောစရာ လွင့်မှာ ကျန်သေးလားကွယ်။ သုံးပါးစလုံးနဲ့ သက်သေထူခဲ့ပြီပဲ အချစ်ရယ်။ အချစ် တို့ကို ယုံပြီလားဟင်"

ပူနွေးလှုပ်ရှားသွားစေသော အမေး။ ပန်းအိချုံထဲတွင် လကလေးတစ်စင်း လောက် ခဏဖြစ်ဖြစ် သာစေချင်သည်။ ဝိုးတဝါးမြင်နေရသော မျက်နှာကို ပီပီထင်ထင် မြင်ချင်လှသည်။

"မောင် လူဆိုးကလေးများ ဖြစ်သွားပြီလား ဟင်"

နုထွေးသော သူ့လက်ချောင်းတွေက ဝင်းအောင့် ပခုံးပေါ်သို့ ရောက်လာ၏။

"မဖြစ်ပါဘူး မောင်ရယ်။ လွင့်ကို မောင် နားလည်နော်"

"ခုလို ဘဝမျိုးရောက်ပြီးမှ ခွဲရမယ်ဆိုရင်"

သူ့နှုတ်ခမ်းကို လက်ဖဝါးက လာထိသည်။ မပြောစေလိုသောသဘော။

"ပြောစရာမလိုတော့တဲ့ စကားတွေပါ"

"ဝမ်းသာပါတယ်။ ပြီးတော့ ကျေးဇူးလည်း တင်ပါတယ်"

တစ်ခုခုမေးတော့မည် ထင်၏။ အတိုးဆုံးရယ်သံသဲ့သဲ့ကို ဦးစွာ ကြား၏။

mgyoe.com

mgyoe.com


"ဘယ်တွက်လဲ ဟင်"

ဝင်းအောင်က ပခုံးကို အသာဖက်လိုက်၏။ သူ့ဘက်သို့ အလိုက်သင့်ပါလာ၏။ လက်မောင်းကို ဖြည်းဖြည်းဖျစ်သည်။ နော်ဇာလွင့်ဆံပင်တွေက ပါးနှစ်ခုအကြားတွင် ခြားလျက်ရှိ၏။ ဝင်းအောင့်ပခုံးပေါ်တွင် ခေါင်းကို ငဲ့မှီပြီးထား၏။

"ချစ်သူလို ချစ်ရတဲ့အချစ်ထက် ပိုပြီး လေးနက်လာတယ်လို့ မောင်တော့ ထင်တာပဲ"

မျက်နှာကို အောက်သို့ အနည်းငယ်စိုက်လိုက်သည်။ အိမ်နောက်ဘက်မှ လျှပ်စစ်မီးရောင်သည် မှုန်ပျပျ ဝင်လျက်ရှိ၏။ နော်ဇာလွင် မဖြေ။

"ကမ္ဘာပေါ်မှာ မောင်ကံအကောင်းဆုံးပဲနော် လွင်"

စကားလုံးကွဲရှုံးသာ တိုးတိုးမေး၏။

"ဘာဖြစ်လို့လဲ မောင်"

"ချစ်က လှတယ်လေ။ ပါးလေးရော လည်တိုင်ရော ခါးရော"

"အို မောင်ကလည်း"

"အဟုတ်ပြောတာ။ လှလို့ လှတယ်ပြောတာကိုပဲ"

ဝင်းအောင့် ဒူးကို တစ်ချက်ထုသည်။ ခေါင်းကို ဆတ်ဆတ်ခါလေသည်။

"မောင် ဒန်အိုးတွေရပလား"

"ပွဲဈေးတန်းကို သွားပြီး နဖူးမှာ ဒီနေ့ နေ့စွဲနဲ့ ဆေးမင်ထိုးရဦးမယ်"

"အကောင်းပြောစမ်းပါ။ စုထားတဲ့ ပစ္စည်းစာရင်းထဲမှာ အိုးတို့ဘာတို့ မတွေ့လို့"

"နဖူးမှာ မင်အနီနဲ့ အချစ်ရဲ့ ပထမနေ့လို့"

"နဖူးမှာ မထိုးရဘူး။ ရေချိုးရင်တောင် နဖူးကို မျက်နှာသုတ်ပဝါစည်းပြီး ချိုးဆိုတာ မေ့သွားလား"

နော်ဇာလွင်က စကားလွှဲမရ၍ ရွတ်နောက်နောက် ဝင်ပြောလေသည်။ သူရယ်နေ၏။ မရွာဖြစ်သော မိုးညတွင် လေငြိမ်နေသည်။ ရင်ထဲမှ လေပြည်ကိုမူ သိနေ၏။ ဘဝတစ်ခုလုံးတွင် အစဉ်အမှတ်ရနေမည်ဖြစ်သော ညပေတကား။

❑

mgyoe.com

mgyoe.com

ငါချစ်သောနမ
သင်သည် အဆင်းလှပေ၏။
အလွန်လှပေ၏။
ချိုးမျက်စိနှင့် ပြည့်စုံ၏။

ရှောလမုန်သီချင်း၊ ၁း၁၅။

၉

"မတွေ့ရတာ ကြာလှပြီပဲ အစ်မလွင်ရယ်"

ပိုပိုက ဝမ်းသာအားရ နှုတ်ဆက်ပြီး နော်ဇာလွင့်လက်ကို ဆုပ်ထား၏။ နှစ်ယောက်ထိုင်ကုလားထိုင်တွင် ထိုင်တော့မှ ပိုပိုက ဆုပ်ထားသော သူ့လက်ကို ဖြေ၏။

"ဒီအိမ်မရောက်တာ ၁၀ လလောက်ရှိပြီနော်" ,

အမေက စစချင်း ပြော၏။ နော်ဇာလွင့်ပါးနှစ်ဖက်က ရဲသွား၏။

"သမီးပေးလိုက်တဲ့စာကို မေမေတို့ရတယ် မဟုတ်လား ဟင်"

အဖေက "ရပါတယ်။ ဖေဖေတို့ ရေးလိုက်တဲ့စာကိုကော ဝင်းအောင်ပေးတယ် မဟုတ်လား" ဟု ပြောရင်း မေး၏။

သူ ခေါင်းညိတ်ပြသည်။

"လာရတာ မလွယ်လို့ပါ။ ဖေဖေတို့ သိပါတယ်။ ခုတောင် သီတင်းကျွတ်မီးပွဲ လျှောက်ကြည့်ဖို့ ဒေါ်လေးတို့နဲ့အတူ ထွက်လာလို့။ ဒေါ်လေးနဲ့ သမီး သူငယ်ချင်းတွေက လမ်းထိပ်က အအေးဆိုင်မှာ ထိုင်ပြီး ကျန်နေရစ်တယ်။ ခဏလို့ ပြောပြီး ရောက်တယ်ဆိုရုံလာရတာ"

အမေက ပြုံး၍ ကြည့်နေ၏။ နော်ဇာလွင်က ပိုပို့ဘက်သို့ လှည့်ကြည့်ကာ

mgyoe.com

mgyoe.com


"တက္ကသိုလ်ကျောင်းသူကြီးပေါ့ ဟုတ်လား။ ဘယ်ဘာသာအဓိကလဲ"

"ဥပဒေရတယ် အစ်မလွင်"

ပိုပို့အဖြေအဆုံးတွင် အဖေက

"အချိန်သိပ်မရဘူးဆိုလို့ အတိုချုံးပြီး ပြောရမှာပဲ။ သမီးနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာ။ ဖေဖေတို့ ဘာလုပ်ပေးရမလဲ။ သမီးပြောလေ"

သူက ပြုံး၍ ကြည့်သည်။ ဝင်းအောင့်ထံသို့ မျက်လုံးတစ်ချက် ရွေ့သည်။

"သိပ်စိတ်မပူပါနဲ့ ဖေဖေရယ်။ တစ်ချိန်ကျရင် ဖေဖေတို့သမီး ဖြစ်လာရမှာပါ"

အပြန်အလှန်ရေးသောစာတွေကို ဝင်းအောင် သတိသွားရသည်။ နော်ဇာလွင်က အမေတို့ကို ရေးသောစာထဲတွင် သူ့ကို အထင်မမှားရန်၊ သူသည် သစ္စာရှိသော မိန်းကလေး၊ အဆင်မပြေသောအခိုက်အတန့်တွင် အဝင်အထွက် မရှိသည်ကို နားလည်ပါရန်၊ အခြေအနေသင့်သောနေ့တွင် ဝင်းအောင်ကို သူ လက်ထပ်မည်၊ သူ့အပေါ်ထားရှိသော အမေတို့မိသားစု၏ သံယောဇဉ်ကို အလွဲသုံးစား ပြုမည်မဟုတ်ပါ စသည်ဖြင့် ရေးထားသည်။ သူရေးသော စာလေးစောင်စလုံးမှာ ကတိစကားများ ဖြစ်လေသည်။ အမေက စာတစ်စောင်၊ အဖေက စာလေးစောင် ပြန်လည်ရေးခဲ့သည်။ ထိုစာတွေကို ဝင်းအောင် သွားပို့ပေးခဲ့သည်။ အမေတို့က ရေးပြီးနောက် သူ့အား ပေးဖတ်သည်။ ထိုစာတွေ၏အချုပ်မှာ နော်ဇာလွင်သည် သူတို့၏သမီး၊ သားသည် အပြင်လူ။ သားနှင့် ထပ်တူချစ်သည်။ သို့သော် သားထက်ပို၍ ဦးစားပေးသည်။ သမီး စိတ်ချမ်းသာမယ် ထင်သလိုပြုမူပါ။ အဖေတို့ နားလည်အောင် ကြိုးစားပါ့မယ်။ အဖေတို့ သဘောထားကတော့ ရှင်းပါတယ်။ သမီးဘက်မှာ ရပ်ပါတယ် အစရှိသည်တို့ ရေးထား၏။

အချိန် မရ၍ ၁၀ မိနစ်ပြည့်အောင် မထိုင်။ ပြန်မည် ပြင်၏။ ပြန်ခါနီးတွင် အဖေနှင့် အမေကို ကန်တော့သည်။ အမေက မုန့်ဖိုးဟုဆိုကာ ငွေငါးဆယ် ထုတ်ပေး၏။ ငြင်းသည့်ကြားက ရအောင်ပေးသည်။

လမ်းထိပ်သို့ အရောက်တွင် မနက်ဖြန်ညနေ ရုံးအဆင်း လာစောင့်ပါဟု မှာ၏။

✧ ✧ ✧

စကား အလျဉ်မပြတ်အောင် နားစွင့်ထားရသည်။ အလုပ်ကို မလုပ်နဲ့တော့တဲ့ ဟူသောနေရာသို့ အရောက်တွင် ဝင်းအောင့်နှုတ်ခမ်းက ခပ်တွန့်တွန့် ဖြစ်သွား၏။ ဒီဇင်ဘာ ၁ ရက်နေ့က စပြီး ထွက်စာတင်လိုက်တဲ့ ဟူသောအသံကို ကြားရသည့်အခါ

mgyoe.com